
ပုဏ္ဏကကျွန်းမှ မရဏကျောက်ရေဒိုင်
www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

တမူခွင့်ပြုချက် - ၅၀၀၇၄၈၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၇၇၃၀၇၁၁

အကြိမ် - ပထမအကြိမ်၊

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

ထုတ်ဝေသူ - ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)

ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်

အမှတ်(၈၈)၊ ၅၁ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၁.၈၃

တြိစတ္တာ

ပုဏ္ဏကကျွန်းမှ မရဏာကျောက်ရေအိုင်/ တြိစတ္တာ၊ ရန်ကုန်။

ရွှေသမင်စာပေ၊ ၂၀၁၁။

၃၃၂ - စာ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) ပုဏ္ဏကကျွန်းမှ မရဏာကျောက်ရေအိုင်


BURMESE CLASSIC .com

## ဇေယျနလက်ဆောင်

* ကံမရှိ၍ ဆင်းရဲနေလျှင် သော်လည်းကောင်း
ဉာဏ်မရှိသဖြင့် ဆင်းရဲနေလျှင်သော်လည်းကောင်း
အကြောင်းမဟုတ်ပေ၊
ကံအလှည့်အပြောင်းကောင်းလာလျှင်
ချမ်းသာလာနိုင်သောအခွင့်အရေးရှိပေသေးသည်၊
ဝီရိယ မရှိလျှင်တော့ မျှော်လင့်ချက်မရှိနိုင်တော့ပေ။

* ရွှေကို ရွှေနှင့်ချိန်၍မရပေ၊
ရွေးစေ့ဖြင့်ချိန်မှရသည်၊
ရွေးစေ့ဖြင့် အချိန်အတွယ်ခံရသောကြောင့်
ရွှေ၏တန်ဖိုးလျော့ပါးသွားမည်မဟုတ်ပေ။

* မိဘကို ပစ်ပယ်ထားသောအခါ
ဆင်ခြေအမျိုးမျိုးပေးလေ့ရှိကြသည်၊
မိမိကိုယ်တိုင် အပစ်ပယ်ခံဘဝရောက်သောအခါ
ထိုကဲ့သို့ ဆင်ခြေပေးလာမည့်သူများကို
အပြစ်မမြင်ပါနှင့်တော့ ..။

www.burmeseclassic.com

www.burmeseclassic.com

* ဘဝတွင် ကိုယ်ပိုင်အလင်းရောင်များရှိကြသည်၊
သို့သော် ဒီအတိုင်းတော့မမြင်နိုင်ပေ၊
အသိပညာဆိုသော ဒုတိအလင်းရောင်ဖြင့်ကြည့်မှ
မြင်နိုင်စွမ်းရှိပေသည်။

* အခြားသူများတိုးတက်သွားမှုကို
မျက်ခြည်မပြတ်ကြည့်နေပါ
ပြီးလျှင် သူတို့နှင့်ပြိုင်ဖို့မလိုပါ၊
မိမိကိုယ်နှင့်စွမ်းရည်ကို
အကောင်းဆုံးဖြစ်လာအောင်ကြိုးစားပေးပါ။

* ချစ်သူချင်း နားလည်မှုရှိနေလျှင်
ပျော်ရွှင်မှုများက မခေါ်ဘဲရောက်လာတတ်သည်၊
နားလည်မှုအစား သံသယများဝင်လာသောအခါ
မနှင်ဘဲနှင့်အဝေးသို့ထွက်ပြေးသွားတတ်သည်။

* ရန်သူကဲ့သို့ဆက်ဆံပြီးစီးပွားရှာခြင်းထက်
မိတ်ဆွေကဲ့သို့ဆက်ဆံပြီး
စီးပွားရှာခြင်းက နှစ်ဦးနှစ်ဖက်အတွက်
များစွာအကျိုးကျေးဇူးများနိုင်ပါသည်။

* ရေသည် ကြည်လင်လှပမှုဖြင့် တင့်တယ်သည်
ရေအောက်မှာရှိသောရွှံ့နွံသည်
လှပတင့်တယ်မှုမရှိကြပေ..၊
သို့သော် ရေကြည်ဖို့အတွက် လှပစေရန်အတွက်
ရွှံ့ရေများကို အားလုံးတို့ အောက်ခြေမှာရှိသည့်
နွံမျက်နှာပြင်က သိမ်းပေးထားရသည်။

* အချစ်ကို စည်းကမ်းဖြင့်ဘောင်ခတ်ထားပါက
လွတ်လပ်မှုမရှိသောအချစ်ဟုဆင်တတ်ကြသည်
လွတ်လပ်မှုမရှိခြင်းများကပင်
ဘဝတစ်လျှောက်လုံးအတွက်
စိတ်ချမ်းသာမှုများကို ရရှိစေနိုင်သည်။

* ချစ်သူနှစ်ယောက်ကြားမှာ
သေးငယ်သောပြဿနာ
သို့မဟုတ် မကျေနပ်မှုတစ်ခုခုရှိနေပါက
ဘယ်တော့မှလျှို့ဝှက်စွာသိမ်းဆည်းမထားပါနှင့်
ရောဂါထက် ပို၍ကြောက်စရာကောင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

* စာသင်ခန်းအတွင်းမှာ တွေ့ကြုံရမည့် အခက်အခဲများကိုကျော်လွှားနိုင်ခြင်းသည် ဘဝခရီးလမ်းတွင်တွေ့ကြုံရမည့်အခက်အခဲများကို ကျော်ဖြတ်နိုင်ဖို့ အလေ့အကျင့်ကောင်းများပင် ဖြစ်ပါသည်။

* စာသင်ရမည့်အချိန်တွင် အပျော်အပါးကိုသာ စိတ်ဝင်စားနေပါက တကယ်ပျော်ရွှင်ရမည့်အချိန်ရောက်သောအခါ အခြားသူများပျော်ရွှင်သလို မပျော်နိုင်သောအခြေအနေမျိုးနှင့် ကြုံတွေ့ရတတ်သည်။

BURMESE CLASSIC .com



## ဤစာအုပ်၌ ပါဝင်သောအခန်းများ


အခန်း (၁) ပင်လယ်ဓားပြတစ်ဦး၏မှတ်တမ်းများ

အခန်း (၂) ထူးဆန်းသောရုပ်တုများ

အခန်း (၃) တောနက်အတွင်းမှနတ်ဘုရားကျောင်းတော်

အခန်း (၄) အီစတာကျွန်းမှ ဂမ္ဘီရဆန်သောရုပ်တုများ

အခန်း (၅) စောင့်ကြည့်နေသည့်မျက်လုံးများ

အခန်း (၆) ကျောက်ရုပ်ဖြစ်သွားသောလူ

အခန်း (၇) လောဘကြီးသူနှင့် ကြမ္မာဆိုး

အခန်း (၈) ပက်ထရစ်နှင့် ၎င်း၏အကြံအစည်များ

အခန်း (၉) အီစတာကျွန်းနှင့်လျှို့ဝှက်ချက်များ

အခန်း (၁၀) အကျဉ်းသားဘဝရောက်ကြရခြင်း

အခန်း (၁၁) မာရီယာနှင့်ပြန်တွေ့ရခြင်း

အခန်း (၁၂) ဒေါက်တာမင်းထင်ကျော်နှင့်သေမင်းခံတွင်း

အခန်း (၁၃) အန္တရာယ်ဆိုးများနှင့် ရင်ဆိုင်ကြရခြင်း

အခန်း (၁၄) ပင်လယ်ပြင်မှအလှဆုံးအပြုံးရိပ်များ


မြွေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁)

## ပင်လယ်ဓားပြတစ်ဦး၏မှတ်တမ်းများ

BURMESE CLASSIC .com

အချိန်မှာ ၁၉၅၀ ခုနှစ် ဒီဇင်ဘာလပင်ဖြစ်ပေသည်။ ဆောင်းအကူးရာသီဖြစ်သောကြောင့် ပင်လယ်ရေပြင်ပေါ်တွင် သာယာလှပလျက်ရှိနေသည်။

မိုးတွင်းကာလတစ်လျှောက်လုံး လေဒဏ်မိုးဒဏ်ခံခဲ့ရသော ပင်လယ်ရေမျက်နှာပြင်မှာ ယခုတော့ ငြိမ်သက်နေချေပြီ။ မုန်တိုင်းများ၊ လေကြမ်းများ တိုက်ခတ်မှုကြောင့် လှိုင်းလုံးကြီးများ ထကြွခဲ့သော ပင်လယ်ရေမျက်နှာပြင်မှာ မောပန်းသွားဟန်ဖြင့် ယခုတော့ ငြိမ်ငြိမ်သက်သက်နှင့်ပင် အနားယူနေဟန်ရှိသည်။

ဆောင်းကာလတွင် တိုက်ခတ်လေ့ရှိသော မြောက်ပြန်လေ





နှင့် အရှေ့မြောက်လေတို့ကြောင့် ပင်လယ်ရေပြင်ပေါ်မှာ လှိုင်းအိကလေးများသာ ပုံမှန်ရှိလေသည်။

အနောက်ဘက်မိုးကောင်းကင်တွင် အနီရောင်တိမ်ဋွမ်းဆိုင်များက နေရာယူထားကြသည်။

နေဝင်ခါနီးအချိန်ဖြစ်သောကြောင့် ရွှေအိုရောင်နှင့် အနီရောင်တိမ်ဋွမ်းဆိုင်များပမာ အရောင်ပြောင်းလဲနေကြလေသည်။

ထိုတိမ်များနောက်မှာ ငွေရောင်လက်နေသည့်တိမ်ပန်းချီအနားကွပ်များရှိနေကြသည်။

တိမ်တိုက်များအနောက်ဘက်မှ ဖြာထွက်လာသော ဆည်းဆာရောင်များက ပင်လယ်ရေပြင်ပေါ်သို့ ဖြာကျနေလေသည်။ အနောက်ဘက်သို့ဝင်လုဆဲဆဲနေမင်း၏အလင်းရောင်မှာ တိမ်တောင်တိမ်လိပ်များပေါ်မှာ ငွေရောင် ရွှေရောင်များဖြင့် ပက်ဖျန်းထားသကဲ့သို့ရှိပေသည်။

ပင်လယ်ရေပြင်ပေါ်မှာ ရာသီဥတုကောင်းမွန်နေသောအချိန်ဖြစ်သဖြင့် ငါးဖမ်းထွက်လာသော လှေနှင့် ငါးဖမ်းစက်လှေအချို့ရှိနေကြသည်။

အများအားဖြင့်တော့ ထိုအနီးပတ်ဝန်းကျင်ကျွန်းစုများမှာ နေကြသော ငါးဖမ်းသမားများဖြစ်ကြပြီး ...

ယခုကဲ့သို့ နေဝင်ခါနီးအချိန်တွင် ပင်လယ်ပြင်၌ ငါးဖမ်းရှအရများလေရာ ထိုအနီးတစ်ဝိုက်မှငါးဖမ်းလှေများ ပင်လယ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်လာကြခြင်းဖြစ်သည်။

အများအားဖြင့်တော့ ထိုကျွန်းစုများမှာ ပသျှူးများနှင့် ကပ္ပလီများသာ နေကြလေသည်။

မြန်မာနိုင်ငံ ရေပိုင်နက်အတွင်းမှာ ငါးဖမ်းကြမည်ဆိုလျှင် သက်ဆိုင်ရာအစိုးရထံမှာ ငါးဖမ်းခွင့်မှတ်ပုံတင်ပြီးမှ ဖမ်းဆီးခွင့် ရကြသည်။

ထိုသို့ ငါးဖမ်းခွင့်တင်ရာမှာလည်း အမျိုးအစားကွဲပြားမှုများ ရှိကြသည်။

ကမ်းခြေမှတစ်ဆင့် ငါးမိုင်ခန့်အကွာအဝေးတွင် ငါးဖမ်းခွင့် ပြုထားသော ကမ်းနီးငါးဖမ်းလှေများနှင့် ထိုထက်ပိုမိုဝေးကွာသောနေရာများတွင် ငါးဖမ်းထွက်ကြသည့်ကမ်းဝေးငါးဖမ်းလှေများပင်ဖြစ်သည်။

ကမ်းဝေးငါးဖမ်းလုပ်ငန်းများကိုတော့ စက်လှေများ၊ ကတ္တူလှေများနှင့် သင်္ဘောများကို အသုံးပြုကာ ငါးဖမ်းထွက်ကြခြင်း ဖြစ်သည်။

ဖမ်းမိသော ငါးပုစွန်များကို သက်ဆိုင်ရာ ငါးပုစွန်ဒိုင်များတွင် ရောင်းချကြလေသည်။

မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်းများအနက် ရခိုင်ကမ်းရိုးတန်းများနှင့် တနင်္သာရီကမ်းရိုးတန်းဒေသများမှာ အရှည်လျားဆုံး ဖြစ်ကြလေသည်။





မြိတ်၊ ထားဝယ်၊ ကော့သောင်းတစ်ဝိုက်မှာပင် တရားဝင်စာရင်းပေးသွင်းထားသောငါးဖမ်းလှေများမှာ ယခင်အချိန်ကပင် သောင်းဂဏန်းကျော် အရေအတွက်ရှိခဲ့ကြသည်။

ထိုအထဲတွင် အစိုးရထံတွင် မှတ်ပုံမတင်ဘဲ အလွတ်ငါးဖမ်းထွက်သော စက်လှေများကလည်း အတော်များများရှိကြလေသည်။

ကမ်းနီးငါးဖမ်းလှေများကတော့ ကင်းမွန် စသော ငါးများ အစိကထားဖမ်းကြပြီး ဝါလတ်၊ ဝါတန်း စသော သင်္ဘောကြီးများဖြင့် ငါးဖမ်းကြသည်။

ရေနက်ပိုင်းများတွင် ကမာကောင်များငုပ်သောအလုပ်များ လုပ်ကြလေသည်။

နောက်ပိုင်း တဖြည်းဖြည်းနှင့် ခေတ်မီလာသောအခါ မိုင်းခွဲပြီး ငါးရှာကြသည့်အဆင့်ရောက်လာကြသည်။

မိုင်းခွဲပြီး ငါးရှာရာမှာ အရများသောကြောင့် ၄င်းတို့က များ စွာသဘောကျကြလေသည်။

မိုင်းမခွဲမီ ရေထဲသို့ အရင်ဆင်းပြီး ငါးအုပ်များကို လိုက်လံကြည့်ရှုလေသည်။

ငါးအုပ်များတွေ့သောအခါ ငါးအုပ်သေးလျှင် ပုလင်းထဲသို့ မိုင်းထည့်ပြီးခွဲသည်။

ငါးအုပ်ကြီးလျှင်တော့ အိုးထဲသို့ မိုင်းထည့်ပြီးခွဲလေသည်။ မိုင်းခွဲပြီး၍ ငါးအသေများရေအောက်သို့ကျသွားသောအခါမှ ရေ



www.burmeseclassic.com

www.burmeseclassic.com



ငုပ်ပြီး လိုက်လံကောက်ယူလေသည်။

ယိုးဒယားနယ်ဘက်မှ ငါးဖမ်းထွက်ကြသူများကတော့ ၄င်းတို့အသုံးပြုသောလှေများ၏ ဆေးတစ်ဖက်တစ်ချက်တွင် ဆေးရောင်တောက်တောက်နှင့် ကြောင်ကြောင်ကျားကျားရေးခြယ်ထားခြင်း၊

ကြောက်စရာကောင်းသောပုံသဏ္ဍာန်များကိုရေးခြယ်ပြီး ငါးဖမ်းထွက်ကြလေသည်။

ထိုကဲ့သို့ရေးခြယ်ပြီး ပင်လယ်ရေပြင်နေရာအနှံ့ လှော်ခတ်ကြလေရာ လှေမှာ ရေးထားသောအရောင်များ၊ အရုပ်များ ကြောင်ကြောင်ကျားကျားများမြင်၍ ငါးများက လန့်ခုန်ကြသောအခါ လှေဝမ်းထဲသို့ကျလေသည်။

၄င်းတို့နည်းကလည်း ငါးဖမ်းကိရိယာမလိုဘဲ ငါးအရများသောနည်းမျိုးဖြစ်သည်။

တနင်္သာရီကမ်းရိုးတန်းတစ်လျှောက် ကော့သောင်ပင်လယ်ပြင်နေရာအနှံ့တွင် ညအချိန်တွင် ကင်းမွန်ဖမ်းလှေများထွက်ကြလေသည်။

တစ်ကြိမ်ထွက်လျှင် အစုလိုက်ထွက်ကြသောကြောင့် အဝေးမှကြည့်လျှင် ပင်လယ်ရေပြင်ပေါ်မှာ အမည်းစက်ကလေးများချထားသည့်နှင့် သဏ္ဍာန်တူသည်။

ညအချိန်ရောက်၍ မီးထွန်းလိုက်သောအခါ ပင်လယ်ပြင်မှာ





မီးမျှောပွဲများကျင်းပနေသည်နှင့် တူလေတော့သည်။

လမိုက်ညများတွင် မီးထွန်းပြီး ကင်းမွန်ဖမ်းလျှင် ပို၍အရများလေသည်။

မကြာမီ နေဝင်တော့ပေမည်။

ဆည်းဆာရောင်ဟု တင်စားခေါ်ဝေါ်ကြသည့် နေဝင်ချိန်တောက်ပသော တိမ်ရောင်များက ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် နေရာအနှံ့အပြားစွန်းထင်နေကြသည်။

ထိုဆည်းဆာရောင်များအောက်တွင် ဟိုးအဝေးတစ်နေရာတွင် အော်စတာကျွန်းရှိနေသည်။

အော်စတာကျွန်းမှာ ကပ္ပလီကျွန်းစုများ၏ အနောက်ဘက်ယွန်းယွန်း မဝေးလှသောနေရာမှာရှိလေသည်။

သို့သော်လည်း ပသျှူး၊ ဆလုံနှင့် ကပ္ပလီများကတော့ ထိုကျွန်းသို့သွားရောက်ကြခြင်းမရှိသလို အခြေတကျနေထိုင်ကြခြင်းလည်းမရှိပေ။

ဆည်းဆာရောင်များဖြင့် လှပနေသော ပင်လယ်ရေပြင်ပေါ်တွင် သင်္ဘောတစ်စင်းမောင်းလာနေသည်။

ငါးဖမ်းစက်လှေ သို့မဟုတ် ငါးဖမ်းထွက်လာသည့် သင်္ဘောမျိုးတော့မဟုတ်ပေ။

သင်္ဘောမှာ ခေတ်မီကိရိယာပစ္စည်းများတပ်ဆင်ထားသော 'ပင်လယ်မင်းသား' ဟုအမည်ပေးထားသည့်သင်္ဘောပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းကောင်ရေအားကောင်းလှသောအင်ဂျင်စက်များကို တပ်ဆင်ထားပြီး သင်္ဘောပေါ်မှာ ရေပေါ်ရေအောက်မှာ အသုံးပြုနိုင်သော ပစ္စည်းကိရိယာများပါရှိလေသည်။

ထိုသင်္ဘောကို ပိုင်ဆိုင်သူမှာ ဒေါက်တာမင်းထင်ကျော် ပင်ဖြစ်သည်။

ဒေါက်တာမင်းထင်ကျော်မှာ အသက် ၃၀ ကျော်အရွယ်ခန့်သာရှိသေးသော သုတေသနသမားတစ်ယောက်ဖြစ်သည်။

သူသည် ပင်လယ်ခရီးသွားလာရေးလုပ်ငန်းများနှင့် လူသူမနီးသောနေရာမှာရှိသောကျွန်းများ၊ နေရာများကို ရှာဖွေလေ့လာရခြင်းကို များစွာဝါသနာပါလှပေသည်။

ယခုထွက်လာသောခရီးမှာ အခြားမဟုတ်ပေ ...၊

ကပ္ပလီပင်လယ်ပြင်အတွင်းမှာရှိသော ကပ္ပလီကျွန်းစုများ၏ အနောက်တောင်ဘက်ယွန်းယွန်းတွင်ရှိသော အော်စတာကျွန်းသို့ သွားရောက်လေ့လာရန် အတွက် ခရီးထွက်ခဲ့ခြင်းဖြစ်ပေသည်။

ထိုခရီးကို ထွက်ခဲ့ရခြင်းမှာ အကြောင်းမဲ့တော့မဟုတ်ပေ။

တစ်နေ့သ၌ ဒေါက်တာမင်းထင်ကျော် နေထိုင်ရာ ရွှေတောင်ကြားရပ်ကွက်ရှိ နေအိမ်ရှေ့သို့ လန်ချားတစ်စီးရောက်လာသည်။

လန်ချားရပ်ပြီး မရှေးမနှောင်းမှာပင် လန်ချားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။

၎င်းမှာ အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိပြီး အသားမည်း





မည်းနှင့် အရုပ်အမောင်းမြင့်မားသူတစ်ဦးဖြစ်သည်။

ထို့ပြင် ကိုယ်လုံးကိုယ်ထည်မှာလည်း ကြံ့ခိုင်လှပြီး မျက်နှာပေါ်မှာ ဓားဒဏ်ရာကဲ့သို့ အမာရွတ်ကြီးတစ်ခုလည်းပါသည်။ ၎င်းက ခြံဝသို့ရောက်သောအခါ ခြံစောင့်အား အကျိုးအကြောင်းပြောပြပြီး ဒေါက်တာမင်းထင်ကျော်နှင့်တွေ့ရန်လာသောကြောင့် ဧည့်ခန်းသို့ဖိတ်ခေါ်ပြီး အကျိုးအကြောင်းမေးရလေသည်။

"ဘာကိစ္စရှိလို့ပါလဲခင်ဗျာ"

"ကျုပ်နာမည် သံပချိုင် လို့ခေါ်ပါတယ်၊ ဟို ဒေါက်တာမင်းထင်ကျော် နဲ့ တွေ့ဖို့လာခဲ့တာပါ"

"ထိုင်ပါခင်ဗျာ၊ ကျွန်တော်က ဒေါက်တာမင်းထင်ကျော်ပါပဲ"

"သြော် .. ဆိုက်ဆိုက်မြိုက်မြိုက်ပဲတွေ့ရတာပါလား"

သံပချိုင် ဆိုသောသူက ထိုင်ခုံမှာ ဝင်ထိုင်ရင်း နဖူးမှာစို့နေသောချွေးများကို လက်ဖြင့်သပ်ချလိုက်သည်။

"ဒါထက် ခင်ဗျားက ပင်လယ်ခရီးသွားလာနေတဲ့ လူတစ်ယောက်ပါလား"

"အလို .. ဘယ်လိုများသိနေတာပါလဲ"

"ခင်ဗျားရဲ့အသားအရေက ပင်လယ်ရေနဲ့ ပင်လယ်လေထိ ထားတဲ့ အသားအရေမျိုးဆိုတာ မြင်ရုံနဲ့ သိသာပါတယ်"

"မှန်ပါတယ် ဒေါက်တာ၊ ကျုပ်က တစ်သက်လုံး ပင်လယ်



www.burmeseclassic.com

www.burmeseclassic.com



ပြင်မှာနေခဲ့တဲ့လူတစ်ယောက်ပါပဲ''

''ကျွန်တော့်ဆီရောက်လာတာ ဘယ်လိုအကြောင်းရှိလို့ပါလဲ''

''အကူအညီတောင်းချင်လို့ လာခဲ့တာပါပဲ''

''ဟုတ်ကဲ့ ပြောပါ၊ အကူအညီပေးနိုင်တဲ့ကိစ္စမျိုးဆိုရင် ပေးပါ့မယ်''

ထိုအခါ သံပချိုင် က ၎င်း ဝတ်ဆင်ထားသောအင်္ကျီအေား အိတ်အတွင်းမှ ဆေးပြင်းလိပ်တစ်လိပ်ထုတ်ယူ၍ မီးညှိကာ တစ်ဖွာနှစ်ဖွာ ဖွာလိုက်သည်။

''ဒေါက်တာ့ဆီမှာ အကူအညီမတောင်းခင် ကျုပ်တို့ကြုံခဲ့ရတဲ့အဖြစ်အပျက်ကို အရင်ပြောပြမှ ဖြစ်မယ်ထင်တယ်''

''ပြောပါ''

သံပချိုင် က ဆေးပြင်းလိပ်ကိုဖွာရင်း ၎င်း၏အကြောင်းများကို ပြောပြလေသည်။

၁၉၅၀ ပြည့်နှင့်မတိုင်မီ ရှေ့ပိုင်းကာလ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီအချိန်များတွင် မြန်မာနိုင်ငံကို သိမ်းပိုက်ထားသော အင်္ဂလိပ်များကလည်း အုပ်ချုပ်ရေးပိုင်းကို အာရုံမစိုက်နိုင်သောကြောင့် တိုင်းပြည်နေရာအနှံ့အပြား ဖရိုဖရဲဖြစ်နေသောကာလ ဖြစ်သည်။

တောမီးလောင် တောကြောင် လက်ပန်းပေါင်းခတ် ဆိုသကဲ့သို့ နေရာအနှံ့အပြားတွင် ဆူပူသောင်းကျန်းမှုများနှင့် ဆိုးခိုးတိုက်





ခိုက်မှုများမှာ မိုးအခါ မှိုပွင့်များပေါ်လာသကဲ့သို့ နေရာအနှံ့အပြားတွင် ပေါ်ပေါက်လျက်ရှိပေသည်။

ထိုအချိန်တွင် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် နေရာများတွင် ပင်လယ်ဓားပြများ ထကြွသောင်းကျန်းလျက်ရှိခဲ့ကြလေသည်။

မောရစ်ကောလစ် ရေးသားသော ယိုးဒယားမှိုက်စာအုပ်ထဲတွင် ၁၈ ရာစုပိုင်းအချိန်လောက်ကပင် မြိတ်၊ ထားဝယ်၊ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ဓားပြများ ရှိနေခဲ့ကြောင်း ဖော်ပြထားလေသည်။

၎င်းမှတ်တမ်းထဲတွင် မြိတ်မှ မိုင် ၈၀ ခန့်အကွာတွင် တနင်္သာရီကျွန်း ဟူ၍ရှိရာ ၎င်းကျွန်း၏အနောက်ဘက်တွင် ပေ ၈၀၀ အထိမြင့်တက်လျက်ရှိသော ကျောက်ဆောင်များရှိ၍ သစ်တောများမှာလည်း ရေစပ်အထိရှိလေသည်။

သစ်တောများမှာ သစ်ကြီးဝါးကြီးတို့ဖြင့် စိမ်းလန်းစိုပြည်သည့်တောမျိုးမဟုတ်ဘဲ ချုံနွယ်ပိတ်ပေါင်းများဖုံးနေသောတော ဖြစ်ပေရာ သာယာလှပသော ကျွန်းတစ်ကျွန်းတော့ မဟုတ်ပေ။

ထိုကျွန်း၏အနောက်မြောက်ယွန်းယွန်းတွင် ပင်လယ်ကွေ့ကျဉ်းကလေးတစ်ခုရှိ၍ ကျွန်းအတွင်းသို့ထိုးဝင်နေကာ လေဒဏ်မိုးဒဏ်အကာအကွယ်သဖွယ်ဖြစ်နေတော့သည်။ ကွေ့အထက်အနီးတွင် မြေဖြူကမ်းပါးရှိ၍ ရေမှာ ကြည်လင်ပြီး ၅ လံခန့်နက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနံဘေးတွင် တောင်ကျစမ်းလေးတစ်ခုရှိသည်။ တောဝက်များနှင့်မျောက်များရှိပြီး လူမနေသည့်တောဖြစ်သော်လည်း မြေဩဇာကောင်းသဖြင့် ဆန်စပါးနှင့် အသီးအနှံများဖြစ်ထွန်းနိုင်ပေသည်။

ထိုကျွန်းကလေးမှာ လူသူနေထိုင်မှုလည်းမရှိ၊ သောက်သုံးရေလည်းရရှိသဖြင့်အပြင် လေဒဏ်မိုးဒဏ် အကာအကွယ်ရသည့်နေရာဖြစ်သောကြောင့် ပင်လယ်ဓားပြလှေများ စခန်းချရန် နေရာကောင်းဖြစ်နေတော့သည်။

ထိုအချိန်က ပင်လယ်ပြင်နေရာတိုင်းတွင် ပင်လယ်ဓားပြများရှိကြရာ ဘင်္ဂလားအော်မှာ အလွန်ကျယ်သော ပင်လယ်အော်ကြီးဖြစ်သောကြောင့် ထိုပင်လယ်အော်၌ ကျက်စားကြသောပင်လယ်ဓားပြများမှာ ကုန်သည်သင်္ဘောများသွားရာလမ်းတွင် စုနေတတ်ရာ တနင်္သာရီကျွန်းမှာ မြိတ်သို့သွားရာ ဗဟိုချက်မတွင်ရှိသဖြင့် ထိုပင်လယ်ကျွန်းကလေးမှာ ပင်လယ်ဓားပြများ အကြိုက်ပင်ဖြစ်ပေတော့သည် ....

ဟု ဖော်ပြထားလေသည်။

ပင်လယ်ဓားပြများမှာ ၁၈ ရာစုမတိုင်ခင်ကတည်းက ပေါ်ပေါက်ခဲ့ကြသော်လည်း ၁၈ ရာစုဝန်းကျင်တစ်ဝိုက်တွင် ပိုမိုများပြားလာသည်။ ယခုနောက်ပိုင်း ပိုမိုများပြားလာလေသည်။

လွန်ခဲ့သောနှစ်ကဖော်ပြထားသော နိုင်ငံတကာ သတင်းတစ်





ပုဒ်မှာ အောက်ပါအတိုင်းတွေ့ရလေသည်။

ထိုသတင်း၏အမည်မှာ ''စိန်ခေါ်လာသည့် ပင်လယ်ဓားပြများ၏ ခြိမ်းခြောက်မှုအန္တရာယ်'' ပင်ဖြစ်သည်။

ဆိုမာလီ ပင်လယ်ဓားပြခေါင်းဦးကို နယ်သာလန်နိုင်ငံ ရော့တာဒမ်ခရိုင် တရားရုံးက စစ်ဆေးတော့မည်ဖြစ်ရာ ယင်းမှာ ဆိုမာလီ ပင်လယ်ဓားပြများကို ဥရောပတိုက်တွင် ပထမဆုံး တရားစီရင် ခြင်းဖြစ်သည်။

အေဒင်ပင်လယ်ကွေ့မှ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလအတွင်းက ဒိန်းမတ်အစောင့်လိုက်သင်္ဘောက ၄င်းတို့ခေါင်းဦးကိုဖမ်းဆီးလိုက်ခြင်းဖြစ်ပြီး ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် ၁၂ နှစ်အထိ ကျခံရဖွယ်ရှိသည်။

၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် ပင်လယ်ဓားပြမှု ၄၀၀ ခန့်ရှိသည့်အနက် အေဒင်ပင်လယ်ကွေ့တွင် အမှုပေါင်း ၂၀၀ ကျော် ကျူးလွန်ခဲ့သည်။

မကြာမီနှစ်များအတွင်းက အေဒင်ပင်လယ်ကွေ့မှ ပင်လယ်ဓားပြမှုဖြင့် မသင်္ကာသူများအား ဖမ်းမိသော်လည်း အထောက်အထားမလုံလောက်သဖြင့် လွှတ်ရသည်မှာ မနည်းလှပေ။

ပင်လယ်ဓားပြများသည် အထူးသဖြင့် ပင်လယ်နီနှင့် အိန္ဒိယသမုဒ္ဒရာအကြား ဆိုမာလီကမ်းလွန်တွင် လည်းကောင်း၊ စင်ကာပူနှင့်မလက္ကာရေလက်ကြားတွင်လည်းကောင်း သောင်းကျန်းတ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်ကို သတိပြုမိသည်။

အမှန်စင်စစ် ပင်လယ်ဓားပြမှုသည် ကူးသန်းရောင်းဝယ်ရေးအတွက် ပင်လယ်သမုဒ္ဒရာများကို ဖြတ်ကာ သင်္ဘောများ လွှန်ပြန်ပြေးဆွဲမှု စတင်ချိန်မှ စ၍ ပေါ်ပေါက်လာခဲ့သည်ဟု ယူဆရန် သင့်မြတ်ပေသည်။

ခရစ်မပေါ်မီ ၁၃ ရာစုက အေဒင်နှင့်မြေထဲပင်လယ်တွင် ပင်လယ်ပျော်များ၏ ခိုးဆိုးတိုက်ခိုက်ခေါင်းပုံဖြတ်ခြင်းသည် ပင် လယ်ဓားပြမှုများ၏ အစောဆုံးအထောက်အထားများအဖြစ် တွေ့ခဲ့ရသည်။

အီလီရီယန်များနှင့် တာရင်နီယန်များသည် ပင်လယ်ဓားပြများအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။

ထိုခေတ်ထိုအခါက ဖိုနီးရှန်းများ ခရီးထွက်သောအခါ တစ်ခါတစ်ရံတွင် ပင်လယ်ဓားပြမှုများ ကျူးလွန်တတ်သည်။ ကျွန်အဖြစ် ရောင်းစားရန်အတွက် သူတို့သည် လူငယ်လုံမငယ်များကို ပြန်ပေးဆွဲရာ၌ ကျွမ်းကျင်ကြသည်ဟုဆိုသည်။

ခရစ်မပေါ်မီ ၃ ရာစုတွင် ပင်လယ်ဓားပြများက အနာတိုလီယာမြို့တော် အိုလံပို့စ်ကို တိုက်ခိုက်ဖျက်ဆီးပစ်သည်။

ခရစ်မပေါ်မီ ၁ ရာစုတွင် အနာတိုလီယန်ကမ်းခြေတစ်လျှောက်၌ ပင်လယ်ဓားပြ မြို့ပြနိုင်ငံများ ရှိခဲ့သည်။

မြေထဲပင်လယ်အရှေ့ပိုင်းမှ ရောမအင်ပါယာ၏ ကူးသန်း





ရောင်းဝယ်ရေးကို ထိပါးနှောင့်ယှက်ခဲ့သည်။

ဘီစီ ၇၅ တွင် အေဒင်ပင်လယ်ကိုဖြတ်ကျော်စဉ် ဂျူးလီးယက်ဆီဇာကိုယ်တိုင် ပင်လယ်ဓားပြများ၏ အကျဉ်းသားဘဝ ကျရောက်ခဲ့ဖူးသည်။

ပင်လယ်ဓားပြများလက်မှလွတ်လာပြီး ဂျူးလီးယက်ဆီဇာက ၄င်းတို့ကို နှိမ်နင်းချေမှုန်းလိုက်ရသည်။

၂၅၈ ခုနှစ်တွင် ပင်လယ်နက်နှင့် မာမရာပင်လယ်ကမ်းခြေမြို့များကို ဂေါသစ်နှင့် ဟာရုလစ်သင်္ဘောများက ဖျက်ဆီးပစ်သည်။

အလယ်ခေတ်အစောပိုင်း ဗိုက်ကင်းခေတ်တွင် စကင်ဒီနေးဗီးယားမှ ဗိုက်ကင်းများ၊ လုယက်သူများသည် နေရာအနှံ့အစပ်သို့ရောက်သည့်ပင်လယ်ဓားပြများပင်ဖြစ်သည်။

၄င်းတို့သည် ၇၈၃ ခုနှစ်မှ ၁၀၆၆ ခုနှစ်အထိ အထူးသောင်းကျန်းခဲ့ကြသည်။

ဗိုက်ကင်းများသည် မြောက်အာဖရိကနှင့် အီတလီကမ်းခြေတို့ကိုပါ တိုက်ခိုက်တတ်ကြသည်။

အလယ်ခေတ်တွင် ဥရောပ၌ ဗဟို ချုပ်ကိုင်မှု အင်အားမရှိသည့်အတွက် ဥရောပတိုက်တွင် ပင်လယ်ဓားပြများ သောင်းကျန်းနိုင်ခြင်းဖြစ်သည်။

ထိုအတောအတွင်း မြေထဲပင်လယ်၌ မွတ်စလင်ပင်လယ်



www.burmeseclassic.com

ငါးပြမျိုးကိုလည်း တွေ့ရတတ်ပြန်သည်။

အိန္ဒိယသမုဒ္ဒရာကမ်းခြေ၊ အရှေ့အာရှ၊ အရှေ့ဥရောပနှင့် မြောက်အာဖရိက ကာရစ်ဘီယံဒေသတို့တွင် ပင်လယ်ငါးပြ သောင်းကျန်းမှုများ အသီးသီးရှိသည်။

ပင်လယ်ငါးပြများသည် သင်္ဘောတစ်စင်းကို အပိုင်စီးတော့မည်ဆိုလျှင် သူတို့၏ကျော်လီရောဂျားအရိုးခေါင်းအလံကို လွှင့်ထူတတ်ကြသည်။

ယင်းမှာ ဥရောပနှင့် အမေရိကန်ပင်လယ်ငါးပြများ၏ အစဉ်အလာအလံပင်ဖြစ်သည်ဟု ဆို၏။

မျက်မှောက်ခေတ်တွင် ပင်လယ်ပြင်သင်္ဘောများကို တိုက်ခိုက်နေသည့် ပင်လယ်ရေကြောင်းငါးပြများ၏ အန္တရာယ်မှာ ကြီး ထွားလျက်ရှိသည်။

ကမ္ဘာတစ်ဝန်းတွင် ပင်လယ်ငါးပြများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံမှ ၁၆ ဘီလီယံအထိ ဆုံးရှုံးနစ်နာလျက်ရှိသည်။

အထူးသဖြင့် တစ်နှစ်လျှင် သင်္ဘောစင်းရေ ၅၀၀၀၀ ကျော် ဖြတ်သန်းအသုံးပြုနေသည့် ပင်လယ်နီနှင့် အိန္ဒိယသမုဒ္ဒရာအကြား ဆိုမာလီကမ်းလွန်ဒေသ၊ စင်ကာပူနှင့် မလက္ကာရေလက်ကြားတို့တွင် ပင်လယ်ငါးပြများ ခြေရှုပ်လျက်ရှိသည်ကို တွေ့နိုင်သည်။

စစ်အေးတိုက်ပွဲပြီးဆုံးခြင်းနှင့်အတူ နိုင်ငံပိုင်ရေတပ်များက





အင်အားလျော့ကာ ကုန်သွယ်ရေးတိုးမြှင့်လိုက်သောအခါ ဂိုဏ်းဖွဲ့ပင်လယ်ငါးပြများအတွက် လုယက်တိုက်ခိုက်မှု ကျူးလွန်ရန် ပိုမိုအခွင့်သာသွားရသည်။

ယခုခေတ် ပင်လယ်ငါးပြများသည် သင်းဖွဲ့ဂိုဏ်းဖွဲ့ ရာဇဝတ်ကောင်များနှင့် မကြာမကြာ ဆက်သွယ်လှုပ်ရှားကြသည်ကိုလည်း တွေ့ရလေသည်။

နိုင်ငံတကာ ရေကြောင်းသွားလာရေးအဖွဲ့(အိုအမ်ဘီ)က ပင်လယ်ငါးပြတိုက်ခိုက်မှုစာရင်းများကို ၁၉၉၅ ခုနှစ်မှစ၍ ပြုစု ထားသည်။

ဥပမာ ။ ။ ၂၀၀၆ ခုနှစ်ကဆိုလျှင် ငါးပြတိုက်မှု ၂၃၉ မှု ရှိခဲ့သည်။ သင်္ဘောသား ၇၇ ဦးပြန်ပေးဆွဲခံခဲ့ရသည်။ ငါးစာခံအဖြစ် ၁၈၈ ဦး ခေါ်ဆောင်သွားခဲ့သည်။ လူသတ်မှု ၁၅ မှု ရှိခဲ့သည်ဟုဆို၏။

၂၀၀၇ ခုနှစ်တွင် ငါးပြတိုက်မှု ၁၀ ရာနိုင်နှုန်းတိုးကာ ၂၆၃ မှုဖြစ်သည်။

၂၀၀၉ ခုနှစ် ပထမကိုးလအတွင်းတွင် အေဒင်ပင်လယ်ကွေ့၊ ဆိုမာလီကမ်းလွန်တို့တွင် ပင်လယ်ငါးပြတိုက်မှုပိုများသည့်အတွက် ယမန်နှစ်ကထက် ငါးပြမှုပိုများလာသည်။

မျက်မှောက်ကာလ ပင်လယ်ငါးပြမှု၏အဓိပ္ပာယ်ဖွင့်ဆိုချက်များတွင် သင်္ဘောပေါ် အမှတ်တက်ခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း၊

www.burmeseclassic.com



ဓားစာခံဖမ်းခြင်း၊ ငွေပေး၍ပြန်ရွေးယူရန်အတွက် ပြန်ပေးဆွဲခြင်း၊ လူသတ်ခြင်း၊ ဓားပြတိုက်ခြင်းတို့ကို ပြုလုပ်ကြခြင်းဖြစ်သည်။

နောက်ပိုင်းတွင်မူ သင်္ဘောနစ်မြုပ်စေသည့်တမင်ဖျက်ဆီးမှု၊ သင်္ဘော သို့မဟုတ် ပစ္စည်းသိမ်းယူခြင်း စသော ရည်ရွယ်ချက်ဖြင့် သင်္ဘောကိုဖျက်ဆီးခြင်းတို့ ပါဝင်လေသည်။

မျက်မှောက်ခေတ်သမယတွင် သင်္ဘောနှင့်လေယာဉ်များကို နိုင်ငံရေးအခြေခံဖြင့် အပိုင်စီးပြန်ပေးဆွဲမှုများလည်း ရှိသည်။

ထိုသို့သောပြစ်မှုများကို ကျူးလွန်သူများအား ပင်လယ်ဓားပြ အပိုင်စီးသူများဟု သတ်မှတ်နိုင်သည်။

ခေတ်သစ်ပင်လယ်ဓားပြများသည် အဆင့်မြင့်နည်းပညာများကိုလည်း အသုံးပြုကြောင်းတွေ့နိုင်သည်။

သူတို့သည် မိုဘိုင်းလ်ဖုန်းများ၊ ဂြိုဟ်တုဖုန်းများ၊ ဂျီပီအက်စ်၊ ဆိုနာစနစ်များ ခေတ်မီစပိဘုတ်များ၊ တိုက်ခိုက်ရေးဓားများ၊ တိုက်ခိုက်ရေး ရိုင်ဖယ်သေနတ်များ၊ ပြောင်းချောသေနတ်၊ ပစ္စတို၊ စက်သေနတ်၊ ဒုံးပစ်လောင်ချာနှင့်လက်ပစ်ဗုံးလောင်ချာများကို သုံးစွဲသည်။

ထို့ကြောင့်ပင် ယခုအခါ အိန္ဒိယသမုဒ္ဒရာအတွင်း ဆိုမာလီကမ်းလွန်၌ နိုင်ငံတကာရေတပ်သင်္ဘောများစောင့်ကြပ်လျက်ရှိသည်။

ပင်လယ်ဓားပြများကို ဖမ်းမိသည်မှာလည်း မနည်းလှပေ။





သို့သော် ဖမ်းမိသော သင်္ဘောမကင်းသူများအား မည်သို့အရေးယူမည်လောဟူသည့် ၂၁ ရာစုပင်လယ်ဓားပြမှုအပေါ် ဥပဒေရေးရာအစီအမံများက စွမ်းဆောင်ဖြေရှင်းနိုင်ပါမည်လော ဟူသည့် မေးခွန်းက ပေါ်ထွက်လာနေပေပြီ။

ကုလသမဂ္ဂ ပင်လယ်ပြင် ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်းက ပင်လယ်ဓားပြမှုသည် နိုင်ငံတကာ ရာဇဝတ်မှုတစ်ရပ်ဖြစ်ကြောင်း၊ အချုပ်အခြာအာဏာပိုင်နိုင်ငံတိုင်း ဖမ်းဆီးတရားစီရင်ခွင့်ရှိကြောင်း အာဏာအပ်နှင်းထားသည်။

သို့သော် မည်သည့်နိုင်ငံက ထိုသို့အရေးယူဆောင်ရွက်ရန် ဆန္ဒရှိပါသနည်း။

အထောက်အထား သက်သေများ တစ်စုတစ်စည်းရရန် မလွယ်ကူသကဲ့သို့ စရိတ်စကကလည်း မသေးပေ။

လောလောဆယ်တွင် ဆိုမာလီနိုင်ငံ၏ အိမ်နီးချင်း ကင်ညာနိုင်ငံ၌ ဆိုမာလီပင်လယ်ဓားပြ ၁၀၀ ကျော်ရှိသည်။

တာဝန်ကြီး၍ နောက်ထပ်လက်ခံပြီး တရားစစ်ဆေးရန် လက်မခံနိုင်တော့။

တချုပ်များအရ ဆောင်ရွက်ရသော်လည်း လိုသလောက် ပံ့ပိုးမှုမရဟု ဆိုသည်။

ပင်လယ်ဓားပြနှိမ်နင်းရေးမှာ ကင်ညာနိုင်ငံ၏ အကျိုးစီးပွားနှင့်ဆက်နေသည်မှန်သော်လည်း တစ်နိုင်ငံတည်း နိုင်ခံဖြေရှင်း



www.burmeseclassic.com

www.burmeseclassic.com



ရေးမှာ တရားမျှတရာမရောက်ကြောင်း နိုင်ငံတကာအသိုက်အဝန်းက ဝိုင်းဝန်းအဖြေရှာသင့်ကြောင်း တကယ့်ဖြစ်ရပ်က ဖော်ညွှန်းချက်ရှိလေသည်။

အထက်ပါအကြောင်းအရာများ ဒေါက်တာမင်းထင်ကျော်ထံသို့ ရောက်လာသော သံပချိုင် ဆိုသူ ပြောပြသော အကြောင်းအရာများထဲမှ အချို့ပင်ဖြစ်သည်။

သံပချိုင် ဆိုသူမှာ အခြားမဟုတ်ပေ …၊

ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် နှစ်ပေါင်းများစွာကျင်လည်ကျက်စားနေခဲ့သည့် ပင်လယ်ဓားပြတစ်ဦးပင်ဖြစ်၏။

ဆက်လက်ပြောပြသည့် ၄င်း ကြုံတွေ့ခဲ့ရသော ထူးဆန်းသောအဖြစ်အပျက်များမှာ စိတ်ဝင်စားဖွယ်ရာကောင်းလှပေသည်။





အခန်း (၂)

## ထူးဆန်းသောရုပ်တုများ

သံပချိုင် အနေနှင့် ကပ္ပလီပင်လယ်ရေပြင်ပေါ်မှာ ကျင်လည်ကျက်စားခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပေပြီ။ နေရာအတော်များများကို ရောက်ခဲ့ဖူးပြီး ပင်လယ်ရေပြင်နေရာအနှံ့အပြားခွဲရှိသောကျွန်းစုများကိုလည်း ရောက်ခဲ့ဖူးပေသည်။

ပင်လယ်ဓားပြများအတွက် ကျွန်းစုများမှာ အသက်ကယ်တင်ပေးနိုင်သောနေရာများဖြစ်ပေသည်။

အခြားရန်သူများ လိုက်လံတိုက်ခိုက်သဖြင့် ထွက်ပြေးဘိမ်းရှောင်ရသည့်အခါမျိုးမှာသော်လည်းကောင်း၊ လေပြင်းမုန်တိုင်းများနှင့် တွေ့ကြုံရသည့်အခါ ဝင်ရောက်ခိုနားရသည့်အခါမျိုးမှာသော်လည်းကောင်း၊ ပင်လယ်ထဲမှာရှိကြသည့်ကျွန်းစုများသည်



www.burmeseclassic.com

www.burmeseclassic.com



များစွာအသုံးဝင်ကြလေသည်။ သို့ကြောင့် ပင်လယ်ပြင်သို့သွားလာနေကြသော ငါးဖမ်းလှေများ၊ ကုန်သည်လှေများနှင့် ပင်လယ်ဓားပြများက ထိုကျွန်းများအကြောင်းကို သိရှိမှတ်သားထားရပေသည်။ မြေပုံနှင့်တကွ စကေးမိုင်အကွာအဝေးပါ အသေအချာ မှတ်သားထားရလေသည်။

အကယ်၍ မိမိမရောက်ဖူးသေးသောကျွန်းဖြစ်ပါက ရောက်ဖူးသော လုပ်ဖော်ကိုင်ဖက်များကို မေးမြန်းပြီးမှတ်သားရသည်။

သံပချိုင်မှာ ပင်လယ်ဓားပြအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။ သူပိုင်သော သင်္ဘော၏ အမည်မှာ 'ကုမ္ဘီလ' ဖြစ်သည်။ 'ကုမ္ဘီလ' ဟူသော အဓိပ္ပာယ်မှာ ရေတွင်ကျင်လည်ကျက်စားသော သတ္တဝါများအနက် ရေအောက်မှာရော မြေပေါ်မှာပါ အခြားသတ္တဝါတို့ကို တိုက်ခိုက်သတ်ဖြတ်နိုင်သော မိကျောင်းကို ပါဠိဘာသာဖြင့် ခေါ်ဝေါ်ကြသည့် အမည်တစ်မျိုးပင်ဖြစ်ပေသည်။

သံပချိုင်မှာ ပင်လယ်ဓားပြခေါင်းဆောင်ဘဝမရောက်ခင်အချိန်ကပင် အခြားခေါင်းဆောင်တစ်ဦးထံမှာ လက်အောက်ငယ်သားဘဝဖြင့် ကျင်လည်ခဲ့ရလေသည်။

ထိုခေါင်းဆောင်မရှိတော့သည်နောက်ပိုင်းမှာမှ သင်္ဘောနှင့် လက်အောက်ငယ်သားများပါ ရရှိခဲ့ပြီးနောက် ခေါင်းဆောင်ဘဝ ရောက်လာခဲ့ခြင်းဖြစ်သည်။





သံပချိုင်သည် တိုက်ခိုက်ရေးကောင်းရုံမက ဖြတ်ထိုးဉာဏ်လည်းကောင်းသည်။ ထို့ပြင် သတ္တိလည်းရှိကာ အခက်အခဲနှင့် အန္တရာယ်များကို ရင်ဆိုင်ကျော်လွှားနိုင်သောအစွမ်းသတ္တိလည်းရှိသူဖြစ်သောကြောင့် ပင်လယ်ဓားပြသက်တမ်းတစ်လျှောက်မှာ အောင်ပွဲအတော်များများ ရရှိခဲ့သည်။

ထို့ပြင် အစိုးရဘက်တော်သားများ၏ ဖမ်းဆီးခံရသည့်ဘေးအန္တရာယ်များမှလည်း ကျော်လွှားနိုင်ခဲ့သဖြင့် နှစ်ပေါင်းအတော်ကြာသည့်တိုင်အောင် ပင်လယ်ဓားပြဘဝဖြင့် ရပ်တည်နေနိုင်ခဲ့ခြင်းဖြစ်ပေသည်။

သံပချိုင်သည် သတ္တိနှင့် ကြံရည်ဖန်ရည်ကောင်းသည်သာမက မှတ်ဉာဏ်လည်းကောင်းသည်။

ပင်လယ်ပြင်နေရာအနှံ့အပြားမှာရှိနေသော ကျွန်းကြီး ကျွန်းငယ်များသို့ တစ်ခေါက်ရောက်ဖူးပြီးသည်နှင့် နောက်တစ်ကြိမ်သွားလိုလျှင် အခက်အခဲမရှိအောင်သွားလာနိုင်သူဖြစ်သည်။

သူ့ဆီမှာ မှတ်သားထားသောမြေပုံအညွှန်းများနှင့် မှတ်တမ်းများစွာတို့ ရှိလေသည်။

သို့ကြောင့် ရန်သူများနှင့်တွေ့ပြီး အဖမ်းအဆီးခံရမည့်ဘေးများနှင့် ကြုံတွေ့ပါက နီးစပ်ရာကျွန်းများသို့ ဝင်ရောက်တိမ်းရှောင်နိုင်ခြင်းပင်ဖြစ်သည်။

တစ်ကြိမ်မှာတော့ ပင်လယ်ပြင်မှာ ကင်းလှည့်လာသော



www.burmeseclassic.com

www.burmeseclassic.com



သဘော်တစ်စင်းနှင့်တွေ့သဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရလေသည်။

ထိုသို့ ဘေးအန္တရာယ်ကြုံသောနေရာမှာ သူသိထားသည့်ကျွန်းများနှင့် မနီးသောနေရာဖြစ်သောကြောင့် သဘော်ဦးတည်ရာအတိုင်း စက်ကုန်ဖွင့်ကာ မောင်းပြေးခဲ့ရခြင်းဖြစ်ပေသည်။

နောက်ဆုံးမှာတော့ နောက်မှလိုက်လာသောရန်သူသဘော်မှာ မျက်ခြည်ပြတ်ကျန်ခဲ့ပြီး သူတို့စက်လှေလည်း ကျွန်းတစ်ကျွန်းအနီးသို့ ရောက်သွားကြလေတော့သည်။

ထိုကျွန်းမှာ သူတစ်ကြိမ်တစ်ခါမှမရောက်ဖူးသေးဘဲ သူမသိသေးသည့်ကျွန်းတစ်ကျွန်းပင်ဖြစ်သည်။

အချိန်မှာ နေဝင်ရီတရောအချိန်ရောက်နေပြီ။ ပင်လယ်ပြင်မှာ တစ်နေကုန် ပြေးလွှားခဲ့ရသောကြောင့် သဘော်သားများအားလုံး များစွာပင်ပန်းနေလျက်ရှိကာ အနားယူချင်နေကြပြီ။

သို့သော်လည်း ထိုကျွန်း၏ အခြေအနေကို မသိရသေးသောကြောင့် ရုတ်တရက် အနားမကပ်ဝံ့ကြသေးပေ။

ထိုကျွန်းပေါ်မှာ ဘာတွေရှိနေသလဲ ...၊

သူတို့ကို ဖမ်းဆီးဖို့စောင့်နေကြသည့် ရန်သူများ ရှိနေကြသလား .. သို့မဟုတ် အချင်းချင်း လုယက်တိုက်ခိုက်မည့် အခြား ပင်လယ်ဓားပြများရှိနေရော့သလား ...

မသိကြရပေ။





သို့သော်လည်း ထိုညအဖို့တော့ ထိုကျွန်းအနီးမှာပင် စခန်းချရမည်မှလွဲပြီး အခြားရွေးချယ်စရာ မရှိပေ။

"ဒါ ဘာကျွန်းလဲ ဆရာ၊ ကျွန်တော်တို့ တစ်ခေါက်မှ မရောက်ဖူးသေးပါလား"

သဘော်သားတစ်ယောက်က ပြောသည်။

"အေး .. ဟုတ်တယ်၊ ငါလည်း တစ်ခါမှမရောက်ဖူးသေးဘူး၊ ကျွန်းကတော့ အတော်ကြီးတယ်၊ သေချာအောင် ကျွန်းကို တစ်ပတ်လောက်လှည့်ကြည့်ကြရင် ပိုကောင်းမယ်ထင်တယ်"

ဟု ပြောပြီး ကျွန်းတစ်ပတ် ပတ်မောင်းကြည့်သည်။ ကျွန်းမှာ အတော်ကြီးပြီး ကျွန်းပေါ်မှာ တောင်ကုန်းမြင့်များပင်ရှိသည်။

ကမ်းစပ်တစ်လျှောက်မှာ ကနစိုပင်နှင့် ဗျူးပင်ကြီးများက နေရာလပ်မရှိအောင်တားဆီးထားသောကြောင့် ကျွန်း၏အတွင်းပိုင်းကိုတော့ မမြင်ရပေ။

နေဝင်ခါနီးအချိန်ဖြစ်သောကြောင့် အိပ်တန်းပြန်လာကြသော ကြက်တူရွေးအုပ်များနှင့် ပင်လယ်စင်ရော်ကြီးများကို လှမ်း မြင်ရသည်။

ဟိုး ... အဝေးသစ်ပင်မြင့်ကြီးများရှိရာတစ်ဝိုက်မှာတော့ အခြားငှက်များ အိပ်တန်းပြန်လာသောအချိန်ရောက်မှ အိပ်ရာမှနိုးလာပြီး အစာရှာထွက်ရန်ပြင်နေကြသည့် လင်းနို့နှင့် လင်းဆွဲအုပ်များ ပျံဝဲနေသည်ကို လှမ်းမြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့်မောင်းလာရာ ကျွန်း၏အရှေ့ဘက်ခြမ်းသို့ ရောက်သောအခါ ထူးခြားသော မြင်ကွင်းများကို လှမ်းမြင်ကြရသည်။

အခြားမဟုတ်ပေ ...၊

ပင်လယ်ပြင်ဘက်သို့ မျက်နှာမူလျက်သားအနေအထားဖြင့် ရှိနေကြသည့် ကျောက်ရုပ်ကြီးများပင်ဖြစ်သည်။

ကျောက်ရုပ်ကြီးများမှာ တစ်နေရာတည်းမှာရှိနေခြင်းမဟုတ်ဘဲ နေရာအနှံ့မှာရှိနေကြခြင်းဖြစ်ပေသည်။

အချို့က တောင်ကုန်းထိပ်ပေါ်မှာရှိသည်။

အချို့က သစ်တောအုပ်အတွင်းမှာရှိနေသည်။

မည်သည့်နေရာမှာရှိနေသည်ဖြစ်စေ ...

၎င်းကျောက်ရုပ်ကြီးများအားလုံး၏ မျက်နှာများမှာ ပင်လယ်ပြင်ဘက်သို့ မျက်နှာမူထားကြလေသည်။

အချို့က လက်တစ်ဖက်ကိုမြှောက်ထားသည်။

အချို့က ခြေတစ်ဖက်လှမ်းထားသည်။

အချို့ကလည်း တစ်စုံတစ်ယောက်ကို အကူအညီ တောင်းခံနေမည့်ပုံသဏ္ဌာန်မျိုး ...၊

အချို့ကလည်း ကြောက်ရွံ့ထိတ်လန့်နေသော ပုံသဏ္ဌာန်မျိုးဖြစ်နေကြသည်။

ထိုမြင်ကွင်းကိုမြင်သောအခါ သင်္ဘောသားများက ဦးပိုင်းသို့





အလုအယက်ထွက်လာပြီး ကြည့်ကြလေသည်။

ကျွန်းပေါ်မှာ ကျောက်ရုပ်ကြီးများကိုမြင်သောအခါ တအံ့တသြဖြစ်နေကြသည်။

"ကျွန်းပေါ်မှာ ကျောက်ရုပ်ကြီးတွေပါလား"

"ကျောက်ရုပ်ကြီးတွေကလည်း လူရုပ်တွေအတိုင်းပဲ"

"ဒီကျောက်ရုပ်တွေ ပုံပန်းသဏ္ဌာန်ကြည့်ရတာ သဘာဝအတိုင်းဖြစ်နေတာမဟုတ်ဘူး၊ လူတွေကလုပ်ထားတာဖြစ်မယ်၊ ဒီအတိုင်းဆိုရင် ဒီကျွန်းပေါ်မှာ လူတွေရှိမယ်ထင်တယ်"

ဟု တစ်ယောက်တစ်မျိုးပြောဆိုနေကြလေသည်။

ထိုအချိန်မှာ သံပချိုင်၏ လက်ထောက်တပည့်တစ်ဦးဖြစ်သူ ချန္ဒရာမှာ သူများတကာကဲ့သို့မဟုတ်ဘဲ ကျွန်းပေါ်မှမြင်ကွင်းများအား တစ်ချက်ကြည့်ပြီးနောက် ၎င်းနေသောအခန်းရှိရာသို့ ခပ်သုတ်သုတ်သွားလေသည်။

အခန်းတွင်းသို့ရောက်သည်နှင့် အခန်းတံခါးကိုပိတ်ကာ ဂျက်ချထားလိုက်သည်။

ပြီးနောက် ၎င်း အိပ်ရာစင်အောက်မှာ အံဝှက်ဖြင့်ဘည့်ထားသောအထုပ်တစ်ထုပ်ကို ဆွဲထုတ်လိုက်သည်။

ထိုအထုပ်မှာ ရေစိုခံဆီစိမ်စက္ကူများဖြင့် အထပ်ထပ်ပတ်ထားပြီး မနီလာကြိုးဖြင့်ချည်ထားသောကြောင့် ဖြည်းဖြည်းပင်ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အထုပ်ပြေသွားသောအခါ အတွင်းမှ မှတ်တမ်းစာအုပ်ငယ် တစ်အုပ် ထွက်လာသည်။

စာအုပ်မှာ နှစ်အတော်ကြာပြီဖြစ်သောကြောင့် စာရွက်များ ပင် ဝါနေချေပြီ။

ထိုစာအုပ်ကို ချန္ဒရာ၏ဦးလေးတော်သူတစ်ဦးက ပေးထားခဲ့ ခြင်းဖြစ်သည်။

ချန္ဒရာ၏ဦးလေးမှာလည်း ပင်လယ်ပြင်မှာ ပင်လယ်ဓားပြ ဘဝဖြင့် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူဖြစ်ပေသည်။

၄င်း သေဆုံးခါနီးတွင် ထိုမှတ်တမ်းစာအုပ်အား ချန္ဒရာအား ပေးထားခဲ့ခြင်းဖြစ်သည်။

"မင်းဘဝမှာချမ်းသာချင်ရင်တော့ ဒီမှတ်တမ်းစာအုပ်ထဲက ကျွန်းကိုသာ တွေ့အောင်ရှာပေတော့၊ ဒါပေမယ့် တစ်ခုတော့ရှိ တယ်၊ အန္တရာယ်တွေကတော့ များတယ်၊ အဲဒီအန္တရာယ်တွေကို လွတ်မြောက်အောင်ကျော်လွှားနိုင်မယ်ဆိုရင်တော့ မင်းတစ်သက် မပြောနဲ့ ဆယ်သက်စားလို့မကုန်နိုင်တဲ့ ရွှေငွေရတနာပစ္စည်းတွေ ရလိမ့်မယ်၊ ဒီစာအုပ်ထဲမှာ အဲဒီကျွန်းနဲ့ပတ်သက်တဲ့အကြောင်း တွေကို ငါရေးထားတယ်"

ဟုပြောဆိုကာ ထိုစာအုပ်ငယ်အားပေးထားခဲ့ပြီး သေဆုံး သွားခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က ချန္ဒရာမှာ ၁၅ နှစ်သားအရွယ်ခန့်သာရှိသေး





သောကြောင့် ထိုစာအုပ်ထဲမှအကြောင်းများကို ဖတ်ကြည့်သော် လည်း စိတ်ဝင်စားမှုမရှိသောကြောင့် ထိုစာအုပ်ကို ဒီအတိုင်းပင် တစ်နေရာမှာ သိမ်းထားလိုက်လေသည်။

ချန္ဒရာတို့မိသားစုမှာ ဆင်းရဲကြသည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်းမို့ အစားအသောက် အနေ အထိုင် ဆင်းရဲကြသည်၊ ချို့တဲ့ကြသည်။

ချမ်းသာဖို့မဆိုထားနှင့် ဝမ်းစာရဖို့ပင် အနိုင်နိုင်ရှာဖွေစား သောက်ကြရသည်။

ချန္ဒရာ အသက် ၂၀ ကျော်အရွယ်သို့ ရောက်လာသောအခါ ဆင်းရဲတွင်းထဲမှာ မနေချင်တော့ဘဲ လွတ်မြောက်ချင်လာသည်။ သို့သော်လည်း မည်သို့လုပ်ရမှန်းမသိပေ။

"ငါ ဒီဘဝကလွတ်မြောက်အောင် တစ်ခုခုလုပ်မှဖြစ်တော့ မယ်၊ ဘယ်လိုလုပ်ရပါ့မလဲ"

ဟု အမျိုးမျိုးစဉ်းစားတွေးတောနေမိလေသည်။

တစ်နေ့မှာတော့ မိမိအဝတ်ဟောင်းများကို မွှေနှောက်ရင်းမှ အထုပ်တစ်ထုပ်ထွက်လာသဖြင့် ဖြေကြည့်လိုက်သည်။ အတွင်း၌ စာအုပ်ငယ်တစ်အုပ်ကိုတွေ့ရလေသည်။ ထိုစာအုပ်မှာ သူ့ ဦးလေးတော်သူ မသေမီက ပေးထားခဲ့သောစာအုပ်ပင်ဖြစ်သည်။

စာအုပ်ကိုမြင်သောအခါ ဦးလေးဖြစ်သူ ပြောသွားခဲ့သော စကားများကို ပြန်လည်အမှတ်ရလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



“မင်းဘဝမှာ ချမ်းသာချင်ရင်တော့ ဒီစာအုပ်ထဲကကျွန်းကိုသာ တွေ့အောင်ရှာပေတော့ ...”

ထိုစကားကို ပြန်သတိရသောအခါမှ ချမ်းသာချင်နေသော ချန္ဒရာသည် မှတ်တမ်းစာအုပ်မှာပါသောအကြောင်းအရာများကို သေသေချာချာကြည့်ရှုလေတော့သည်။

ပထမပိုင်းစာမျက်နှာများမှာတော့ ကျွန်းအမည်နှင့် ပုံးပန် သဏ္ဍာန်အချို့ကို ရေးမှတ်ထားသည်။

“ ................ ထိုကျွန်း၏မူလအမည်မှာ ‘အော်စတာကျွန်း’ ဖြစ်သော်လည်း ရောက်ဖူးသူများကတော့ မြန်မာအမည်ဖြင့် ပုဏ္ဏကကျွန်းဟုခေါ်ကြသည်။

ကျွန်းပေါ်မှာ ဘီလူးကဲ့သို့ ကြောက်စရာကောင်းသူများ ရှိသောကြောင့် ထိုအမည်ပေးခဲ့ကြသလော မပြောတတ်ပါချေ။

ထိုကျွန်းပေါ်မှာ ကျောက်ရုပ်များစွာရှိသည်။ လူပုံယန်းသဏ္ဍာန် ကျောက်ရုပ်များဖြစ်ကြပြီး များစွာကြောက်မက်ဖွယ်ရာကောင်းသည်။

လူနှင့် ပုံယန်းသဏ္ဍာန်တူသော်လည်း ဘီလူးနှင့်အသွင်သဏ္ဍာန်မျိုးဖြစ်နေသောကြောင့် ကြောက်စရာကောင်းနေခြင်းဖြစ်သည်။

ထိုကျွန်း၏အလယ်လောက်တွင် ရှေးအခါကတည်းကရှိခဲ့သော နတ်ဘုရားကျောင်းပျက်ကြီးတစ်ခုရှိပြီး ထိုကျောင်းပျက်ကြီးအတွင်း၌ ကပ္ပလီများ ယုံကြည်ကိုးကွယ်သောနတ်ဘုရားရုပ်





တုရှိသည်။

ထိုနတ်ဘုရားရုပ်တုအနီးတစ်ဝိုက်တွင် ပင်လယ်ဓားပြကြီးများ လျှို့ဝှက်စွာမြှုပ်နှံထားသော ရွှေငွေရတနာပစ္စည်းများစွာရှိ သည်။

သို့သော်လည်း ထိုကျွန်းပေါ်သို့တက်ရောက်ပြီး ရတနာပစ္စည်းရှာဖွေသူတိုင်း မည်သို့သောအကြောင်းနှင့်တွေ့ကြုံရလေသလော မပြောတတ်ပေ။ ပြန်မလာနိုင်ကြပေ။

အကယ်၍ ထိုအချက်ကိုရအောင်စုံစမ်းပြီးနောက် နတ်ဘုရားကျောင်းပျက်အနီး၌ရှိသော ရတနာများကို ယူနိုင်ပါက ချမ်းသာသောဘဝသို့ရောက်ရမည်မှာ အမှန်ပင်ဖြစ်ပေသည်။

မှတ်တမ်းများမှာ ထိုမျှသာမကသေးဘဲ နောက်ပိုင်းမှာလည်း အချက်အလက်များကို ပြည့်ပြည့်စုံစုံရေးသားထားရုံမက ထိုကျွန်းသို့ သွားရောက်ရမည့်မြေပုံအညွှန်း .. မိုင် .. စကေး စသည်တို့ကို ခန့်မှန်းရေးသားဖော်ပြထားလေသည်။

ဆင်းရဲတွင်းမှလွတ်ချင်သော ချန္ဒရာသည် ယခုတစ်ကြိမ် ထိုမှတ်တမ်းကိုဖတ်ရသောအခါ များစွာစိတ်ဝင်စားမှုရှိလေသည်။

သို့သော်လည်း သူ့အနေနှင့် ကိုယ့်နည်းကိုယ့်ဟန်နှင့်တော့ ထိုကျွန်းသို့သွားရောက်နိုင်မည်မဟုတ်မှန်း သဘောပေါက်မိလေသည်။

နောက်ဆုံးမှာတော့ ထိုကျွန်းသို့သွားရောက်နိုင်မည့် နည်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ်ခုကို ချန္ဒရာ ရှာဖွေတွေ့သွားသည်။

အခြားမဟုတ်ပေ …၊

ထိုခေတ်အခါက အသက်စွန့်ရန် ဝန်မလေးသူတိုင်း အလွယ်တကူဝင်ရောက်လုပ်နိုင်သော ပင်လယ်ဓားပြအလုပ်ကို ဝင်ရောက်လုပ်ကိုင်ခဲ့ခြင်းဖြစ်ပေသည်။

သူသည် သံပချိုင် ထံမှာ တပည့်ခံပြီး ဝင်ရောက်လုပ်ကိုင်စဉ်က သာမန်မျှသာရှိသည်။

နောက်ပိုင်းမှာ သတ္တိရှိခြင်းနှင့် စွန့်စားတိုက်ခိုက်မှုစွမ်းရည်များ မြင့်မားလာသောအခါ သံပချိုင်၏လက်ထောက် တပည့်တစ်ဦးဖြစ်ခဲ့လေသည်။

သူသည် သံပချိုင်နှင့်အတူ ပင်လယ်ပြင်နေရာအနှံ့အပြားသို့ ရောက်ခဲ့လေသည်။

သူ မျှော်လင့်ခဲ့သည့်အတိုင်း ပင်လယ်ပြင်သို့ရောက်သောအခါ အော်စကာကျွန်း သို့မဟုတ် ပုဏ္ဏာကကျွန်းကို ရှာဖွေခဲ့လေသည်။

သို့သော်လည်း အခြားကျွန်းများကိုသာရောက်ခဲ့ပြီး သူ ရှာဖွေနေသော ပုဏ္ဏာကကျွန်းသို့ မရောက်ခဲ့ပေ။ ရှာဖွေ၍လည်း မတွေ့ခဲ့ရပေ။

ယခုအခါမှပင် နောက်မှ ကင်းလှည့်နေသောသင်္ဘောများ တရကြမ်းလိုက်လံဖမ်းဆီးသဖြင့် ထွက်ပြေးရာမှ မမျှော်လင့်ဘဲ





သူရှာဖွေနေသောကျွန်းသို့ ရောက်ခဲ့ရခြင်းဖြစ်ပေသည်။

ချန္ဒရာသည် ကျွန်းပေါ်မှကျောက်ရုပ်ကြီးများကိုတွေ့သည်မှ စိတ်လှုပ်ရှားမှုဖြစ်နေရာ ယခု မိမိအခန်းထဲသို့ဝင်ပြီး ဦးလေးဖြစ်သူပေးခဲ့သော မှတ်တမ်းစာအုပ်ကို ဖတ်ကြည့်ရာမှ ယခု ရောက်နေသောကျွန်းမှာ ပုဏ္ဏာကကျွန်းဖြစ်ကြောင်း ခန့်မှန်းမိလေသည်။

"ငါ မျှော်လင့်ထားတာတွေတော့ဖြစ်လာပြီ၊ ငါ ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ ဒီအကြောင်းတွေကို သံပချိုင်ကို အသိပေးပြီး သူနဲ့တိုင်ပင်ရရင် ကောင်းမလား၊ အို .. ဒီလိုလည်းမဖြစ်သေးပါဘူးလေ ..၊ ဦးလေးက ဒီကျွန်းပေါ်မှာ ရတနာပစ္စည်းတွေ ရှိတယ်သာဆိုတယ် ဘယ်နေရာမှာ ဘယ်လိုရှိနေမှန်းလဲ သိရသေးတာမဟုတ်ဘူး၊ နောက်ပြီး ရတနာပစ္စည်းတွေ တွေ့လို့ သူတို့ချည်းပဲ အားလုံးယူသွားရင် မခက်ပေဘူးလား၊ ငါ အနှစ်နှစ်အလလက ကြံစည်ခဲ့သမျှတွေအားလုံး အလကားဖြစ်သွားမှာပေါ့"

ချန္ဒရာ တစ်ယောက်တည်း အခန်းထဲမှာ ချီတုံချတုံဖြစ်နေလေသည်။

ထို့နောက် …

"နောက်မှပဲ အခြေအနေကြည့်ပြီး လုပ်သင့်တာလုပ်ရမှာပဲ၊ အခုတော့ ဒီအတိုင်းပဲ ဟန်မပျက်နေမှဖြစ်မယ်"

ဟု ဆုံးဖြတ်ပြီးနောက် မှတ်တမ်းစာအုပ်ကလေးကို လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



သောနေရာမှာ ပြန်သိမ်းခဲ့ပြီး အခန်းအပြင်ဘက်သို့ ပြန်ထွက်
သွားလေသည်။

အပြင်ဘက်မှာ ဆည်းဆာရောင်များပင်ပျောက်ကွယ်စပြုနေ
ပြီး အမှောင်ရိပ်များသမ်းစပြုနေချေပြီ။

အနောက်ဘက်ကမ်းခြေတစ်ဝိုက်ဘက်မှ အိပ်တန်းပြန်လာ
ကြသောငှက်မျိုးစုံတို့ကို တွေ့ရလေသည်။

ငှက်အော်သံများနှင့် မျောက်အော်သံများက ကျွန်းပေါ်မှာ
ဆူညံလျက်ရှိနေသည်။

ငှင်းတို့သင်္ဘောကတော့ လေကွယ်မိုးကွယ်လည်းဖြစ်၊ အခြား
နေရာမှလှမ်းကြည့်လျှင် ရုတ်တရက်မမြင်နိုင်သည့် ကလိုင်ကွေ့
တစ်နေရာမှာ ကျောက်ချရပ်ထားပြီးဖြစ်လေသည်။

အချို့က ပြန်ဝင်သွားပြီဖြစ်သော်လည်း အချို့ကတော့ ကျွန်း
ပေါ်မှ တစ်စွန်းတစ်စလှမ်းမြင်နေရသော ကျောက်ရုပ်ကြီးများရှိ
ရာသို့ စိတ်ဝင်စားစွာလှမ်းကြည့်နေကြသည်။ သင်္ဘောဦးပိုင်းမှာ
သံပချိုင်လည်းရှိနေသေးသည်။ သူ့ကိုမြင်တော့ သံပချိုင် က
မေးသည်။

"မင်း ဘယ်သွားနေတာလဲ ချန္ဒရာ"

"အခန်းထဲသွားပြီး ကျွန်တော် စုဆောင်းထားတဲ့မှတ်ထားတဲ့
အချက်အလက်တွေ သွားကြည့်နေတာပါ ဆရာကြီး"

ချန္ဒရာက မယုတ်မလွန်အဖြေပေးလိုက်သည်။





"မင်း ဒီကျွန်းအကြောင်းကို သိသလား"

"ဟင့်အင်း .. မသိပါဘူး"

"အေး .. ငါလဲ ပင်လယ်ထဲမှာနေလာခဲ့တာ အတော်ကြာခဲ့
ပြီ၊ ဒီကျွန်းကိုတော့ တစ်ခေါက်မှ မရောက်ဖူးသေးဘူး၊ ဒါပေ
မယ့် ငါ ကြားဖူးတာ တစ်ခုတော့ရှိတယ်"

"ဘာများလဲ ဆရာကြီး"

"ကပ္ပလီပင်လယ်ထဲမှာ ရှေးကတည်းက ပင်လယ်ဓားပြ
ဗိုလ်တွေ ရတနာပစ္စည်းတွေ လာမြှုပ်တဲ့ကျွန်းတစ်ကျွန်းရှိတယ်လို့
တော့ ကြားဖူးတယ်၊ ကျွန်းရဲ့အမည်က ဘီလူးကျွန်းဆိုလား..
ပုဏ္ဏကကျွန်း ဆိုဘားပဲ၊ ဒီကျွန်းများဖြစ်နေမလားမသိဘူး"

ဟု ပြောသည်။

ချန္ဒရာကတော့ ဘာမှပြန်မပြောပေ ...။

ထို့နောက် ...

သံပချိုင် က 'ရန်သူများ ထိုနေရာတစ်ဝိုက်တွင် ရှိနေနိုင်
သေးသောကြောင့် ယခုရောက်နေသောကျွန်းမှာပင် နှစ်ရက်၊
သုံးရက်ကြာအောင် နားကြရမည်' ဟု သင်္ဘောသားများအားလုံး
ကြားအောင် ပြောလိုက်လေရာ ချန္ဒရာမှာ စိတ်ထဲမှ ကျိတ်၍
ဝမ်းသာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

## တောနက်အတွင်းမှနတ်ဘုရားကျောင်းတော်

သံပချိုင်တို့သဘော်မှာ ကျွန်းနှင့်မနီးမဝေးနေရာတွင် ကျောက်ချပြီး တစ်ညနားကြခြင်းဖြစ်ရာ နောက်တစ်နေ့နံနက်ပိုင်းမှာတော့ သဘော်သားများ ဆူဆူညံညံပြောဆိုနေကြသည့်အသံများပေါ် ထွက်လာသောကြောင့် ချွန်ရာလည်း အခန်းတွင်းမှ ထွက်သွားလေသည်။ အပြင်ရောက်တော့ သဘော်သားအချို့နှင့်တွေ့သည်။

"ဘာဖြစ်နေကြတာလဲ"

"ညက သဘော်သားနှစ်ယောက် ပျောက်သွားလို့ပါ"

"ဘယ်သူတွေလဲ"

"စံထွန်းနဲ့မာရစ်တို့ နှစ်ယောက်ပေါ့"

"ဘယ်လိုပျောက်သွားတာလဲ"

"ကျွန်တော်တို့လည်းမသိဘူး၊ ညကတော့ ညဉ့်နက်ပိုင်းအချိန်





မှာ ကမ်းပေါ်က မိန်းမသံတွေလိုလို ကြားရပါတယ်၊ မနက်လင်းတော့ သူတို့နှစ်ယောက်ကိုရှာလို့မတွေ့တော့ဘူး"

ထိုအခါ သံပချိုင် က သေနတ်နှင့်လက်နက်များယူဆောင်ပြီး ကျွန်းပေါ်တက်ကြည့်ကြရန် အမိန့်ပေးလေသည်။ ထို့နောက်မှာတော့ သံပချိုင် ကပင် ခေါင်းဆောင်ပြီး နောက်လိုက်အချို့ကိုခေါ်ပြီး ကျွန်းပေါ်တက်သွားကြသည်။ ကျွန်းမှာ လူသူအရောက်အပေါက်နည်းသောနေရာဖြစ်သောကြောင့် သစ်တောများနှင့် ချုံ နွယ်ပိတ်ပေါင်းများက ထူထပ်လှသည်။

အချို့နေရာများမှာတော့ ကျောက်တုံးကျောက်ခဲများသာရှိပြီး တောခြေရှင်းနေလေသည်။

သံပချိုင် က ကမ်းခြေနှင့်နီးသောနေရာတစ်ဝိုက်သို့ လိုက်လံကြည့်ရှုသော်လည်း ထူးထူးခြားခြားမတွေ့ရသဖြင့် ကျောက်ဂူကြီးများရှိရာဘက်သို့ သွားကြလေသည်။

ကျောက်ဂူကြီးများမှာ နေရာအနှံ့အပြားၥ္ရှိနေကြသည် ဆိုသော်လည်း ပင်လယ်ကမ်းခြေနှင့်နီးသောနေရာများ၌ ပိုမိုများပြားစွာတွေ့ရလေသည်။

ကျောက်ဂူများမှာ လူတစ်ယောက်အရွယ်အစားထက် အနည်းငယ်သာပိုကြီးသော်လည်း ကိုယ်နှင့်မျက်နှာပေါ်မှာ အမှုအထစ်များရှိနေကြသည်။

ကျောက်ဖြစ်နေသောကျောက်သားမှာလည်း ကျောက်သား



www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်ကို ထုဆစ်ထားခြင်းမျိုးမဟုတ်ဘဲ အင်္ဂတေကျောက်သားမျိုးဖြစ်ပေသည်။

မျက်နှာပေါ်မှာ အဖုအထစ်ကြီးများရှိနေသောကြောင့် ပုံပန်းသဏ္ဌာန်ကို အကဲခတ်၍မရတော့သဖြင့် မည်သူမည်ဝါမှန်းမသိနိုင်သော်လည်း လူတွေနှင့်တူသည်ကတော့ အမှန်ပင်ဖြစ်ပေသည်။

ပုံပန်းသဏ္ဌာန်များကတော့ တောတွင်းမှ ကပျာကယာပြေးထွက်လာပြီး ကမ်းစပ်ရောက်သောအခါမှ ကျောက်ရုပ်ဖြစ်သွားကြဟန်ရှိလေသည်။

သံပချိုင် က မနီးမဝေးမှာရှိသော ကျောက်ရုပ်တစ်ရုပ်အနီးသို့သွားကာ လက်ဖြင့်ထိကြည့်သည်။

အေးစက်နေသော အတွေ့အထိမှလွဲပြီး မထူးခြားပေ။

"တစ်ကိုယ်လုံး အဖုအပိမ့်တွေထွက်ပြီး ကြောက်စရာကောင်းတဲ့ပုံပန်းသဏ္ဌာန်ဖြစ်နေတာကလွဲပြီး လူတွေဆိုတာတော့ သေချာတယ်"

ဟု သံပချိုင် က မှတ်ချက်ချသည်။

"သူတို့ ဘာကြောင့် ဒီလိုဖြစ်သွားတာလဲ ဆရာ"

"ငါလည်း ဘယ်သိပါ့မလဲ"

ထို့နောက် တောတွင်းသို့ လိုက်လံကြည့်သောအခါ အချို့နေရာများတွင် ဓားဖြင့်ခုတ်ထားသောနေရာများ၊ လူအချို့ သွားလာခဲ့သောနေရာများကို တွေ့ကြရသည်။





"ဒီကျွန်းပေါ်မှာ လူတွေနေတာလား၊ ဒါမှမဟုတ် ငါတို့မလာခင်က တခြားလူတွေရောက်ခဲ့တာလား .. တစ်ခုခုတော့ တစ်ခုခုပဲ"

ဟု ပြောရင်းနှင့် လိုက်ကြည့်ရာ တစ်နေရာရောက်သောအခါ ချုံများအနောက်ဘက်မှ တစ်စုံတစ်ယောက်က ချောင်းမြောင်းကြည့်နေသည်ကို ဝိုးတဝါးတွေ့လိုက်ရသဖြင့် သေနတ်များဖြင့် ချိန်လိုက်ကြသည်။

သို့သော်လည်း ချုံနောက်မှာရှိနေသူကတော့ မလှုပ်ပေ။ သို့ကြောင့် အနီးသို့သွားကြည့်သောအခါမှ လူတစ်ယောက်မဟုတ်ဘဲ ကျောက်ရုပ်တစ်ရုပ်ကိုတွေ့ရကြရသည်။

"ဟော့ .. ဒီကျောက်ရုပ်ကို သေသေချာချာကြည့်စမ်း၊ ငါတို့သင်္ဘောသားတွေဝတ်တဲ့ အဝတ်အစားမျိုးတွေနဲ့ မတူဘူးလား"

သံပချိုင် က ပြောသဖြင့် ကျန်လူများက အနီးသို့ကပ်ကြည့်ကြလေသည်။

ထိုအခါမှ မိမိတို့သင်္ဘောသားများ ဝတ်ဆင်ကြသောအင်္ကျီ၊ ဘောင်းဘီနှင့် ဖိနပ်ပါမကျန် တူညီနေသည်ကို တွေ့ကြရလေသည်။

အဝတ်အစားများသာတူသော်လည်း မျက်နှာနှင့်တစ်ကိုယ်လုံးတွင် အဖုအပိမ့်ကြီးများရှိနေသောကြောင့် မည်သူမည်ဝါဖြစ်မည်ကို ပုံဖမ်းရသည်မှာ မလွယ်လှပေ။



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင် က ထိုရုပ်တုကို အနားကပ်ပြီး သေသေချာချာကိုင်ကြည့်သောအခါ တစ်ကိုယ်လုံး ကြက်သီးများပင်ထသွားလေသည်။ အဘယ်ကြောင့်ဆိုသော် …

ထိုကျောက်ရုပ်မှာ မကြာသေးခင်အချိန်ကမှ အင်္ဂတေချောက်သွားသောနံရံတစ်ခုကဲ့သို့ အစိုဓာတ်များရှိနေဆဲဖြစ်ပြီး တစ်ခုလုံးမှာလည်း အေးစက်နေသည်။

“ဒါ.. ဒါ .. ငါတို့စက်လှေကပျောက်နေတဲ့ စံထွန်းနဲ့မာရစ်တို့ နှစ်ယောက်ထဲက တစ်ယောက်ယောက်ဖြစ်နိုင်တာ သေချာတယ်ဟေ့..၊ ဒီကျောက်ရုပ်က ကျောက်ရုပ်ဖြစ်သွားတာတောင်သိပ်မကြာသေးဘူးကွ”

သံပချိုင် စကားကြောင့် ကျန်လူများမှာ အထိတ်တလန့်ဖြစ်သွားကြလေသည်။

“ဒါ .. ဒါ ဘယ်လိုဖြစ်တာလဲ ဆရာကြီး”

“ငါလည်းမသိဘူး၊ ဒါပေမယ့် တစ်ခုပြောနိုင်တာကတော့ ဒီကျွန်းဟာ မိစ္ဆာကျွန်းတစ်ကျွန်းပဲ၊ ဒီကျွန်းပေါ်မှာ ကြောက်စရာကောင်းတဲ့အန္တရာယ်တွေရှိနေတာကတော့ အသေအချာပဲ”

ဟု ပြောကာ သံပချိုင် တို့တစ်တွေမှာ မိမိတို့သင်္ဘောရှိရာသို့ ပြန်ဆင်းခဲ့ကြလေသည်။

သူတို့တစ်တွေ သတိမထားမိသောနေရာများမှ စောင့်ကြည့်နေသောမျက်လုံးများရှိနေသည်ကိုတော့ မသိလိုက်ကြပေ။





ထိုအကြောင်းများကို ချန္ဒရာ သိသောအခါ များစွာစိတ်ဝင်စားသွားလေသည်။

“ဒီအတိုင်းမှန်ရင်တော့ ဒီကျွန်းဟာ ဦးလေးပြောသွားတဲ့ အော်စတာကျွန်းလို့ခေါ်တဲ့ ပုဏ္ဏကကျွန်းဆိုတာ သေချာလောက်တယ်၊ ပုဏ္ဏကကျွန်း မှန်တယ်ဆိုရင်တော့ ကျွန်းပေါ်မှာပင်လယ်ဓားပြကြီးတွေမြှုပ်ထားတဲ့ ရတနာပစ္စည်းတွေရှိနေမှာ အမှန်ပဲ၊ ဒါ တွေကိုသာရရင်တော့ ချမ်းသာမှာ သေချာပြီ”

ဟု စိတ်လှုပ်ရှားစွာဖြင့် တွေးနေလေသည်။

ထိုသို့တွေးမိသော်လည်း သူ့အနေနှင့် မည်သို့ပြုလုပ်ရမှန်းမသိသေးပေ။

“ဘယ်သူမှမသိအောင် ကျွန်းပေါ်ကိုတက်ပြီး ရတနာတွေရှာရမယ်၊ ဒါပေမယ့် ငါတစ်ယောက်တည်းနဲ့တော့ဖြစ်မှာမဟုတ်ဘူး၊ စိတ်ချရတဲ့လူတစ်ယောက်တော့ ပါမှဖြစ်မယ်၊ ဒါမှ အရေးအကြောင်းရှိရင် အကူအညီရနိုင်မယ်”

ထိုသို့စဉ်းစားမိသောအခါ ယုံကြည်စိတ်ချရသော မာလဆို သော တပည့်တစ်ဦးကိုခေါ်ပြီး ဤသို့ပြောသည်။

“မာလ .. မင်းကို ပြောစရာရှိတယ်”

“ပြောပါ ဆရာ”

“မင်း မချမ်းသာချင်ဘူးလား၊ ဒီလောက် အန္တရာယ်များလှတဲ့ ပင်လယ်ဓားပြအလုပ်က မလွတ်ချင်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ချမ်းသာချင်တာပေါ့ ဆရာရဲ့ ..၊ ဒီအလုပ်မျိုးကလွတ်ရင်တော့ ပိုကောင်းတာပေါ့၊ ဘယ်လိုလုပ်ရမှာလဲ"

"မင်း .. ငါပြောတဲ့စကားကို နားထောင်ရမယ်၊ ဘယ်သူမှ မသိအောင် ငါတို့နှစ်ယောက် ဒီကျွန်းပေါ်တက်ကြည့်ကြမယ်"

"ဖြစ်ပါ့မလား ဆရာရယ် ..၊ ဒီကျွန်းပေါ်မှာ အန္တရာယ်တွေ အများကြီးရှိတယ်လို့ ပြောသံကြားတယ်၊ ကျွန်းပေါ်တက်ကြတဲ့သူတိုင်း ကျောက်ရုပ်ဖြစ်သွားကြတယ်ဆို ..."

"အဲဒါတွေက ထင်ကြေးနဲ့ပြောနေကြကာပါ၊ မင်း ငါ့နောက်ကလိုက်ရင် ရတနာတွေရမယ်"

"တကယ်ပဲလား ဆရာ"

"တကယ်ပြောတာပေါ့ကွာ"

"ဒီလိုဆိုရင်တော့ သေမြေကြီး .. ရှင်ရွှေထီးပဲ၊ ဘာမှ ကြောက်စရာမလိုပါဘူး၊ လိုက်ခဲ့မယ်"

ဟု သဘောတူလေသည်။

သို့ကြောင့် ညအချိန်ရောက်သောအခါ နှစ်ယောက်သား မည်သူမျှမရိပ်မိအောင်လျှို့ဝှက်ပြီး ကျွန်းပေါ်သို့တက်သွားကြလေသည်။

၄င်းတို့နှစ်ယောက်ထံမှာ အရေးအကြောင်းရှိပါက အသုံးပြုရန် ဓား၊ သေနတ်နှင့် လက်နှိပ်ဓာတ်မီး စသည်တို့ ယူဆောင်သွားကြလေသည်။





၄င်းတို့သည် ကျွန်းပေါ်ရောက်သောအခါ ပိတ်ဆီးနေသော ချုံနွယ်ပိတ်ပေါင်းအချို့ကို ဓားဖြင့်ခုတ်ထွင်ရှင်းလင်းပြီး ကျွန်း၏ အလယ်ပိုင်းနေရာလောက်သို့ ဦးတည်သွားကြလေသည်။

ကောင်းကင်ပြင်မှာ ကြယ်ရောင်လရောင်အချို့ရှိနေသော်လည်း သစ်ပင်များက ပိတ်ဆီးနေသောကြောင့် အမှောင်ထုများ ဖုံးအုပ်နေသည်။

ကျွန်းပေါ်သို့ရောက်သောအခါ တောကြက်နှင့်ငှက်များ အပါအဝင် အိပ်တန်းတက်နေကြသော တောတိရစ္ဆာန်များ၏ အလန့်တကြားပြေးလွှားအော်ဟစ်သံများမှလွဲပြီး အခြားအန္တရာယ်အနှောင့်အယှက်မျိုးတော့ မတွေ့ကြရပေ။

အချို့နေရာရောက်သောအခါ ရှေ့မှဆီးနေသော သစ်ချုံများကိုဖယ်ရှားလိုက်တော့မှ ကြောက်မယ်ဖွယ်ကောင်းသော ပုပ်ပန်းသတ္တဝါများကိုတွေ့ရသည်။

တစ်ကြိမ်မှာတော့ ရှေ့မှသွားနေသော မာလမှာ ရှေ့မှ ပိတ်နေသောချုံနွယ်အချို့ကို ခုတ်ဖယ်လိုက်သောအခါမှ သူ့ရှေ့မှာ ရပ်နေသော လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသောကြောင့် အလန့်တကြားအော်ဟစ်ကာ နောက်သို့ပြန်ဆုတ်ပြေးလာသည်။

"အမယ်လေး ..."

ချန္ဒရာကမီးရောင်ဖြင့်ထိုးကြည့်လိုက်သောအခါ သူတို့ရှေ့



www.burmeseclassic.com

www.burmeseclassic.com



တွင် မားမားကြီးရပ်နေသည့် လူတစ်ယောက်ကိုတွေ့ရလေသည်။ သို့သော် သက်ရှိလူတစ်ယောက်တော့မဟုတ်ပေ။ အသက်မဲ့ ကျောက်ရုပ်တစ်ရုပ်သာဖြစ်သည်။

"မင်းကလည်းကွာ ကျောက်ရုပ်ကြီးပါ၊ ဘာကြောင့် ဒီလောက် ကြောက်နေတာလဲ"

"အမှတ်တမဲ့ဆိုတော့ လန့်သွားတာပေါ့၊ ကျောက်ရုပ်ကြီးကလည်း လူနဲ့အတော်တူတယ်"

ထို့နောက် နှစ်ယောက်သား ရှေ့သို့ဆက်သွားကြသည်။ တောနက်တွင်းသို့ အတော်ရောက်လာသော်လည်း အန္တရာယ်အနှောင့်အယှက်တစ်စုံတစ်ရာမတွေ့ကြရသေးသလို ထူးခြားမှုမျိုးလည်းမတွေ့ရပေ။

"ဆရာ ကျွန်တော်တို့ အခု ဘယ်နေရာသွားမှာလဲ"

"ဒီကျွန်းပေါ်မှာ နတ်ဘုရားကျောင်းပျက်ကြီးတစ်ခုရှိတယ်၊ အဲဒါကို တွေ့အောင်ရှာကြည့်ရမယ်၊ အဲဒီဘုရားကျောင်းပျက်ကြီးကိုတွေ့ရင် ငါတို့ လိုချင်တဲ့ ရွှေငွေရတနာတွေ ရနိုင်တယ်"

ဟု ပြောပြီး ရှေ့ဆက်သွားကြရာ တစ်နေရာရောက်သောအခါမှ ထိုကဲ့သို့ အမှောင်ထုအတွင်းမှာ ခရီးသွားနေကြသူများမှာ သူတို့နှစ်ယောက်တည်းမဟုတ်ဘဲ နံဘေးနားမှာပါလာသော ခြေသံများကိုပါ ကြားကြရသည်။

"ဆရာ .. ခြေသံတွေကြားရသလိုပဲ"





မာလ က တုန်လှုပ်ချောက်ချားစွာဖြင့် တိုးတိုးပြောသည်။

"ငါတို့ခြေသံတွေကို ပြန်ကြားနေရတာမဟုတ်ဘူးလား"

နှစ်ယောက်သား ရပ်၍နားစွင့်ကြည့်သောအခါ မည်သည့်အသံမှ မကြားရတော့ပေ။

နောက်တစ်ဖန် လမ်းလျှောက်သောအခါ နံဘေးနားမှလှုပ်ရှားသွားသော သစ်ရွက်များကိုသော်လည်းကောင်း၊ တိုးညှင်းစွာပေါ်ထွက်လာသော အသံများကိုသော်လည်းကောင်း သတိပြုမိကြသည်။

ချန္ဒရာနှင့် မာလ တို့မှာ သတ္တိနည်းသူများတော့မဟုတ်ကြပေ။ ပင်လယ်ဓားပြလုပ်လာသောသက်တမ်းတစ်လျှောက်တွင် သူသေကိုယ်သေတိုက်ခိုက်ခဲ့ရသောအကြိမ်ပေါင်းက မနည်းတော့ပေ။ အကယ်၍သာ သူတို့အနေနှင့် ရန်သူနှင့်ရင်ဆိုင်တွေ့ပါက သူသေကိုယ်သေတိုက်ခိုက်ရန်လည်း အသင့်ပြင်ထားကြလေသည်။

သို့ကြောင့် ဓားနှင့်သေနတ်ကို အဆင်သင့်ပြင်ထားပြီး အခြေအနေကိုကြည့်သော်လည်း ထူးထူးခြားခြားတော့မတွေ့ရပေ။

၄င်းတို့နှစ်ယောက်စလုံး ရှေ့ဆက်မသွားဝံ့သေးဘဲ အခြေအနေကိုစောင့်ကြည့်သော်လည်း ထူးထူးခြားခြားနှောင့်ယှက်နေသည်မျိုးမဟုတ်ဘဲ ပုံမှန်မဟုတ်သော အနေအထားအချို့ကိုတော့ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြားမဟုတ်ပေ …၊

သူတို့ရှိနေသောနေရာနှင့် မဝေးလှသောနေရာဆီမှ လူညည်းနေသောအသံအချို့ကို မသဲမကွဲကြားနေရပြီး သစ်ပင်သစ်ကိုင်းအချို့မှာ လေမတိုက်ဘဲနှင့်လှုပ်နေသည်။ သစ်ပင်တစ်ပင်ဆိုလျှင် သစ်ပင်ပေါ်မှာလူမရှိပါဘဲနှင့် ကိုင်းဖျားက အောက်ဘက်သို့ကိုင်းကျနေသည်။ ကျွန်းသားလူရိုင်းတစ်ယောက်မှာ ထိုသစ်ပင်ပေါ်မှာ ပုန်းကွယ်နေပါက လှမ်းမြင်နိုင်လောက်သောအခြေအနေရှိသည်။ သို့သော် ဘာမှမတွေ့ရပေ။

ထို့ကြောင့် ရှေ့ဆက်သွားကြလေသည်။

ညဥ့်နက်ပိုင်းအချိန်လောက်တွင် နှစ်ယောက်သား တောင်ကုန်းတောင်တန်းများဝန်းရံထားသောနေရာသို့ ရောက်သွားကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ ကြီးမားသောသစ်ပင်ကြီးများကလည်း နေရာမလပ်ရှိနေကြသည်။

အကယ်၍သာ ရန်သူများက ထိုနေရာမျိုးတွင် ပုန်းကွယ်နေပါက သူတို့အနေနှင့် မြင်တွေ့နိုင်မည်မဟုတ်ပေ။ သစ်ချုံများကာဆီးနေသည့်နေရာတစ်ခုသို့ရောက်သောအခါ အမှောင်ရိပ်ထဲမှာ ထီးထီးမားမားရှိနေသော ကြီးမားသည့်အဆောက်အအုံပျက်ကြီးတစ်ခုကိုတွေ့ရလေသည်။ ချန္ဒရာက မီးရောင်ဖြင့်လှမ်းထိုးကြည့်လိုက်သည်။





မည်းနက်နေသောကျောက်တုံးကြီးများဖြင့်ဆောက်ထားသော အဆောက်အအုံကြီးကိုတွေ့မြင်ရသောအခါ ချန္ဒရာမှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

"ဘုရားကျောင်းပျက်ကြီးပါလား၊ ဒီအတိုင်းဆိုရင် ဒီကျွန်းဟာ ဦးလေး ပြောခဲ့တဲ့ ပုဏ္ဏကကျွန်းဆိုတာ သေချာသလောက်ဖြစ်သွားပြီပေါ့"

ဟု ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။

ထိုသို့တွေးမိသည်နှင့်အမျှ စိတ်ထဲမှာလည်း ဝမ်းသာသွားလေသည်။

"ဦးလေး ရေးထားခဲ့တဲ့မှတ်တမ်းအရဆိုရင် ဒီဘုရားကျောင်းပျက်ကြီးအတွင်းမှာ ပင်လယ်ဓားပြကြီးတွေမြှုပ်ထားခဲ့တဲ့ရွှေငွေ ရတနာတွေရှိမှာ မုချပဲ၊ ငါ့အကြံအစည်တွေတော့ အောင်မြင်တော့မယ်ထင်ပါရဲ့ …"

ဟု တွေးရင်း ကျေနပ်နေသည်။

"ဆရာ … ဒီအဆောက်အအုံပျက်ကြီးက ကြောက်စရာကြီးပါလား၊ ရှေ့မှာလည်း ကျောက်ရုပ်တွေအများကြီးပဲ"

"မင်းနဲ့ငါနဲ့ ဒီအထဲကိုဝင်ကြရမယ်"

"ဖြစ်ပါ့မလား ဆရာ"

"သဘောကနေ ဒီနေရာတောင်ရောက်လာပြီးမှတော့ ဒီအဆောက်အအုံထဲကို ဝင်ကြရမယ်၊ ကဲ .. ပြောနေတာ ကြား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အထဲဝင်ကြရအောင်”

ဟု ပြောပြီး လက်နှိပ်မီးရောင်များကို အသုံးပြုကာ အဆောက်အအုံကြီးအတွင်းသို့ ဝင်ကြလေသည်။

ဝင်ပေါက်ဘေးတစ်ဖက်တစ်ချက်မှာတော့ ကြောက်စရာပုံပန်းသဏ္ဌာန်ရှိသော ရုပ်တုကြီးများရှိသည်။

နှစ်ပေါင်းများစွာကြာမြင့်ခဲ့ဟန်ရှိသောကြောင့် ရေညှိများတက်နေရာ အစိမ်းပုပ်ရောင်နှင့် အမည်းရောင်များဖြစ်နေသည်။

ထုလုပ်ထားသောရုပ်တုမှာ ကုလားနတ်ဘုရားကျောင်းပေါက်ဝများတွင် ထားလေ့ရှိသောကြောက်မက်ဖွယ်ရာပုံပန်းသဏ္ဌာန်မျိုးများဖြစ်ကြသည်။ အဆောက်အအုံကြီးမှာ အမိုးအကာများ ပျက်စီးနေသော်လည်း အတွင်းပိုင်းမှာတော့ အတော်ကျယ်ဝန်းလေသည်။ ဟိုးအတွင်းပိုင်းမှာတော့ ထုထည်ကြီးမားသောကျောက်တုံးကြီးများဖြင့် ထုလုပ်ထားသည့်နတ်ဘုရားရုပ်တုကြီးရှိနေသေးသည်။

၄င်းမှာလည်း နှစ်ပေါင်းများစွာကြာမြင့်ခဲ့ဟန်ဖြင့် အမည်းရောင်များဖြစ်နေပြီး ပုံပန်းသဏ္ဌာန်မှာလည်း ကုလားနတ်ဘုရားရုပ်တုများ၏ ပုံပန်းသဏ္ဌာန်အတိုင်း ကြောက်မက်ဖွယ်ပုံပန်းသဏ္ဌာန်မျိုးဖြစ်သည်။

ထိုရုပ်တုရှေ့တွင် ရှေးအခါက အသုံးပြုခဲ့ဟန်ရှိသော ကျောက်ပလ္လင်တစ်ခုရှိသည်။





ထိုပလ္လင်မှာ အတော်ကျယ်ဝန်းပြီး ယဇ်ပူဇော်သောပလ္လင်ဖြစ်ဟန်ရှိလေသည်။

ရုပ်တုကြီး၏ဘေးတစ်ချက်မှာ တစ်ကိုယ်လုံး မည်းနက်နေသောကျောက်ရုပ်အချို့ရှိသည်။

အဆောက်အအုံကြီးနံရံဘေးများမှာလည်း အချို့ရှိနေကြသည်။

“ဆရာ ‥ ဟိုဘေးမှာရှိနေတဲ့ရုပ်တုတွေက စောစောက မီးရောင်နဲ့ထိုးကြည့်တော့ သူတို့မျက်လုံးတွေက အရောင်လက်သွားသလိုပဲ”

“ကျောက်မျက်လုံးတွေထည့်ထားလို့သာဖြစ်မှာပေါ့ကွာ၊ ဒီကျောက်ရုပ်တွေကတော့ ငါတို့ကို ဘာမှမလုပ်နိုင်ကြပါဘူး”

ဟုပြောပြီး ချန္ဒရာ က လက်နှိပ်ဓာတ်မီးဖြင့် ထိုနေရာတစ်ဝိုက်သို့ ထိုးကြည့်လိုက်သည်။

ကျောက်ပလ္လင်နေရာသို့ရောက်သောအခါ မီးရောင်ဖြင့်အရောင်တလက်လက်တောက်ပနေသောအရာအချို့ကို လှမ်းမြင်လိုက်ရသည်။

“ဟင် …”

တအံ့တသြဖြင့် အနီးသို့သွားကြည့်သောအခါ ကျောက်ပလ္လင်ပေါ်မှာ ပြန့်ကျဲနေသည့် ရတနာပစ္စည်းအချို့ကို တွေ့ရသဖြင့် များစွာဝမ်းသာသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... ငါတို့တော့ ချမ်းသာပြီကွ"

ဟုပြောစဉ် ကျောက်ပလ္လင်အနီးသို့ တိုးကပ်သွားလေသည်။

ထိုအချိန်မှာပင် စောစောကရပ်တုကြီးအနီးတွင် ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက်ငြိမ်သက်နေကြသည့် မည်းမည်းသဏ္ဌာန်များက လှုပ်ရှားလာသည်။

ထိုအခြေအနေကို လောဘဇောတက်နေသော ချန္ဒရာ က သတိမပြုမိသော်လည်း နောက်နားမှာရပ်နေသည့် မာလ က တွေ့ မြင်သွားသည်။

"ဆ .. ဆရာ ..."

"ဘာလဲကွ"

"ဟို .. ဟိုမှာ ..."

ထိုသို့ပြောသဖြင့် နောက်သို့လှည့်ကြည့်လိုက်သောအခါ တစ်ကိုယ်လုံး မည်းနက်နေသောလူရိုင်းများက သူတို့နှစ်ယောက်ကို ဝိုင်းထားကြလေပြီ။

ထိုအခါမှ ကြောက်လန့်တကြားနှင့် လက်ထဲမှ သေနတ်ဖြင့်ပစ်လေသည်။

"ဒိုင်း .. ဒိုင်း .. ဒိုင်း ..."

သေနတ်သံများက နတ်ဘုရားကျောင်းကြီးအတွင်းမှာ ပဲ့တင်ထပ်သွားလေသည်။

နံဘေးမှာရပ်နေသောလူရိုင်းသုံးလေးယောက်လဲကျသွားသော်





လည်း နောက်ထပ်ကျန်နေသောလူရိုင်းများက တိုးဝင်လာကြလေသည်။

အခြေအနေရှုပ်ထွေးသွားနိုက်မှာပင် မာလ က ကိုယ်လွတ်ရုန်းပြေးရန်ကြိုးစားလေသည်။

ချန္ဒရာကလည်း သေနတ်ဖြင့်ပစ်ကာ ထွက်ပြေးရန်ကြိုးစားလေရာ အမှောင်ထဲမှ အခြေအနေက ရှုပ်ထွေးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

## အီစတာကျွန်းမှ ဂမ္ဘီရဆန်သောရုပ်တုများ

အထက်ပါအကြောင်းအရာများမှာ ဒေါက်တာမင်းထင်ကျော် ထံရောက်လာသော သံပချိုင် ဆိုသူက သူသိသမျှ ပြန်ပြောပြသည့်အကြောင်းအရာများပင်ဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က လက်ဖက်ရည်ကိုသောက်ရင်းနှင့် စိတ်ဝင်စားစွာနားထောင်နေသည်။

သံပချိုင် ပြောသောစကားများ အဆုံးသတ်သွားသောအခါမှ လက်ဖက်ရည်ပန်းကန်ကို စားပွဲပေါ်သို့ပြန်ချထားလိုက်ပြီး စီးကရက်တစ်လိပ်ကို မီးညှိဖွာလိုက်သည်။

သံပချိုင် ကတော့ သောက်လက်စ ဆေးပြင်းလိပ်ကိုပင် လက်ကြားမှာ ညှပ်ထားလေသည်။





"ခင်ဗျာပြောတဲ့အတိုင်းဆိုရင် အဲဒီကျွန်းရောက်တဲ့ညမှာပဲ စံထွန်းနဲ့ မာရစ်တို့ သင်္ဘောသားနှစ်ယောက် ပျောက်သွားခဲ့တယ်"

"ဟုတ်ပါတယ်"

"နောက်ထပ် ချန္ဒရာနဲ့ မာလတို့နှစ်ယောက်ကရော သင်္ဘောကို ဘယ်သူပြန်ရောက်လာသလဲ"

"မာလ ပဲ ပြန်ရောက်လာပါတယ်၊ ချန္ဒရာ ကတော့ ရန်သူတွေလက်ချက်နဲ့ သေသလား ‥ ရှင်သလားမသိရတော့ပါဘူး၊ သူကတော့ ပြန်ရောက်မလာနိုင်တော့ပါဘူး၊ အခု ကျုပ်ပြောပြတဲ့ အကြောင်းတွေကိုလည်း မာလ ပြန်ပြောပြလို့သာ သိရတာပါ"

ဒေါက်တာမင်းထင်ကျော် က ခေါင်းညိတ်ပြလိုက်သည်။

"နောက်တော့ ချန္ဒရာ နေတဲ့ သင်္ဘောအခန်းထဲဝင်ရှာကြည့်တော့ သူဦးလေး ပေးထားခဲ့တဲ့ ဟောဒီမှတ်တမ်းစာအုပ်တွေ့ရပါတယ်"

သံပချိုင် က ၎င်းအကျႌအောက်အိတ်အတွင်းမှာ ထည့်ယူလာသည့် ဟောင်းနွမ်းလှပြီဖြစ်သည့်စာအုပ်ငယ်တစ်အုပ်ကို ထုတ်ယူပြီး ဒေါက်တာမင်းထင်ကျော်ရှေ့သို့ တင်ပေးလိုက်သဖြင့် ယူကြည့်လိုက်သည်။

ထိုစာအုပ်ထဲတွင် … အော်စတာကျွန်းဟု မူလအမည်ရှိသော်လည်း အန္တရာယ်နှင့်တွေ့ခဲ့သူများက 'ပုဏ္ဏကကျွန်း' ဟု



www.burmeseclassic.com

www.burmeseclassic.com



အမည် သစ်ပေးထားခဲ့သည့် ထိုကျွန်းနှင့်ပတ်သက်သည့် အချက်အလက် အတော်များများရေးထားလေသည်။

အများအားဖြင့်တော့ ပင်လယ်ဓားပြကြီးများ မြှုပ်နှံထားသော ရတနာပစ္စည်းများအကြောင်းကို အတော်များများရေးထားသည်ကိုတွေ့ရလေသည်။

ဒေါက်တာမင်းထင်ကျော်က စာအုပ်ထဲမှာပါသောအကြောင်းအရာများကို အစအဆုံးဖတ်ကြည့်ပြီးနောက် စာအုပ်ကို စားပွဲပေါ်သို့ ပြန်တင်ထားလိုက်သည်။

"မာလ ဆိုတဲ့ သင်္ဘောသား ပြန်ရောက်လာပြီးတဲ့နောက်မှာ ခင်ဗျားအနေနဲ့ ဘာတွေဆက်လုပ်ခဲ့သေးလဲ"

"သူ ပြန်ရောက်လာပြီးတဲ့နောက်တစ်နေ့မနက်ပိုင်းမှာပဲ သင်္ဘောသားတွေကို အားလုံးစုပြီး သေနတ်တွေ၊ ဓားလှံလက်နက်တွေ အပြည့်အစုံယူကြပြီးတဲ့နောက် ကျွန်းပေါ်ကိုတက် .. ဘုရားကျောင်းပျက်ကြီးရှိတဲ့နေရာကို သွားခဲ့ကြတယ်"

"ဘယ်လိုထူးခြားမှုတွေ တွေ့ခဲ့ရသလဲ"

"သူပြောတဲ့အတိုင်း နတ်ဘုရားကျောင်းပျက်ကြီးနဲ့ ရုပ်တုကြီးတော့ တွေ့ခဲ့ရတယ်၊ ပလ္လင်ပေါ်မှာတော့ ရတနာပစ္စည်းတွေ ဘာမှမတွေ့ရပါဘူး၊ အဲဒီကပြန်အထွက်မှာတော့ ကြောက်စရာကောင်းတဲ့လူရိုင်းအချို့နဲ့တွေ့ပြီး တိုက်ခိုက်ကြတာ သင်္ဘောသားအတော်များများ သေခဲ့ကြတယ်၊ အချို့လည်း သူတို့ ဖမ်းခေါ်





သွားကြတယ်၊ ကျုပ်နဲ့သင်္ဘောသားအချို့သာ ကံကောင်းထောက်မခဲ့လို့ သူတို့လက်ကလွတ်ခဲ့ပြီး သင်္ဘောပြန်ရောက်ခဲ့တာပါ၊ အဲဒီနောက်တော့ ဆက်မနေဝံ့ကြတော့တာနဲ့ အဲဒီကျွန်းက ထွက်ပြေးခဲ့ကြရတယ်ဗျာ"

ဟု သံပချိုင် က ၄င်း ပြောလက်စ စကားများကို အဆုံးသတ် လိုက်လေတော့သည်။

"အခု ကျွန်တော့်ဆီရောက်လာတာ ဘယ်လိုအကူအညီမျိုးလိုအပ်လို့ပါလဲ"

ဟု မေးလိုက်သည်။

"ကျုပ်လာခဲ့တာ တခြားမဟုတ်ပါဘူး၊ ခင်ဗျားတို့နဲ့အတူ ပူးပေါင်းပြီး အော်စတာကျွန်းကို တစ်ခေါက်ပြန်သွားချင်လို့ပါပဲ၊ ကျုပ်တို့ချည်းတော့ ဒီကျွန်းကို ပြန်သွားဖို့ ဘယ်နည်းနဲ့မှမဖြစ်နိုင်တော့ပါဘူး၊ ဒါကြောင့် လာပြီး အကူအညီတောင်းတာပါ"

"ကျွန်တော့်ဆီကို ဘယ်သူက လမ်းညွှန်ပေးလိုက်တာလဲ"

"ဆိပ်ကမ်းရောက်တော့ ဦးဇန်ကောင်း ဆိုတဲ့ လူကြီးတစ်ယောက်တွေ့လို့ သူက လမ်းညွှန်ပေးလိုက်တာပါ"

ထိုအခါမှပင် သံပချိုင် ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပုံကို သဘောပေါက်သွားလေတော့သည်။

"ကောင်းပြီလေ .. ကျွန်တော်လည်း ခင်ဗျားပြောတာကို စိတ်ဝင်စားပါတယ်၊ ဒါပေမယ့် ဘယ်လိုစီစဉ်ကြမယ်၊ ဘယ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းသွားကြမယ်ဆိုတာကိုလည်း ပြောပါဦး''

''ကျုပ်တို့က ပင်လယ်ဓားပြအဖွဲ့တွေဆိုတော့ ပင်လယ်ပြင်မှာပေါ်ပေါ်ထင်ထင်သွားလို့မရပါဘူး၊ ဒါကြောင့် ဒီမှတ်တမ်းစာအုပ်ကို ခင်ဗျားကို ပေးထားခဲ့ပါ့မယ်၊ ခင်ဗျားတို့က ဒီအထဲမှာပါတဲ့လမ်းညွှန်အတိုင်း အဲဒီကျွန်းရောက်အောင်သွားနှင့်ကြပါ၊ ကျုပ်တို့က ပင်လယ်ပြင်က ကင်းအဖွဲ့တွေရဲ့အခြေအနေကိုကြည့်ပြီး နောက်ကလိုက်ခဲ့ပါ့မယ်''

ဟု ပြောသည်။

သံပချိုင် ပြောသော အစီအစဉ်မှာ သဘာဝကျသော်လည်း ၄င်းအနေနှင့် တစ်စုံတစ်ခု လျှို့ဝှက်ချက် သို့မဟုတ် အခြားအစီအစဉ်တစ်ခုခုရှိနေလိမ့်မည်ဟု အကဲခတ်မိလေသည်။

''နောက်တစ်ချက်က ကျွန်းပေါ်မှာရှိတဲ့ရတနာတွေကိုရခဲ့ရင် ခင်ဗျားတို့နဲ့ ထက်ဝက်စီခွဲယူဖို့လည်း သဘောတူပါတယ်''

ဒေါက်တာမင်းထင်ကျော် က ခေါင်းညိတ်ပြလိုက်သည်။

''ကောင်းပြီလေ၊ နောက်တစ်ပတ်လောက်ကြာရင်တော့ ကျွန်တော်နဲ့ ထပ်ပြီးဆက်သွယ်ကြည့်ပါ၊ ခရီးထွက်မယ့်အစီအစဉ်တွေကို ပြောပြပါ့မယ်''

ဟု ပြောလိုက်သောအခါ သံပချိုင်လည်း အဟန့်အသင့်စိတ်အေးသွားသောအမူအရာဖြင့် နှုတ်ဆက်ကာ ပြန်သွားလေသည်။





ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်လည်း သံပချိုင်ထားခဲ့သည့် မှတ်တမ်းစာအုပ်ကို တစ်ခေါက်ပြန်ဖတ်ကြည့်ပြီး ထိုကျွန်းနှင့်ပတ်သက်သော အချက်အလက်များကို ထုတ်ယူလေသည်။

ပင်လယ်ပြင်နေရာအနှံ့အပြားတွင် လူသူမရောက်သေးသော ကျွန်းပေါင်းများစွာရှိကြလေသည်။

ထိုအထဲတွင် ပုဏ္ဏကကျွန်းဟုခေါ်နေကြသော အော်စတာကျွန်းလည်း တစ်ခုအပါအဝင်ဖြစ်ပေလိမ့်မည်။

ကျွန်းနှင့်ပတ်သက်သည့်အချက်အလက်များကို သီးသန့်စာအုပ်ထဲမှာ ရေးမှတ်ထားပြီးနောက် ကျွန်းပေါ်မှာရှိသောရုပ်တုများနှင့် ပတ်သက်သော မှတ်တမ်းများကို လေ့လာရပြန်လေသည်။

ရုပ်တုများနှင့်ပတ်သက်သော အချက်အလက်များကို လိုအပ်သောအခါ ဒေါက်တာမင်းထင်ကျော် က ကျွန်ုပ်ရှိရာသို့ ရောက်လာပြီး မေးမြန်းလေသည်။

''ဘယ်လိုအစီအစဉ်များပေါ်လာပြန်ပြီလဲ မောင်ထင်ကျော်''

''ပင်လယ်ခရီးထွက်ကြဖို့ ဆရာ့ကို လာခေါ်တာပါ၊ နောက်ပြီး ကျွန်းပေါ်မှာ ကျောက်ရုပ်တွေ၊ ရုပ်တုတွေ အများကြီးရှိတဲ့ကျွန်းတွေအကြောင်းလည်း သိချင်လို့ပါ''

''ကမ္ဘာပေါ်မှာ ထူးဆန်းတဲ့ကျွန်းတွေကတော့ အများကြီးရှိတာပေါ့၊ အဲဒီအထဲမှာ ရုပ်တုတွေရှိတဲ့ကျွန်းတွေလည်း ရှိတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအထဲမှာ ချီလီနိုင်ငံပိုင်နက်ထဲမှာရှိတဲ့ အီစတာကျွန်းကတော့ နာမည်အကြီးဆုံးပေါ့''

''ဟင် .. အီစတာကျွန်း ဟုတ်လား၊ အခု ကျွန်တော်တို့ သွားမယ့်ကျွန်းကလည်း 'အော်စတာကျွန်း' လို့ပြောတယ်''

''ဟုတ်မှာပေါ့၊ အီစတာကျွန်းကတော့ ကမ္ဘာပေါ်မှာ အထူးဆန်းဆုံး .. ဂမ္ဘီရအဆန်းဆုံးနေရာတစ်ခုအဖြစ် ကမ္ဘာ့သုတေသနပညာရှင်တွေက လက်ခံထားကြတယ်၊ ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာသော်ဟေယာဒ်လ်ဆိုရင် အဲဒီနေရာရောက်အောင်သွားလေ့လာပြီး မှတ်တမ်းတစ်ခုရေးထားခဲ့တာရှိတယ်''

အနောက်ဘက်မိုးကောင်းကင်တွင် တိမ်နီများတောက်ပနေသည်။

ဝင်ခါနီးနေ၏ဖျော့တော့သောရောင်ခြည်တို့သည် တိမ်တောင်တိမ်လိပ်များပေါ်တွင် ရွှေရည်များပက်ဖျန်းထားသကဲ့သို့ဖြစ်နေသည်။

ရွှေပိုးမျှင်များကဲ့သို့ လှပနေသောရောင်ခြည်တို့သည် အီစတာကျွန်းကလေးအနီးရှိ သမုဒ္ဒရာရေပြင်ပေါ်တွင် ခုန်ပေါက်မြူးထူးလျက်ရှိ၏။

ရှေးဟောင်းသုတေသနပညာရှင်ကြီးနှင့် မနုဿဗေဒပညာရှင် နော်ဝေအမျိုးသား ရေကြောင်းစွန့်စားသွားလာသူ ဒေါက်တာ 'သောဟေယာဒဲလ်' (Thor Heyerdanl)နှင့်အဖွဲ့ လိုက်ပါလာ






သည့် အထူးစုံစမ်းလေ့လာရေးသုတေသနသင်္ဘောသည် အီစတာကျွန်းသို့ ချဉ်းကပ်လာနေပြီဖြစ်သည်။

အိပ်တန်းတက်ကြတော့မည့် စင်ရော်အုပ်များ၊ ကြက်တူရွေးအုပ်ကြီးများသည် နော်ဝေသုတေသနသင်္ဘောကလေးအနီး ဝဲပျံနေကြသည်မှာ လွမ်းမောဖွယ်ရာဖြစ်တော့သည်။

ဒေါက်တာသောဟေယာဒဲလ်နှင့်အဖွဲ့သည် ဝင်ခါနီးနေရောင်ခြည်ကြောင့် မှိုင်းပျပျဖြစ်နေသည့် အီစတာကျွန်းကလေးကို စိတ် ဝင်စားစွာ ရှုစိုက်ကြည့်နေကြ၏။

ကျွန်းပေါ်တွင် လူရိပ်လူခြေမမြင်ရ။

မှိုင်းပျနေသည့် သစ်တောအုပ်ကြီးများကိုလည်း မတွေ့ကြရချေ။

ကြီးမားသည့်ကျောက်ရုပ်တုကြီးကိုသာမြင်နေရသည်။

ကျောက်ရုပ်တုကြီးများကလည်း သေးငယ်သောကျွန်းကလေးနှင့် မနှိုင်းယှဉ်နိုင်လောက်အောင် များပြားနေသည့်မြင်ကွင်းကြောင့် သုတေသနသင်္ဘောကလေး၏ ကုန်းပတ်ပေါ်တွင်ရှိနေကြသည့် မာလိန်မှူးကြီး အန်ဟက်မတ်အပါအဝင် အမေရိကန်ပြည်ထောင်စုမှ မနုဿဗေဒနှင့် ရှေးဟောင်းသုတေသနပညာရှင်များပါ တုန်လှုပ်နေကြသည်။

အမှန်အားဖြင့် အီစတာကျွန်းကလေးသည် လူသိအလွန်နည်းသောကျွန်းကလေးဖြစ်၏။


www.burmeseclassic.com

www.burmeseclassic.com



ချိုလိနိုင်ငံတော်က ပိုင်ဆိုင်သောကျွန်းဖြစ်သော်လည်း ချိုလိနိုင်ငံနိုင်ငံနှင့် မိုင်ပေါင်း ၂၄၀၀ ကျော်ကွာဝေးပေသည်။

၁၇၂၂ ခုနှစ်တွင် ဒတ်(ချ်)အမျိုးသားရေကြောင်းစွန့်စားသွားလာသူ ဂျာကော့ရောဂီဗင်သည် ထိုကျွန်းကလေးကို အီစတာအခါတော်ရက်ထူးရက်မြတ်တွင် စတင်တွေ့ရှိရာမှ အီစတာကျွန်းဟု ခေါ်ဝေါ်ခဲ့ကြရသည်။

ထိုကျွန်းကလေးသည် ကမ္ဘာမြေပုံပေါ်တွင် အစက်ကလေးအဖြစ်သာ ဖော်ပြခဲ့သော်လည်း ယနေ့ထိ လျှို့ဝှက်နက်နဲဆန်းကြယ်သည့်နယ်မြေအဖြစ် မနုဿဗေဒပညာရှင်များ၊ သမိုင်းသုတေသီများ အငြင်းပွားနေရသည့်ကျွန်းကလေးဖြစ်၏။

ခေတ်အဆက်ဆက် ထိုကျွန်းကလေး၏သမိုင်းနှင့် ထိုကျွန်းကလေး၏လျှို့ဝှက်ဆန်းကြယ်မှုများကို လူများက စိတ်မဝင်စားခဲ့ပေ။

နယ်ချဲ့နိုင်ငံကြီးများကလည်း သူတို့အဖို့ အကျိုးအမြတ်နည်းသောကျွန်းကလေးဖြစ်သဖြင့် လှည့်၍မျှပင် မကြည့်ကြပေ။

အမှန်အားဖြင့် ကမ္ဘာသမိုင်းတွင် ခေတ်အဆက်ဆက် အမေ့ခံကျွန်းကလေးဖြစ်နေခဲ့၏။

ထိုကျွန်းကလေး၏ ယဉ်ကျေးမှုရေစီးကြောင်းကိုလည်း လူတွေက စိတ်မဝင်စားချေ။

သို့သော် ထိုကျွန်းပေါ်ရှိ ရုပ်တုကြီးပေါင်း ၆၀၀ ကျော်





ရှိခဲ့သည်ကိုမူ စွယ်စုံကျမ်းများ၊ သမိုင်းစာအုပ်များတွင် အောက်ခြေအမှတ်အသား(Foot Note)အဖြစ်ဖော်ပြခဲ့သည်။

အီစတာကျွန်းကလေးသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီးချိန်မှ လူသိအတော်အသင့်များလာသောကျွန်းကလေးဖြစ်၏။

၁၉၉၂ ခုနှစ်ကမူ ကမ္ဘာကျော်စာရေးဆရာနှင့် သုတေသနပညာရှင် ပေါ(လ်)ဒီဗာရက်(စ)ပြုစုသည့်ရှေးဟောင်းလျှို့ဝှက်နက်နဲသည့် ဂမ္ဘီရနယ်မြေများ(Secrets of Ancient and sacred Places) အမည်ရှိ စွယ်စုံကျမ်းထုတ်ဝေသောအခါတွင် ထိုကျွန်းကလေးအကြောင်းကို လူတွေ စိတ်ဝင်စားလာခဲ့ပြန်သည်။

အီစတာကျွန်းကလေး၏ လျှို့ဝှက်ဆန်းကြယ်မှုများအကြောင်း မတင်ပြမီ "ဂမ္ဘီရ"ဟူသော ဝေါဟာရအကြောင်းကို အလျဉ်းသင့်၍ တင်ပြလိုပါသည်။

"ဂမ္ဘီရ"ဟူသော စကားလုံးသည် ပါဠိစကားလုံးဖြစ်သည်။

၎င်း၏မူရင်းအနက်အဓိပ္ပာယ် "လေးနက်ခြင်း"ဟု ဆိုသည်။

လန်ဒန်မြို့ ပါဠိအသင်းတော်ကြီး(Pali Text Society)မှ ထုတ်ဝေသောပါဠိအဘိဓာန်ကြီးတွင် ဂမ္ဘီရစ်အဓိပ္ပာယ်ကို (Deep , Profound , Unfathomable) ဟု အနက်အဓိပ္ပာယ် ဖွင့်ပြထားသည်ကို တွေ့ရ၏။

ချိုင်း(လ်)ဒါး (Childer) ၏ ပါဠိအဘိဓာန်ကြီးတွင်လည်း



www.burmeseclassic.com

www.burmeseclassic.com



"ဂမ္ဘီရ"ဟူသော စကားလုံးကို (Deep , Unfathomable , Profound) ဟု အနက်အဓိပ္ပာယ်ဖွင့်ပြထားသဖြင့် "ဂမ္ဘီရ"ဟူသောစကားလုံး၏အဓိပ္ပာယ်သည် "လေးနက်ခြင်း"ကို ဆိုလိုသည်။ "လျှို့ဝှက်နက်နဲခြင်း၊ ဆန်းကြယ်ခြင်း"များကိုလည်း ဆိုလိုသည့်ဟန်ရှိပေသည်။

အထက်ဖော်ပြပါ အီစတာကျွန်းကလေး၏သမိုင်းသည် ဆန်းကြယ်လှသည်။

ထိုကျွန်းကလေးသည် စတုရန်းမိုင် ၄၅ မိုင် အကျယ်အဝန်းတွင် ရုပ်တုကြီးပေါင်း ၆၀၀ ကျော်ခန့်ရှိခဲ့၏။ ထိုရုပ်တုကြီးများသည် ၃ ပေအရွယ်ရှိရုပ်တုမှ ပေပေါင်း ၇၀ ကျော်အထိ မြင့်မားကြ၏။

ရုပ်တုကြီးများအနက် ထက်ဝက်ခန့်မှာ မီးတောင်ဆင်ခြေလျှောကမ်းပါးများတွင် မတ်ရပ်တည်နေကြ၏။

ထိုရုပ်တုကြီးများအားလုံးလိုလိုသည် ထက်ကောင်းကင်ကိုလည်းကောင်း၊ ပင်လယ်ကမ်းခြေဘက်သို့လည်းကောင်း စူးစိုက်ကြည့်နေသည့်သဏ္ဌာန်ကို တွေ့ကြရသည်။

ထိုကျောက်ရုပ်ကြီးများ၏အောက်ခံမှာ ကျောက်သားပကတိကို ထုထားသောကျောက်သားစစ်စစ်ဖြစ်၍ ထုလျှင် သံမဏိများကိုထုရသကဲ့သို့မာသည်ဟု ဆိုကြ၏။

ထိုကျောက်ရုပ်ကြီးများ၏ ပုံပန်းသဏ္ဌာန်များမှာလည်း





တစ်ခုနှင့်တစ်ခု တူညီနေသည်ကို အံ့သြဖွယ်တွေ့ရမည်ဖြစ်သည်။

ကျောက်ရုပ်ကြီးများ၏ ဦးခေါင်းထက်တွင် အနီရောင်ကျောက်သားများဖြင့် တုလုပ်ထားသည့် ဦးထုပ်ကြီးများကို ဆောင်းထားကြပြီး ထိုဦးထုပ်ကြီးများမှာ ဆလင်ဒါပုံသဏ္ဌာန်ရှိနေလေသည်။

အချို့ကျောက်ရုပ်ကြီးများမှာ တန်ချိန် ၅၀ ခန့်အလေးချိန်ရှိမည်ဟု ခန့်မှန်းထားကြ၏။

ထိုကျွန်းကလေးမှာ မီးတောင်ဟောင်းရှိခဲ့သည့်ကျွန်းကလေးဖြစ်သဖြင့် ကျွန်းပေါ်တွင် သစ်ပင်ကြီးများကိုတွေ့ရန် ခဲယဉ်းလှပြီး ချုံနွယ်ပင်များကိုသာ အများအားဖြင့်တွေ့ကြရ၏။

ထိုအရုပ်ကြီးများအချို့တွင် ထွင်းထားသည့်အရုပ်စာများကို အချို့သစ်သားတုံးကြီးများတွင် ထွင်းထုထားသည်။

အရုပ်စာများသည် ရှေးဟောင်း အီဂျစ်နှင့် ပီရူးပြည်နယ်ရှိ ရှေးဟောင်းပိရမစ်များတွင်တွေ့ရသည်။

၎င်းအရုပ်စာများသည် ဟိုက်ရိုဂလေဖစ်ခေါ် အရုပ်စာများနှင့် ဆင်သည်ဟူ၍သာ ဆိုကြသော်လည်း ယနေ့ထိ ထိုစာများ၏ အဓိပ္ပာယ်ကို တိတိကျကျမည်သူမျှမဖော်နိုင်ကြသေးပေ။

ထိုကျောက်ရုပ်ကြီးများနှင့်ပတ်သက်၍ လျှို့ဝှက်ဆန်းကြယ်လွန်းသည်ဟု ဆိုရလေတော့မည်။

အထက်တွင်ဖော်ပြခဲ့သည့် ကျောက်ရုပ်ကြီးပေါင်း ၆၀၀ ကျော်အနက် ကျောက်ရုပ် ၈၀ ခန့်တို့သည် ထိုကျွန်းကလေးရှိ



www.burmeseclassic.com

www.burmeseclassic.com



မီးငြိမ်းတောင်အဝတွင် တစ်ပိုင်းတစ်စ ထုလုပ်ဆဲတန်းလန်းဖြင့် အပြီးမသတ်ရသေးဘဲ ကျန်ရစ်နေကြသည်ကိုတွေ့ရှိကြရ၏။

အရုပ်ကြီးများ ထုလုပ်နေစဉ် မီးတောင်များ ပေါက်ကွဲခဲ့သလော။

သို့သော် သုတေသနပညာရှင်များ၏ အယူအဆအရ မီးတောင်ပေါက်ကွဲသည့်လက္ခဏာများကို မတွေ့ရဟုဆိုသည်။

သို့ဖြစ်လျှင် ပန်းပုဆရာများသည် ထိုထုလုပ်လက်စတန်းလန်းဖြစ်နေသော ရုပ်တုများကို အဘယ်ကြောင့် အပြီးမသတ်ခဲ့သနည်း။

ထိုရုပ်တုကြီးများကို ပန်းပုဆရာတို့သည် မီးတောင်ဝမှ အဝါရောင်မှိုင်းမှိုင်းရှိသော ကျောက်သားများကို ဖဲ့ယူ၍ ရုပ်တုများ ထုလုပ်ခဲ့ဟန်တူ၏။ အကြောင်းမှာ ထုလုပ်၍မပြီးသေးသော ရုပ်တုများသည် မီးတောင်မှကျောက်သားများနှင့် တူညီနေ၏။

ထိုရုပ်တုကြီးများ၏ အနီးအနားတွင်ထုလုပ်သော ပန်းပုဆရာတို့၏ ဓား ဆောက် ပုဆိန် စသော ကျောက်လက်နက်ကိရိယာများ ပြန့်ကျဲနေသည်ကို အံ့သြစွာတွေ့ရှိကြရသည်။

ပန်းပုဆရာတို့သည် မီးတောင်ဆီမှ ကျောက်သားများကို ဖဲ့၍ ရုပ်တုကြီးများထုလုပ်နေစဉ် မမျှော်လင့်သောဘေးအန္တရာယ်နှင့်တွေ့ရသဖြင့် မိမိတို့ထုလုပ်လက်စရုပ်တုများကိုထား၍ လက်လွှတ်ထွက်ပြေးခဲ့ကြသလော။

ထိုသို့မဟုတ်ပါက ထိုပန်းပုဆရာများကို အခြားလူမျိုးတစ်





စုက လာရောက်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသလော။

ဤသည်ကို မည်သူမျှ တိတိကျကျမပြောနိုင်။ မည်သည့်မှတ်တမ်းမှတ်ရာ စာတစ်စောင်ပေတစ်ဖွဲ့မျှမရှိပေ။

သို့ဖြစ်၍ နှောင်းခေတ်သုတေသနပညာရှင်များအဖို့ အဖြေရှာရန်ခက်နေခဲ့ကြရ၏။

ထိုအရုပ်ကြီးများ၏ မျက်လုံးများကို သန္တာကျောက်ဖြူများ၊ မီးတောင်မှ အနီရောင်အဆင်းရှိသော ချော်တို့ဖြင့် တသီးတခြား ပြုလုပ်ထားကြသည်။

ကျောက်ရုပ်ပေါင်း ၆၀၀ ကျော်ခန့်မှ ရေးဟောင်းအရုပ်စာရေးသားထားသည့်ကျောက်ပြားအပဲ့ ၁၀ ချပ်မျှသာတွေ့ရှိရသည်။

ထိုကျောက်ပြားအပိုင်းအစများကို ယခုအခါ ချီလီနိုင်ငံ ဆန် တီယာဂိုမြို့တော် ရှေးဟောင်းပြတိုက်ကြီးတွင် တွေ့ရှိရမည်ဖြစ်၏။

သို့သော် ထိုကျောက်ပြားများပေါ်ရှိ အက္ခရာများ၏အဓိပ္ပာယ်ကို မည်သည့်ပညာရှင်များမှ တိတိကျကျ မဖော်ထုတ်နိုင်။

အိမ်နီးချင်းနိုင်ငံမှာလည်း မိုင်ပေါင်းထောင်နှင့်ချီဝေးသော ဤကျွန်းကလေးပေါ်မှာ ရုပ်တုပေါင်း ၆၀၀ ခန့်ရှိနေရခြင်းကို လေ့လာခဲ့ကြသည်။

ဤကျွန်းကလေးတွင် ယခင်က လူ ၁၁၁ ဦးသာရှိခဲ့သည်။ ဤမျှသောလူပေါင်းအနည်းငယ်နှင့် ဤရုပ်တုကြီးများကို မည်



www.burmeseclassic.com

www.burmeseclassic.com



သို့မည်ပုံ ရွှေ့ပြောင်းနိုင်ခဲ့သနည်း။

ဤကျွန်းသားများသည် အခြားယဉ်ကျေးသောလူမျိုးစုများကဲ့သို့ အဆောက်အအုံများ၊ ခံတပ်များ၊ ဘာသာရေးအဆောက်အအုံများကို အဘယ်ကြောင့်မတည်ဆောက်ခဲ့သနည်း။

ထိုကျောက်ရုပ်ကြီးများသည် ကွယ်လွန်သူများအား မြှုပ်နှံရန် ပြုလုပ်ထားသည့် သင်္ချိုင်းဂူများဖြစ်ပေသလော။

ဤအချက်နှင့်ပတ်သက်သည့်အထောက်အထားများမတွေ့ရဟု ဆိုခဲ့ကြသည်။

ထိုကျွန်း၏အမည်ကိုပင် မည်ကဲ့သို့ခေါ်သည်ဆိုသည်ကို မည်သူမျှ တိတိကျကျမပြောနိုင်။

ထူးဆန်းလွန်းသည်ဟူ၍သာ ဆိုစမှတ်ပြုခဲ့ကြ၏။

ယခုအခါတွင်မူ အခြားကျွန်းသားများက ထိုအီစတာကျွန်းတွင်နေထိုင်သူများနှင့် ထိုကျွန်းကလေးကို "ငှက်လူသားတို့နေ ထိုင်သည့်နယ်မြေ" (The Land of the Bird Men) ဟုခေါ်သည် ဟု မရေမရာဆိုစမှတ်ပြုခဲ့ကြ၏။

၁၇၂၂ ခု အီစတာပွဲတော်နေ့တွင် ဒတ်(ချ်)အမျိုးသား မာလိန်မှူး ရော(ခ)ဂီဗင်ခေါင်းဆောင်သော သင်္ဘောသားအချို့တို့သည် ဤကျွန်းကလေးကို အမှတ်မထင်တွေ့ရှိခဲ့ကြရသည်။

ကျွန်းကလေးကို မြေပုံပေါ်တွင်ဖော်ပြထားခြင်းမရှိ။ ကျွန်းကလေး၏အမည်ကို မည်သူမျှမသိသဖြင့် ထိုကျွန်းကလေးကို





အီစတာကျွန်းဟုခေါ်ခဲ့ကြ၏။

ကျွန်းပေါ်တွင် တွေ့ကြရသည့်ကျွန်းသူကျွန်းသားများမှာလည်း အခြားကျွန်းသားများနှင့်မတူ အသားအရောင်ကွဲပြားခြားနားပြီး အရပ် ၆ ပေကျော်မြင့်ကြ၏။

ထူးဆန်းသည့်ကျောက်ရုပ်တုကြီးများကိုလည်း တွေ့ရသဖြင့် အထူးအံ့သြခဲ့ကြရသည်။

သူတို့၏ အယူအဆအရ ထိုကျွန်းမှ ကျွန်းသူကျွန်းသားများသည် တဟောတီ၊ ဟာဝိုင်ရီ စသော အခြားကျွန်းသူကျွန်းသားများနှင့် ဆင်တူသည်။ ပိုလီနီးရှန်းလူမျိုးတို့၏အဆက်အနွယ်များဖြစ်သည်ဟု မာလိန်မှူးကြီး ရော့(ခ်)ဂီဗင်က သူ့မှတ်တမ်းတွင် ဖော်ပြခဲ့၏။

ကျွန်းသူကျွန်းသားအားလုံး နေမင်းကို ကိုးကွယ်သည်ဟူ၍သာ ဆို၏။

ကျွန်းသူကျွန်းသားတို့၏ခေါင်းဆောင်ဟု ယူဆရသူမှာ အသားဖြူ၍ အရပ်အရှည်ဆုံးကျွန်းသားတစ်ဦးဖြစ်နေသည်။

သူ၏အသားအရေ၊ ကိုယ်ဟန်အနေအထားမှာ အံ့သြဖွယ်ကောင်းလောက်အောင် ဥရောပတိုက်သားနှင့်တူလှသည်ဟု မှတ်တမ်းတွင်ဖော်ပြခဲ့၏။

ကျွန်းသူကျွန်းသားအနည်းငယ်သာ တွေ့ရသဖြင့် အချို့ကလေးများနှင့် အမျိုးသမီးများသည် ထိုကျွန်း၏မြေအောက်



www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ဂူများတွင် လျှို့ဝှက်စွာနေထိုင်ကြဟန်ရှိသည်ဟူ၍သာ ဖော်ပြထားခဲ့၏။

ဒတ်(ချ်)အမျိုးသားများသည် အီစတာကျွန်းပေါ်တွင် တစ်ရက်သာကြာမြင့်ခဲ့ကြ၏။

အထက်ဖော်ပြပါ အချက်အလက်များမှလွဲ၍ မည်သည့်အကြောင်းအရာကိုမျှမသိကြရပေ။

အခြားစွန့်စားသွားလာသူများကလည်း နောက်ထပ်မတွေ့ကြရပေ။

သို့ဖြစ်၍ အီစတာကျွန်းကလေးကို ဒဏ္ဍာရီသဖွယ် သဘောထားခဲ့ကြသည်။

၁၇၇၀ ပြည့်နှစ်တွင် စပိန်အမျိုးသား ဖိလစ်ဂွန်ဇေလက်(စ်) ခေါင်းဆောင်သော သင်္ဘောနှစ်စင်းသည် ဒဏ္ဍာရီဆန်သော အီစတာကျွန်းကလေးကို အမှတ်မထင်တွေ့ခဲ့ကြသည်။

ထူးဆန်းသောကျောက်ရုပ်ကြီးများ ရာပေါင်းများစွာကို တွေ့ရသဖြင့် အထူးပင်အံ့သြကြရသည်ဟု သင်္ဘောမှတ်တမ်းဖော်ပြခဲ့သည်။

ထိုသူတို့သည်ကျွန်းကလေး၏အမည်ကို ''ဆန်ကာလိုကျွန်း'' ဟု စပိန်ဘာသာဖြင့်အမည်ပေးခဲ့ကြပြီး ခရီးဆက်ခဲ့ကြသည်။

သို့သော် ထိုအမည်ကို မည်သူမျှခေါ်ဝေါ်ခဲ့ခြင်းမရှိချေ။

ယခင် အီစတာကျွန်းဟူသောအမည်ကိုသာ အများက အသိ





အမှတ်ပြုခဲ့ကြ၏။

အီစတာကျွန်းပေါ်သို့ တတိယအကြိမ် ခြေချခဲ့သူမှာ နာမည်ကျော်ဗြိတိသျှအမျိုးသား ကပ္ပတိန်ကွတ်ဖြစ်၏။

သူ့မှတ်တမ်းအရဆိုလျှင် ထိုကျွန်းကလေးပေါ်တွင် ကျွန်းသူကျွန်းသား အနည်းငယ်မျှသာတွေ့ရသဖြင့် စပိန်လူမျိုးများ လာရောက်ခဲ့စဉ်က သတ်ဖြတ်ခဲ့သည်ဟုယူဆခဲ့ကြ၏။

ထူးဆန်းသည့်ကျောက်ရုပ်တုကြီးများသည် လျှို့ဝှက်ဆန်းကြယ်သောအချက်အလက်များရှိနေပေလိမ့်မည်ဟု ကပ္ပတိန်ကွတ်က ကောက်ချက်ချ၏။

အချို့နေရာများတွင် မြေကြီးအတွင်း ဆင်းသွားနိုင်သောအထောက်အထားများကို တွေ့ရသဖြင့် လိုဏ်ဂူကြီးများရှိသည်ဆိုသည်မှာ မည်သူမျှ ငြင်းဆိုနိုင်မည်မဟုတ်ဟု မှတ်ချက်ချခဲ့၏။

ထူးဆန်းသည့်ရုပ်တုကြီးများအကြောင်းကိုမူ ရှင်းလင်းနိုင်ခြင်းမရှိ။ ကျွန်းသူကျွန်းသားများမှာလည်း ကန့်စွန်းဥကိုသာ အဓိကအားထားစိုက်ပျိုးထားသည်ကိုတွေ့ရသည်ဟု ဆိုခဲ့၏။

ကပ္ပတိန်ကွတ်၏သင်္ဘောပေါ်တွင် လိုက်ပါလာသူ ပိုလီနီးရှန်းသင်္ဘောသားအချို့အား အီစတာကျွန်းသားများနှင့် စကားပြောဆိုစေခဲ့၏။

ကျွန်းသူကျွန်းသားများ၏ ပြောပြချက်အရမူ ထိုရုပ်တုကြီးများသည် အီစတာကျွန်းအား စိုးမိုးအုပ်ချုပ်ခဲ့သူ မင်းမျိုးမင်းနွယ်



www.burmeseclassic.com

www.burmeseclassic.com



တို့၏ သင်္ချိုင်းဂူများဖြစ်သည်ဟူ၍ မရေရာသောအဖြေသာ ရခဲ့သည်ဟုဆိုခဲ့၏။

၁၇၇၈ တွင် အီစတာကျွန်းပေါ်သို့ ခြေချခဲ့သူကား ပြင်သစ်အမျိုးသား လာပီရော့ဖြစ်၏။

သူရောက်ရှိသည့်အချိန်တွင်မူ ကျွန်းသူကျွန်းသားအားလုံးကို တွေ့ခဲ့ရသည်ဟု သူ့မှတ်တမ်းတွင် ဖော်ပြခဲ့ဖလသည်။

သို့သော် ထိုကြီးမားသည့်ရုပ်တုကြီးများ၏ ပဟေဠိကိုမူ ထုတ်ဖော်နိုင်ခြင်းမရှိခဲ့ပေ။

ထိုကျွန်းသူကျွန်းသားများ ဤရုပ်တုကြီးများကို မည်သို့ထုလုပ်ခဲ့ကြသည်ကိုလည်း ထုတ်ဖော်နိုင်ခြင်းမရှိသဖြင့် ထိုကျွန်းကလေးမှာ လျှို့ဝှက်ဆန်းကြယ်သော ကျွန်းကလေးတစ်ကျွန်းဟူ၍သာ မှတ်တမ်းတင်ခဲ့ပြီး နှစ်ပေါင်းများစွာ အမေ့ခံကျွန်းကလေးဖြစ်နေခဲ့ရသည်။

ရုရှားသင်္ဘောအချို့သည်လည်း ထိုကျွန်းကလေးအနီးသို့ရောက်ရှိခဲ့ကြ၏။ သို့သော် ကျွန်းကလေးသည် မြင့်မား၏ ထူထပ်သောကျောက်ဆောင်များကြောင့် သင်္ဘောများ ဆိုက်ကပ်နိုင်ခြင်းမရှိခဲ့ဟု ဆိုခဲ့ကြ၏။

၁၈၆၂ ခု အီစတာပွဲတော်ရက်တွင် ပီရူးရေတပ်မတော်မှ သင်္ဘော ၇ စင်းသည် အီစတာကျွန်းသို့ရောက်ရှိလာခဲ့ကြပြီး ကျွန်းသူကျွန်းသာအချို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။





ခရစ်ယာန်အဖွဲ့အစည်းများက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့သဖြင့် ထိုကျွန်းကလေးအား ဆက်လက်သွားရောက်ခဲ့ခြင်းမရှိကြတော့။

ဤသို့ဖြင့် အီစတာကျွန်းကလေးသည် ဒဏ္ဍာရီသဖွယ်ဖြစ်ခဲ့ရပြန်သည်။

ဝိုင်းစက်သောလသည် အီစတာကျွန်း၏တောင်ပူစာပေါ်မှ တငြိမ့်ငြိမ့်ထွက်လာသည်။

ပင်လယ်ရေပြင်သည် လရောင်အောက်တွင် ရွှန်းလက်လျက်ရှိ၏။

ငွေပိုးချင်လို လှပသောလရောင်သည် ပင်လယ်ပြင်ပေါ်တွင် ခုန်ပေါက်မြူးထူးလျက်ရှိနေသည်။

ဒေါက်တာ သောဟေယာဒဲ(လ်)သည် သူ့ရှေ့ရှိ လရောင်ရွှန်းမြသည့် ပင်လယ်ပြင်ကြီးကို ငေးမောကြည့်ရှုလျက်ရှိသည်။

တိုက်ခတ်လျက်ရှိသောလေမှာ စိမ်းလန်းသောတောအုပ်ကလေးမှ ရနံ့များဖြင့်လည်းကောင်း၊ ပင်လယ်ပြင်မှ ဆားနံ့များဖြင့်လည်းကောင်း တသင်းသင်းထုံလျက်ရှိသည်။

ပင်လယ်ထန်းပင်ပျိုများ၊ ခနိပင်ထိပ်ဖျားများပေါ်သို့ တိုက်ခတ်နေသော လေသံများကို တသဲ့သဲ့ကြားနေရ၏။

ပင်လယ်ဘက်မှရိုက်ခတ်လာသော လှိုင်းလုံးကြီးများသည် ကမ်းစပ်ကို ကျော်ဖြတ်၍ ကုန်းပေါ်သို့ရောက်ပြီးနောက် ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တုံးကျောက်ဆောင်များအကြားတွင် ပြိုကွဲသွားကြ၏။

ဤသို့ဖြင့် ကျောက်တုံးကျောက်ခဲများကို တိုက်ခတ်နေသော အသံသည် တစ်ဖန်ပြန်၍ငြိမ်သက်သွားပြီးနောက် ပင်လယ်ပြင်သို့ လှိုင်းလုံးများ ပြန်၍ ကျဆင်းသွားပြန်သည်။

သို့သော် နောက်တစ်ကြိမ် တိုက်ခတ်ရန် အားယူနေခဲ့ပြန်၏။

ဒေါက်တာယောယာဒဲ(လ်)သည် လရောင်ရှန်းမြသည့် ပင်လယ်ပြင်ကို တအံ့တသြငေးမောကြည့်နေရင်း ၁၉၁၄ ခုနှစ်က အီစတာကျွန်းကလေးသို့ရောက်ခဲ့သည့် ဗြိတိသျှသိပ္ပံပညာရှင်နှင့် သုတေသနပညာရှင် ကက်သရင်းဂုလက်(ချ်)ကို သတိရမိသည်။

ကက်သရင်းသည် အမျိုးသမီးတစ်ဦးဖြစ်သော်လည်း သုတေသနပြုလုပ်ခဲ့သည့်လုပ်ငန်းများတွင် အမျိုးသားပညာရှင် အချို့ထက်သာလွန်သည်ဟု အများက ယူဆခဲ့ကြ၏။

သမိုင်းအဆက်ဆက် အမေ့ခံကျွန်ကလေးဖြစ်သော အီစတာကျွန်းကလေးသို့ သူ့ကိုယ်ပိုင်ရွက်သင်္ဘော၊ သူ့ကိုယ်ပိုင်ငွေကြေးဖြင့် လာရောက်လေ့လာသုတေသနပြုခဲ့ခြင်းဖြစ်၏။

ကက်သရင်းဂု လက်(ချ်)သည် အင်္ဂလန်မှထွက်ခွာလာသောအချိန်တွင် ဥရောပ၌ ပထမကမ္ဘာစစ်မီးကြီး၏အငွေ့အရိပ်တို့ ယှက်သန်းစပြုနေချိန်ဖြစ်သည်။

ချီလီအစိုးရ၏ ခွင့်ပြုချက်ဖြင့် အီစတာကျွန်းသို့ရောက်ရှိခဲ့ပြီး ထိုကျွန်းပေါ်ရှိ လျှို့ဝှက်ဆန်းကြယ်သောကျောက်ရုပ်တုကြီး





များ၏ ပဟေဠိကိုဖြေရှင်းနိုင်လိမ့်မည်ဟူသော ခိုင်မာသည့် ဆုံးဖြတ်ချက်ဖြင့် သုတေသနပြုခဲ့၏။

သူ့အရင် အီစတာကျွန်းအကြောင်း လေ့လာခဲ့ကြသည့် စိတ်ကူးယဉ်ပညာရှင်အချို့တို့ကမူ ထိုကျွန်းသို့ ပိုလီနီးရှန်းလူမျိုးတို့သည် သူတို့နေထိုင်သည့်ကျွန်းများဖြစ်သည့် ဖာအူအီဗာကျွန်း၊ မာကွိုဆကျွန်း စသော ကျွန်းများမှ ကနူးခေါ် လုံးထွင်းလှေများဖြင့် လာရောက်ခဲ့ခြင်းဖြစ်ဟန်တူသည်ဟု ဆိုကြ၏။

ထိုအဆိုကို ကက်သရင်းက လက်ခံလိုဟန်မတူ။

သို့ဖြစ်၍ မိမိစရိတ်ဖြင့် မိမိအကုန်အကျခံကာ ထိုကျွန်းကလေးသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။

ကြီးမားသည့်ကျောက်ရုပ်ကြီးများ၏ အနီးတစ်ဝိုက်တွင် စနစ်တကျတူးဖော်၍ သုတေသနပြုလုပ်ရန် ပညာရှင်အမြောက်အမြားလိုသည်ဟု ကက်သရင်း က ယူဆသည်။

သူ ဦးဆောင်သည့် လေ့လာရေးအဖွဲ့တွင် လုံလောက်သည့် ငွေကြေး၊ ပစ္စည်းနှင့် ပညာရှင် မပြည့်စုံချေ။

သို့ဖြစ်၍ သူ တတ်နိုင်သလောက်သာ လေ့လာနိုင်ခဲ့သည်။

အီစတာကျွန်းပေါ်၌ အချိန်ကြာမြင့်စွာ သုတေသနပြုနိုင်ရန် အခြေအနေမပေးခဲ့ပေ။

ဗြိတိသျှအစိုးရကလည်း ဥရောပတွင် စစ်ပြင်ဆင်နေသဖြင့် ကက်သရင်း၏ အီစတာကျွန်းလေ့လာရေးအဖွဲ့ကို လျစ်လျူပြု



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့၏။

သတင်းစာကြီးများနှင့် ဂျာနယ်များတွင် စစ်ပြင်ဆင်ရေး သတင်းများသာ ဦးစားပေးဖော်ပြခဲ့သဖြင့် ထိုသုတေသနအဖွဲ့ကို လူများက မသိကြပေ။

သို့သော် ကက်သရင်းသည် တတ်နိုင်သမျှ အတိုင်းအတာ အရ လေ့လာခဲ့၏။

ထိုစဉ်က ကျွန်းသူကျွန်းသားများကလည်း စိတ်ပါလက်ပါ အားပေးကူညီခဲ့ခြင်းမရှိ။

ထိုကျွန်းရှိ ကျောက်ရုပ်တုကြီးများကို လေ့လာလေ့ရလ လျှို့ ဝှက်နက်နဲဆန်းကြယ်လေလေဖြစ်သည်ဟု ကက်သရင်းက နောင် အခါတွင် ထုတ်ဖော်ပြောပြခဲ့၏။

ရက်ကြာကြာသုတေသနမပြုနိုင်သော ကက်သရင်းတို့အဖွဲ့ သည် ရုပ်တုကြီးများ၏ လျှို့ဝှက်ဆန်းကြယ်မှုကို မရှင်းနိုင်ခဲ့ပေ။

သူမ မှတ်သားထားခဲ့သည့်မှတ်တမ်းမှတ်ရာများမှာလည်း လမ်းခရီးတွင် ပျောက်ဆုံးခဲ့ရသည်ဟုဆိုသည်။

သို့သော် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ၁၉၁၉ ခုနှစ် တွင် သုတေသနပညာရှင် ကက်သရင်းဂုလက်(ချ)သည် "အီစတာ ကျွန်း၏လျှို့ဝှက်ဆန်းကြယ်မှုများ(The Mystery of Easter Island) စာအုပ်ကို ရေးသားထုတ်ဝေခဲ့လေသည်။

သူ့ကျွန်းကလေးပေါ်တွင် တွေ့ရသည့်အတွေ့အကြုံများ၊





ကျောက်ရုပ်တုကြီးများ၏ ဆန်းကြယ်ပုံများကိုသာ ဖော်ပြရေး သားထားခဲ့သော်လည်း ထိုရုပ်တုကြီးများ၏ လျှို့ဝှက်ဆန်းကြယ် သောအချက်အလက်များကို ရှင်းလင်းနိုင်ခြင်းမရှိခဲ့ပေ။

အီစတာကျွန်းကလေးကို ကမ္ဘာက နှစ်ပေါင်း ၂၀ ကျော်နီးပါး မေ့လျော့ခဲ့ပြီး ၁၉၃၅ ခုနှစ် ဒီဇင်ဘာလတွင် ပြင်သစ်နှင့် ဘယ်(လ်) ဂျီယန်အစိုးရ၏ ထောက်ပံ့ငွေဖြင့် သုတေသန အနု ပညာရှင်များသည် ထိုကျွန်းကလေးသို့ သုတေသနပြုရန် ရောက် ရှိလာခဲ့ကြ၏၊

သို့သော် သမိုင်းသုတေသနပညာရှင်တစ်ဦး ကွယ်လွန်ခဲ့ရ သဖြင့် ထိုကျွန်းပေါ်တွင် ဆက်လက်စူးစမ်းသုတေသနပြုရန် လုပ် ငန်းကို လက်လျှော့ခဲ့ရပြန်သည်။

အဖွဲ့တွင် ခေါင်းဆောင်အဖြစ်ပါဝင်သူ ပြင်သစ်ပညာရှင် မီထရောင်းမှာ အီစတာကျွန်းကလေးပေါ်ရှိ ထူးဆန်းအံ့ဩဖွယ် ကောင်းသည့် ရုပ်တုကြီးများထက် အခြားလုပ်ငန်းကိုသာ စိတ် ဝင်စားသည်ဟု အများက စွပ်စွဲခဲ့ကြ၏။

ထိုလုပ်ငန်းများမှာ ရှေးပဆေသဏီက ပင်လယ်ဓားပြများ၏ ပျောက်ဆုံးနေသော ရတနာသိုက်များရှိနိုင်သည်ဟု ထင်မှတ် သဖြင့် ရတနာသိုက်ရှာဖွေရေးကိုသာ စိတ်ဝင်စားသည်ဟု စွပ်စွဲ ခဲ့ကြသည်။

မီထရောင်းသည် အီစတာကျွန်းပေါ်ရှိ တိုင်းရင်းသားတို့ထံမှ



www.burmeseclassic.com

www.burmeseclassic.com



ဒဏ္ဍာရီများကိုသာ လေ့လာခဲ့ပြီး ထိုကျောက်ရုပ်ကြီးများသည် လျှို့ဝှက်ဆန်းကြယ်သော အချက်အချက်များမရှိနိုင်။ လူအများ ချဲ့ထွင်ပြောကြခြင်းဖြစ်သည် ဟူ၍သာ မရေရာသောကောက် ချက်ကို ချခဲ့သည်။

သို့ဖြစ်၍ အီစတာကျွန်း၏လျှို့ဝှက်ဆန်းကြယ်မှုသည် မည် သူမျှ ရှင်းလင်းနိုင်ခြင်းမရှိ။

ထိုကျွန်းမှ တွေ့ရှိခဲ့ရသည့်ကျောက်ရုပ်တု အကျိုးအပဲ့များ သည် ပြတိုက်ကြီးများတွင်ပြသထားခြင်းသာရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်မီးကြီးတောက်လောင်လာခဲ့သောအခါတွင် အီစတာကျွန်းကလေးမှာ အမေ့ခံကျွန်းကလေးဖြစ်ခဲ့ရပြန်သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီးနောက် သုတေသန ပညာ ရှင်များသည် အီစတာကျွန်းကလေးကို စိတ်ဝင်စားလာခဲ့ပြန်သည်။

ကြီးမားသောရုပ်တုကြီးများမှ ဦးခေါင်းကြီးများမှာ အတိတ် ၏ လျှို့ဝှက်နက်နဲမှုများကို ဖော်ပြသည့် အဓိကအမှတ်အသား များဖြစ်နိုင်သည်ဟူ၍ တက်သစ်စသုတေသီများက ကောက်ချက်ချ ခဲ့ကြသည်။

သစ်ပင်ကြီးများကင်းမဲ့သော ထိုကျွန်းကလေးပေါ်တွင် မှိုး ကောင်းကင်သို့ထိုးတက်နေသကဲ့သို့ရှိသော ကျောက်ရုပ်ကြီး ပေါင်း ၆၀၀ ခန့်ကို ယောက်ျားများ၏သဏ္ဌာန်ကိုသာ ကျောက် တုံးကြီးတစ်တုံးချင်း လှပပြောင်မြောက်စွာထုလုပ်ထားခြင်းဖြစ်၏။





ဤမျှလောက်ကြီးမားသောကျောက်တုံးကြီးများကို မည်ကဲ့ သို့သယ်ဆောင်လာပြီး ရုပ်လုံးပေါ်အောင် မည်ကဲ့သို့ထုလုပ်နိုင်ခဲ့ သနည်း ဟူသော အမေးကို သေချာစွာမဖြေနိုင်ပေ။

အနီရောင်အခြားကျောက်တုံးကြီးများကို ဦးထုပ်သဏ္ဌာန်ထု ၍ မြေကြီးမှ ၃၆ ပေခန့်အမြင့်ရှိသည့် ထိုကျောက်ရုပ်ကြီးတို့၏ ဦးခေါင်းပေါ်သို့ မည်ကဲ့သို့တင်နိုင်ခဲ့သနည်း ဆိုသည်မှာလည်း အဖြေမရှာနိုင်ခဲ့။

နှစ်ပေါင်းများစွာက ဗိသုကာဆရာများသည် ယနေ့ခေတ် အတော်ဆုံးအင်ဂျင်နီယာများလောက် ပြုလုပ်နိုင်စွမ်းရှိခြင်းမှာ အံ့ဩဖွယ်ကောင်းလှသည်။

အီစတာကျွန်းသည် မီးငြိမ်းတောင်ဟောင်းတစ်ခုပေါ်တွင် တည်ရှိ၍ ထိုထိပ်ဝ၏အတွင်းအပေါ်နားတွင် ထိုကျောက်ရုပ်တု များကို ဗိသုကာဆရာများသည် ထုလုပ်ထားခြင်းမှာ အံ့ဩဖွယ် ရာပင်။

ထိုကျွန်းပေါ်ရှိ ကျွန်းသူကျွန်းသားတို့၏ ဒဏ္ဍာရီများအရ ဆိုရလျှင် ထိုကျွန်းပေါ်သို့ နောက်ရောက်လာသူများသည် ကျွန်း ပေါ်ရှိ ယခင်နေထိုင်သူအားလုံးကို တစ်ယောက်မကျန် သတ်ပစ် ခဲ့သဖြင့် အထက်ဖော်ပြပါ အနုပညာလက်ရာများ တစ်ပိုင်းတစ်စ ကျန်ရစ်ခဲ့သည်ဟု ဆိုလေသည်။

မီးတောင်ဟောင်းအနီးတွင် အကြီးမားဆုံးသောရုပ်တုကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာ ၆၆ ပေရှိ၏။ သို့သော် လက်စသတ်လုနီးပါးသာရှိနေသေး၏။

အကယ်၍ ထိုအရုပ်ကြီးသာ လက်စသတ်၍ပြီးစီးခဲ့ပါက ဦးခေါင်းမှာ အထပ် ၈ ထပ်ရှိသော တိုက်တစ်လုံး၏အမြင့်ခန့် ရှိပေလိမ့်မည်။

ပြီးစီးနေသော အရုပ်များအချို့မှာ မြေပေါ်၌ ပက်လက်လန် လျက်ရှိပြီး လက်များကိုကွေးကာ ဝမ်းဗိုက်ပေါ်သို့တင်ထားသည့် ပုံများဖြစ်နေ၏။

ထိုရုပ်တုများ၏အနေအထားအရ အခြားဝတ်နေရာသို့ရွှေ့ ပြောင်းရန်ပြင်ဆင်ထားခြင်းဖြစ်ဟန်ရှိ၏။

အချို့ရုပ်တုများကို မီးတောင်ဝမှဆင်ခြေလျှောတောင်စောင်း ပေါ်တွင် တင်ထားပြီး အချို့ကျောက်ရုပ်ကြီးများကို ဝေးလံသော နေရာသို့ သယ်ဆောင်သွားကြ၏။

ဤမျှ အလွန်ကြီးမားသောကျောက်စိုင်ကျောက်တုံးကြီးများ ကို ထုလုပ်ထားသည့်ရုပ်တုကြီးများကို မည်သို့မည့်ပုံရွှေ့ပြောင်း သယ်ယူကြခြင်းမှာ ထူးဆန်းအံ့သြဖွယ်ရာဖြစ်၏။

မီးတောင်ဟောင်းကွင်းဝမှ အပေါ်နံရံများသို့ ကျောက်ရုပ် များကို ဆွဲယူလျှင် လူတစ်ထောင်ခန့်ရှိမှသာ အပေါ်သို့ တင်ယူ နိုင်ပြီး ကျောက်ရုပ်ကြီးတစ်ရုပ်ကို မိမိတို့အလိုရှိသောနေရာသို့ ရောက်ရန် အနည်းဆုံး လူငါးရာခန့်လိုအပ်သည်ဟု နားလည် တတ်ကျွမ်းသည့် အင်ဂျင်နီယာတို့က ခန့်မှန်းခဲ့ကြ၏။





ဤသည်မှာလည်း အံ့သြဖွယ်ရာကောင်းလှသည်။

ထိုကျောက်ရုပ်ကြီးများထုလုပ်သည့်နေရာဌာနဟုယူဆရသော နေရာနှင့် ကျောက်ရုပ်ကြီးများ၏ဦးခေါင်းပေါ်ရှိဦးထုပ်သဖွယ် ထုထားသောအနီရောင်ရှိသောကျောက်များ၏ကျောက်တွင်းသည် လေးမိုင်ခန့်ကွာဝေးသည်။

ထိုကျောက်တွင်းမှ ဤမျှလေးသော အနီတုံးကြီးများကို မည်သို့သယ်ဆောင်သနည်း စသည့် နားလည်ရန် ရှင်းလင်းရန် ခက်သည့်အချက်အလက်များကို သမိုင်းအဆက်ဆက် အီစတာ ကျွန်းပေါ်သို့ ခြေချခဲ့သူများသည် ရှင်းလင်းခဲ့ခြင်းမပြုကြ။

အီစတာကျွန်းသားများသည် ပိုလီနီးရှန်းကျွန်းမှ လာရောက် ခဲ့သူများဖြစ်ဟန်တူသည်ဟူ၍ ကောက်ချက်ချခဲ့သည်။

မည်သူမျှ တိတိကျကျမပြောနိုင်။

အီစတာကျွန်း၏ ဒဏ္ဍာရီအရ ကျွန်းပေါ်သို့ရောက်ရှိလာသူ များမှာ နှစ်သုတ်ခွဲ၍ရောက်လာခဲ့ကြသည်ဟု သိရှိခဲ့ရ၏။

ပထမရောက်ရှိလာသူ မျိုးနွယ်စုသည် 'နားရွက်ရှည်' နှင့်လူ များဖြစ်၏။ နားများတွင် လေးလံသောနားကွင်းကြီးများဖောက်၍ စွပ်ထားရာမှ နားပေါက်ကျယ်လာပြီး နားရွက်များရှည်လာခြင်း ဖြစ်နိုင်သည်။

ထို့ကြောင့် သူတို့မျိုးနွယ်စုကို 'နားရွက်ရှည်' မျိုးနွယ်စုဟု ခေါ်ဆိုခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



နားရွက်ရှည်မျိုးနွယ်စုသည် အီစတာကျွန်းပေါ်တွင် ရုပ်တုကြီးများကို စတင်ထုလုပ်သူများဖြစ်သည်။ ထိုရုပ်တုကြီးအချို့တွင် နားရွက်ရှည်ကြီးများကို တွေ့ကြရမည်ဖြစ်၏။

ဤရုပ်တုကြီးများ စိုက်ထူခြင်းမှာ ကွယ်လွန်သူများကို အမှတ်တရအဖြစ် စိုက်ထူခြင်းဖြစ်နိုင်သည်ဟု ဆိုခဲ့ကြ၏။

ထိုရုပ်တုကြီးများကို တိုင်းရင်းသားတို့က သူတို့ဘာသာစကားဖြင့် "မိုးအား"(Moar) ဟုခေါ်ကြ၏။

ဒုတိယ ထိုကျွန်းပေါ်သို့ရောက်ရှိလာသူများမှာ နားရွက်တိုမျိုးနွယ်စုများဖြစ်ကြသည်။

ပထမဦးစွာရောက်ရှိခဲ့သော နားရွက်ရှည်နှင့်နောက်ရောက်လာသော နားရွက်တိုမျိုးနွယ်စုတို့သည် တိုက်ခိုက်ခဲ့ကြသည်ဟု ဆိုသည်။

ထိုစဉ်က မီးရှို့ထားသည့်အထောက်အထားများ၊ အချင်းချင်းတိုက်ခိုက်သည့်အထောက်အအားများတွေ့ရှိခဲ့ရသည်ဟုသိရှိရသည်။

ဤကျွန်းပေါ်သို့ စနစ်တကျ သိပ္ပံနည်းကျလေ့လာခဲ့သူ ဒေါက်တာဟေဟာဒဲ(လ်)ကမူ ခေတ်အဆက်ဆက် ယူဆထားသည့်အယူအဆကို လက်ခံလိုခြင်းမရှိ။

ထိုကျွန်းပေါ်ရှိ ရုပ်တုကြီးများနှင့်ယင်းတို့ကို တည်ဆောက်ခဲ့သူများနှင့်ပတ်သက်၍ တစ်မျိုးတစ်ဖုံယူဆခဲ့သည်။

သူ၏ယူဆချက်အရ ကျွန်းပေါ်သို့ ပထမအသုတ် ရောက်





ရှိလာသော နားရွက်ရှည်လူမျိုးနွယ်တို့မှာ ပိုလီနီးရှန်းကျွန်းများမှ မဟုတ်နိုင်။ ပီရူး(Peru) ပြည်မှရောက်ရှိလာသူများဖြစ်နိုင်သည်ဟုယူဆ၏။

ထိုသူတို့သည် အီစတာကျွန်းသို့ ခရစ်နှစ် ၃၀၀ ခန့်က ရောက်လာခဲ့ခြင်းဖြစ်မည်ဟုဆိုသည်။

ဤအယူအဆကို ပညာရှင်များက လက်ခံလိုခြင်းမရှိ။ မိုင်ပေါင်းထောင်ပေါင်းများစွာဝေးကွာသော အီစတာကျွန်းကလေးသို့ ပီရူးပြည်မှ မည်ကဲ့သို့သွားရောက်နိုင်ပါမည်နည်းဟု စဉ်းစားစရာဖြစ်သည်။

ပီရူးပြည်မှ လူမျိုးနွယ်စုများသည် ရှေးပဝေသဏီအခါက ကျူရိုးလှေများ၊ ဖောင်များကိုသာ အသုံးပြုခဲ့ကြ၏။

ဤကဲ့သို့ ကျူရိုးလှေနှင့်ဖောင်များသည် လှိုင်းလေပြင်းထန်သော သမုဒ္ဒရာပြင်ကြီးကို မည်သို့ဖြတ်ကူးနိုင်သနည်းဆိုသည့်အချက်မှာ စဉ်းစားဖွယ်ဖြစ်သည်။

ဖြတ်ကူးနိုင်သည့်တိုင် လပေါင်းများစွာ ကြာမြင့်ပေလိမ့်မည်။

ဤကဲ့သို့ သူ့အယူအဆမှန်ကန်သည့်အကြောင်းကို ၁၉၄၇ ခုနှစ်ခန့်ကပင် သက်သေပြခဲ့၏။

ယောဟေယာဒဲလ်သည် သူနှင့် စိတ်သဘောချင်းတိုက်ဆိုင်သူအဖော်ငါးဦးနှင့်အတူ တောင်အမေရိကတိုက် ပီရူးပြည် ကာလို အိုမြို့မှ ပိုလီနီးရှန်းကျွန်းစုသို့ ဘာလဆာ(Balsa) ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဖော့ပင် တစ်မျိုးမှရရှိသော သစ်လုံးများဖြင့်ဖောင်ကြီးတစ်ခု တည်ထောင်ခဲ့၏။

ထိုဘာလဆာအပင်သည် တောင်အမေရိကတိုက်အလယ်ပိုင်း၊ အနောက်အိန္ဒိယကျွန်းစုနှင့် တောင်အမေရိကတိုက် မြောက်ပိုင်းတို့၌ ပေါက်သည်။

ရုက္ခဗေဒဝေါဟာရမှာမူ (Ochroma Lagopus) ဟုခေါ်သည်။

ထိုအပင်၏အသားမှာ ဖော့ထက်ပေါ့၏။ သို့သော် တောင့်တင်းခိုင်မာ၍ ရေပေါ်တွင်ပေါ်နိုင်သည်။

၎င်းသစ်သားကို အနောက်အိန္ဒိယဖော့ဟူ၍ပင် ခေါ်ဝေါ်လေ့ရှိပြီး လေယာဉ်ပျံများတွင် အသုံးပြုလေ့ရှိသည်။

ရှေးပဝေသဏီက ပီရူးပြည်မှ အင်ကာလူမျိုးများသည် ထိုဖောင်များဖြင့်ဝေးကွာသောပင်လယ်ခရီးကိုသွားခဲ့သည်ဟူသော အကြောင်းအချက်အလက်များကို ခေါက်တာသောဟေယာဒဲ(လ်)က ယုံကြည်သည်။

သူ့ယုံကြည်ချက်ကို အချို့တက္ကသိုလ်ကြီးမှ ပညာရှင်များကမူ လက်မခံ။

စိတ်ကူးယဉ်ဒဏ္ဍာရီဟု သူ့နောက်ကွယ်တွင် ပြောခဲ့ကြ၏။

သို့သော် သူ ဘာကယ်ပင် ဖောင်ဖြင့်မိုင်ပေါင်း ၄၃၀၀ ကျော်ခရီးကို ရှေးခေတ်က အင်ကာလူမျိုးတွေနည်းအတိုင်းဖြတ်ခဲ့





ရာ အချိန်အားဖြင့် ၃ လကျော်ကျော်မျှပင် ကြာရှိခဲ့လေသည်။

သူ့ခရီးမှာ ကောင်းစွာအောင်မြင်ခဲ့သည်။

သူ ခရီးမထွက်မီက ပညာရှင်အချို့က အားပေးခြင်းမရှိသော်လည်း ထိုစဉ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ထရိုင်ဗီလိုင်း (Trygyillic) ကိုယ်တိုင် အားပေးခဲ့ပြီး နိုင်ငံတကာမှ လိုအပ်သည့်အကူအညီများကိုတောင်းခံပေးခဲ့၏။

သူ့ဖောင်ကြီးကို "ကွန်တီကီ(Kon-Ti-Ki) ဟု အမည်ပေးခဲ့သည်။

"ကွန်"၏အဓိပ္ပာယ်မှာ "နေ" သို့မဟုတ် "မီး"ဖြစ်၏။ ပီရူးနိုင်ငံတော်မှ ရုတ်တရက်ပျောက်ကွယ်သွားခဲ့သော နေနတ်ဘုရားကို အင်ကာလူမျိုးများခေါ်သောဘွဲ့အမည်ဖြစ်၏။

သူ၏ခရီးတစ်လျှောက်တွေ့ကြုံခဲ့ရသောအဖြစ်အပျက်များကို "ကွန်တီကီ စွန့်စားခန်း"(The Kon-Ti-Ki Expedition) ဟူသော စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ရာ သောက်သောက်လဲဝင်ငွေရ၍ ယနေ့ထိ အုပ်ရေသန်းပေါင်း ၂၀ ကျော် ထုတ်ဝေခဲ့ရသည်။

သောဟေယာဒဲလ်၏ ရည်မှန်းချက်မှာ အောင်မြင်ခဲ့သည်။

သူ စတင်ခရီးထွက်စဉ်က ရေကြောင်းသွားလာမှုကို တတ်ကျွမ်းသောပညာရှင်များကပင် မည်သည့်နည်းနှင့်မျှ လိုရာသို့ရောက်နိုင်မည်မဟုတ်ဟု ဆိုခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဒေါက်တာဟောယာဒဲ(လ်)ကမူ ထိုသူတို့၏ ကန့်ကွက်ချက်ကို ဂရုမပြု။ ရေးပဝေသဏီက အင်ကာလူမျိုးနွယ်များ၏အစွမ်းသတ္တိကို ကောင်းစွာယုံကြည်သည်။ ယုံကြည်သည့်အတိုင်းလည်း အောင်မြင်ခဲ့သည်။

သို့ဖြစ်ပါက အီစတာကျွန်းကလေးပေါ်မှ ရုပ်တုများသည် အင်ကာလူမျိုးထု၏ ရိုးရာယဉ်ကျေးမှုအရ ထုလုပ်ထားခဲ့သည့် ရုပ်တုများလော …။

ထိုလူမျိုးနွယ်များသည် ပီရူးနိုင်ငံမှ ရောက်ရှိလာသူ အင်ကာလူမျိုးများလော ဟူသည်မှာ စဉ်းစားစရာဖြစ်ပေသည်။

အထက်ပါအချက်အလက်များမှာ ဒေါက်တာဟောယာဒဲ(လ်) ကိုယ်တွေ့သွားရောက်လေ့လာပြီးနောက် ရေးသားခဲ့သည့် ဂမ္ဘီရမှတ်တမ်းများပင်ဖြစ်ပေတော့သည်။

“ဆရာပြောတဲ့ ဒီမှတ်တမ်းတွေအတိုင်းဆိုရင် ကျွန်တော်တို့သွားမယ့် အော်စတာကျွန်းလည်း ဂမ္ဘီရဆန်တဲ့နေရာတစ်ခုဖြစ်မယ်ဆိုတာ သေချာနေပြီပေါ့”

ဟု ဒေါက်တာမင်းထင်ကျော် က စိတ်အားထက်သန်စွာဖြင့်ပြောလေသည်။

“အမှန်တော့ ဒီကျွန်းမျိုးတွေက လူသူ အရောက်အပေါက်နည်းလေတော့ မမြင်ရတဲ့အန္တရာယ်တွေလည်းရှိနေမှာအမှန်ပဲ”

“ဒါကတော့ ရှိမှာပေါ့ ဆရာရယ် .. ကျွန်တော်တို့အဖွဲ့တွေ





က ဒီလိုအန္တရာယ်မျိုးတွေနဲ့တွေ့ကြုံရတာ ဘာများထူးဆန်းတော့မလဲ၊ ဒီလိုပဲ .. သတိဝီရိယနဲ့ ရင်ဆိုင်ကျော်ဖြတ်ကြရမှာပေါ့၊ ဒါထက် ဆရာရော လိုက်ခဲ့မယ်မဟုတ်လား”

“မေးနေရသေးလား မောင်ထင်ကျော်ရယ် ..၊ ခရီးထွက်မယ်ဆိုရင် ဘယ်ခရီးမျိုးပဲဖြစ်ဖြစ် ဘယ်အခါများငြင်းခဲ့ဖူးလို့လဲ၊ လိုက်မှာပေါ့ဗျာ”

ဟု ပြောလိုက်ရာ ဒေါက်တာမင်းထင်ကျော်လည်း ကျေနပ်စွာပြုံးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

## စောင့်ကြည့်နေသည့်မျက်လုံးများ

နေဝင်ချိန်ဆည်းဆာရောင်များ တောက်ပနေသောအချိန် တွင် ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့ လိုက်ပါလာသော ပင်လယ်မင်းသားသင်္ဘောမှာ အော်စတာကျွန်းနှင့်မနီးမဝေးသို့ရောက် လာကြသည်။

ဒေါက်တာမင်းထင်ကျော်က သံပချိုင် ပေးထားခဲ့သည့် မှတ်တမ်းစာအုပ်ထဲမှာပါသော လမ်းညွှန်အတိုင်းလာခဲ့ရာ အော်စတာ ကျွန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သောကြောင့် ကျေနပ်နေ သည်။

သင်္ဘောပေါ်မှာ ၄င်းနှင့်အတူပါလာသော အဖွဲ့သားများက သင်္ဘောဦးပိုင်းသို့ထွက်ပြီး စိတ်ဝင်စားစွာကြည့်နေကြသည်။





နေဝင်ရီတရောအချိန်ဖြစ်သောကြောင့် ကျွန်းပေါ်တွင် အမှောင် ရိပ်များသမ်းနေပြီဖြစ်သည်။

ကမ်းခြေနှင့်မဝေးလှသောတောင်ကုန်းနှင့်ကျောက်ဆောင် များအပေါ်တွင် ထူးဆန်းသောကျောက်ရုပ်ကြီးများရှိနေကြသည်။

ထိုကျောက်ရုပ်များမှာ လူနှင့်ပုံသဏ္ဍာန်တူသော်လည်း တစ်ပုံစံတည်းတော့မဟုတ်ပေ ...။

အချို့က ပင်လယ်ပြင်ဘက်သို့မျှော်ကြည့်နေသည်။

အချို့က ပင်လယ်ရေထဲသို့ဆင်းရန် ဟန်ပြင်နေသည်။

အချို့က လက်ကားရားခြေကားရားနှင့် တစ်စုံတစ်ယောက် ကို အကူအညီတောင်းနေဟန်တူသည်။

မည်သို့ပင်ရှိစေ ...

ကျောက်ရုပ်များအားလုံး၏မျက်နှာများပေါ်ကတော့ တညီ တညွတ်တည်းပင်လယ်ပြင်ဘက်သို့လှည့်နေကြခြင်းဖြစ်ပေသည်။

ထို့ပြင် အားလုံး၏ ဟန်ပန်အမူအရာများမှာ တစ်စုံ တစ် ယောက်ကို အကူအညီတောင်းခံနေသကဲ့သို့ရှိကြလေသည်။

"ကျွန်တော်က ဒီလိုထူးဆန်းတဲ့ရုပ်တုမျိုးတွေက ချီလီဘက် မှာရှိတဲ့ အီစတာကျွန်းမှာပဲရှိမယ်လို့ ထင်ထားခဲ့တာ အခုကျမှပဲ မြန်မာပြည်ရေပိုင်နက်ထဲမှာပါတဲ့ လျှို့ဝှက်ကျွန်းမှာ ဒီလိုရုပ်တုမျိုး တွေရှိနေတာကို တွေ့ရတော့တယ်"

ကျွန်ုပ်က တအံ့တသြပြောလိုက်ရာ ဦးဗန်ကောင်း က



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

"ဒါတင်ဘယ်ကမှာလဲ ဆရာရဲ့ .. ကျွန်းပေါ်တက်ကြည့်တဲ့အခါ ဒီထက်အံ့သြဖွယ်ရာကောင်းတာတွေ တွေ့ချင်တွေ့ရဦးမှာပေါ့"

"ဒါထက် ဒီရုပ်တုတွေက ဘာကြောင့် ပုံသဏ္ဌာန်မတူဘဲ အမျိုးမျိုးဖြစ်နေကြတာလဲဗျ"

"ဒီလူတွေကြည့်ရတာ သေခါနီးအချိန်ရောက်မှ ဒီနေရာရောက်လာကြတာဖြစ်ပုံရတယ်၊ ဒီနားရောက်တော့မှ အက္ခအညီရလိုရငြား ကြည့်ရင်းနဲ့ သေသွားကြတာဖြစ်နိုင်တယ်"

"ဒါဖြင့် ဒီကျောက်ရုပ်ဖြစ်နေတာတွေက လူတွေပဲပေါ့"

"ကျုပ်တော့ ဒီလိုပဲထင်မိတာပဲ"

ဦးဗန်ကောင်းက ဒီလောက်သာပြောလေသည်။

ထို့နောက်မှာတော့ ဒေါက်တာမင်းထင်ကျော်က ၎င်း၏သင်္ဘောကို ကျွန်းတစ်ပတ်ပတ်၍ကြည့်လေသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့်ဆည်းဆာရောင်များ ပျောက်ကွယ်သွားပြီး အမှောင်ရိပ်များ ပိုမိုများပြားလာပြီဖြစ်သောကြောင့် ဝိုးတဝါးသာလှမ်းမြင်ရတော့သည်။

ကျွန်း၏ပတ်ပတ်လည်မှာလည်း ကျောက်ဆောင်များ၊ သစ်တောကြီးများသာပြည့်နှက်နေပြီး ထိုနေရာများမှာလည်း ကျောက်ရုပ်များရှိနေသည်ကို တစ်စွန်းတစ်စလှမ်းမြင်ကြရလေသည်။





ထိုကျွန်းကို တစ်ပတ်ပတ်မိသောအခါမှာလည်း နောက်မှလိုက်လာမည်ဟုပြောသော သံပချိုင်တို့စက်လှေကိုမူ အစအနမျှပင် မတွေ့ရသေးပေ။

"မောင်ထင်ကျော် .. သံပချိုင် ဆိုတဲ့လူတွေရဲ့သင်္ဘောလည်း မတွေ့ရသေးပါလား"

"သူတို့က ကျွန်တော်တို့လို ဖြောင့်ဖြောင့်တန်းတန်းလာလို့မရဘူး၊ ကင်းလှည့်နေတဲ့သင်္ဘောတွေနဲ့မတွေ့အောင်ရှောင်ပြီးမောင်းနေရလို့ နောက်ကျနေတာလည်းဖြစ်မှာပေါ့ အဘရာ .."

ဦးဗန်ကောင်း ကတော့ ဘာမှထပ်မပြောတော့ပေ။

ထို့နောက် ...

၎င်းတို့၏ပင်လယ်မင်းသားသင်္ဘောကို လေမိုးအကာအကွယ်ရသော ာကမ်းခြေတစ်နေရာ၌ ကျောက်ချကာ ရပ်နားထားလိုက်ကြသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ပါလာသောစက်ဆီကိုချွေတာရမည်ဖြစ်သောကြောင့် အင်ဂျင်မနိုးတော့ဘဲ ရေနံဆီသုံးမီးအိမ်များကိုသာ သင်္ဘောပေါ်၌ ထွန်းထားလိုက်သည်။

ညစာစားသောက်ပြီးသောအခါ မိမိနှင့်လိုက်ပါလာသောအဖွဲ့သားများရော သင်္ဘောသားများကိုပါ ခေါ်ပြီး ဒေါက်တာမင်းထင်ကျော် က ပြောပြသည်။

"ဒီကျွန်းရဲ့အမည်က အော်စတာကျွန်းလို့ခေါ်တယ်၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ရောက်ဖူးတဲ့လူတွေကတော့ 'ပုဏ္ဏကကျွန်း'လို့ ခေါ်ကြတယ်''

''ဘာဖြစ်လို့ ပုဏ္ဏကကျွန်းလို့ခေါ်တာလဲ ဆရာ''

''ကျွန်တော်လည်း သေသေချာချာတော့မသိရသေးဘူး၊ ဒါပေမယ့် တစ်ခုပြောနိုင်တာကတော့ ဒီကျွန်းပေါ်မှာ လျှို့ဝှက်တဲ့အန္တရာယ်တွေရှိနေမှာကတော့ အမှန်ပဲ''

ထိုသို့ပြောသော်လည်း မည်သူမှ ထူးထူးခြားခြားကြောက်ရွံ့သွားသည်မျိုးမဖြစ်ကြပေ။

သူတို့တစ်တွေမှာ ဒေါက်တာမင်းထင်ကျော်နှင့် နှစ်ရှည်လများလက်တွဲခဲ့ကြသူများဖြစ်သောကြောင့် အန္တရာယ်အမျိုးမျိုးတို့နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြပြီးဖြစ်သောကြောင့် ကြောက်ရွံ့ခြင်းမရှိကြခြင်းပင်ဖြစ်သည်။

''မနက်လင်းရင်တော့ ကျွန်းပေါ်တက်ကြည့်ကြမယ်၊ ဒီညတော့ အလှည့်ကျကင်းစောင့်ပြီး သတိနဲ့နေကြမယ်၊ အကြောင်းရှိရင် အသုံးချလို့ရအောင် လက်နက်တွေကိုလည်း ကိုယ်နဲ့မကွာထားကြပါ''

''စိတ်ချပါ ဆရာ၊ ကျွန်တော်တို့အတွက်တော့ ဘာမှမစိုးရိမ်ပါနဲ့၊ ဘယ်လိုအန္တရာယ်မျိုးပဲလာလာ ရင်ဆိုင်ဝံ့ပါတယ်''

ဟု ပြန်ပြောကြသည်။

ထိုနေ့ညက အဖွဲ့လိုက်အလှည့်ကျကင်းစောင့်ပြီး သတိဖြင့်





နေကြလေသည်။

အခြားသူများက အဖွဲ့လိုက်အလှည့်ကျစောင့်ကြသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ တစ်ညလုံးမအိပ်ဘဲ ညကြည့်မှန်ပြောင်း၊ သေနတ်၊ လက်နှိပ်မီးတို့ကို အသင့်ဆောင်ထားပြီးသဘောဦးပိုင်းတစ်နေရာမှာ ထွက်နေလေသည်။ သူ့စိတ်ထဲမှာတော့ အကယ်၍သာ သံပချိုင် ပြောသွားသကဲ့သို့ ထိုကျွန်းပေါ်မှာ ကြောက်စရာကောင်းသောအန္တရာယ်များရှိပါက မုချတွေ့ရလိမ့်မည်ဟု မျှော်လင့်ထားသောကြောင့်ဖြစ်ပေသည်။

သူထင်ထားသည့်အတိုင်းပါပေ ...၊

ညဦးပိုင်းတစ်ချိန်လုံး ထူးထူးခြားခြား ဘာမှမမြင်ဘဲ တိတ်ဆိတ်နေသောကျွန်းပေါ်မှာ ညဉ့်နက်ပိုင်းရောက်လာသောအခါ ထူးထူးခြားခြားအသံအချို့ကို ကြားလာရသည်။

''ကူကူ .. ကူကူ ...''

နားထောင်ကြည့်လျှင်တော့ ဂျီးငှက်ကူနေသောအသံမျိုးဖြစ်သော်လည်း ငှက်ကူသံမျိုးတော့မဟုတ်ပေ ..။

''ကူကူ .. ကူကူ...''

''ကူကူ .. ကူကူ ...''

အသံများက တစ်နေရာတည်းမှမဟုတ်ဘဲ နေရာအနှံ့မှ ပေါ်လာခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် က ထိုအသံကို နားစွင့်လိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ဂျိုးကူသံမဟုတ်မှန်း ရိပ်မိလေသည်။

သို့ကြောင့် အသံကြားရာဘက်သို့ ညကြည့်မှန်ပြောင်းဖြင့် ကြည့်လိုက်သည်။

အမှောင်ရိပ်များဖုံးနေသောသစ်ပင်များကြားတွင် လှုပ်ရှားသွားလာနေသော မည်းမည်းသဏ္ဍာန်ကို အရင်လှမ်းမြင်ရသည်။

၎င်းတို့မှာ လူသားများပင်ဖြစ်ပြီး ခါးတွင်ပတ်ထားသည့် နံငယ်ပိုင်းများမှလွဲပြီး ခန္ဓာကိုယ်ပေါ်မှာ အဝတ်မပါကြပေ။ မားလုံလက်နက်များကိုင်ဆောင်ထားပုံကိုကြည့်ရုံနှင့်တော့ ကျွန်းပေါ်မှာနေသောလူရိုင်းများဖြစ်မည်ဟုတော့ ခန့်မှန်းမိသည်။

၎င်းတို့က သစ်ပင်များနောက်ကွယ်မှ သဆော်ာရှိရာသို့ ချောင်းမြောင်းကြည့်နေကြသည်။

သံပချိုင် ပြောပြသောအထဲမှာပါသည့် ကျွန်းပေါ်တက်သွားသောအခါ ရက်စက်ကြမ်းတမ်းသည့်လူရိုင်းများနှင့်တွေ့ပြီး တိုက်ခိုက်ရသည်ဟုဆိုခြင်းမှာ ထိုလူရိုင်းများပင်ဖြစ်ဟန်ရှိပေသည်။

ဒီလောက် လူသူအရောက်အပေါက်နည်းလှသော ကျွန်းတစ်ကျွန်းပေါ်မှာ လူရိုင်းများရှိနေခြင်းကတော့ အဆန်းတကြယ် မဟုတ်ပေ ...။

ပင်လယ်ထဲမှာရှိကြသောကျွန်းများတွင် ကပ္ပလီများလည်းရှိကြသည်။

ဆလုံများလည်းရှိကြသည်။





နီကရိုက်ဟုခေါ်သည့် အသားမည်းသော ကပ္ပလီလူရိုင်းများလည်းရှိကြသည်။

ထို့ပြင် စမင် ဟု ရှေးကျခေါ်ဝေါ်ကြသည့်လူသားစားသော ရေဘီလူးများလည်းရှိကြသည်။

ပင်လယ်ပြင်နေရာအနှံ့ ကျွန်းအနှံ့တွင်နေကြသော လူရိုင်းအတော်များများရှိနေကြသည်မှာ အဆန်းတကြယ်တော့ မဟုတ်ပေ။

သို့သော်လည်း ဆန်းကြယ်သောအချက်ကို လှမ်းမြင်ရသောအခါ များစွာအံ့ဩသွားမိလေသည်။

ညကြည့်မှန်ပြောင်းဖြင့်လှမ်းမြင်ရသောအရာမှာ လူရိုင်း တစ်ယောက်တော့မဟုတ်ပေ ...။

သွက်လက်ဖျတ်လတ်သောအမျိုးသမီးတစ်ယောက်ပင်ဖြစ်၏။ တစ်ကိုယ်လုံး အနက်ရောင်အင်္ကျီဘောင်းဘီ စသည်တို့ကို ဝတ်ဆင်ထားပြီး ဦးထုပ်တစ်လုံးကိုဆောင်းထားသည်။

ထူးဆန်းသောအချက်မှာ ဒေါက်တာမင်းထင်ကျော် က မှန်ပြောင်းဖြင့်လှမ်းကြည့်လိုက်သောအခါ သူမကလည်း တောင်ကုန်းတစ်ခုပေါ်မှာရပ်ပြီး ဒေါက်တာမင်းထင်ကျော်ရှိရာသို့ အဝေးကြည့်မှန်ပြောင်းဖြင့်ကြည့်နေခြင်းဖြစ်သည်။

သာမန် ကျွန်းသူကျွန်းသားတစ်ယောက်ကတော့ ထိုကဲ့သို့ မှန်ပြောင်းမျိုးရှိမည်မဟုတ်ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ တစ်နေရာမှရထားခဲ့သည်ဆိုပါလည်း ထိုပစ္စည်းမျိုးကို ကျွမ်းကျင်စွာအသုံးပြုတတ်မည်မဟုတ်ပေ ..၊

သူမကိုကြည့်ရသည်မှာ သာမန်မဟုတ်ဘဲ ထိုပစ္စည်းမျိုးကို သုံးနေကျကဲ့သို့ ကျွမ်းကျင်စွာအသုံးပြုနေခြင်းဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် က သေသေချာချာမမြင်ရသော်လည်း မှန်ပြောင်းအတွင်းမှ လှမ်းမြင်ရသော သူမ၏ဟန်ပန်အမူအရာကို နောက်တစ်ကြိမ်တွေ့လျှင် မှတ်မိစေရန်အတွက် အသေအချာမှတ်သားထားလိုက်သည်။ ထိုအချိန်မှာ သူ့အနီးသို့ အခြားသဘော်သားအချို့ရောက်လာကြသည်။

"ဆရာ.. ကမ်းပေါ်မှာ မည်းမည်းသဏ္ဌာန်တွေမြင်ရတယ်၊ လူရိုင်းတွေဖြစ်မယ်ထင်တယ်၊ သေနတ်နဲ့လှမ်းပစ်ရမလား"

"ကိုယ့်ကို အန္တရာယ်လာပေးနေကြတာမှမဟုတ်တာ၊ သူ့ဘာသာနေကြပါစေ .. မပစ်ပါနဲ့"

ထိုသို့ပြောသဖြင့် သေနတ်တပြင်ပြင်ဖြစ်နေကြသော သင်္ဘောသားများမှာ ၄င်းတို့နေရာသို့ ပြန်သွားကြလေသည်။ အတန်ကြာ၍ ထိုနေရာသို့ မှန်ပြောင်းဖြင့်ပြန်ကြည့်သောအခါ စောစောကတွေ့ရသောအမျိုးသမီးကို မတွေ့ရတော့ပေ ..။

ထို့ပြင် လူရိုင်းများကိုပါ မမြင်ရတော့ပေ ..။

ထိုညအဖို့တော့ နောက်ထပ် ထူးထူးခြားခြားမတွေ့ရတော့ပေ ..။





နောက်တစ်နေ့နံနက်ပိုင်းအချိန်ရောက်သောအခါ ဒေါက်တာမင်းထင်ကျော် က ညက မြင်လိုက်ရသည့်အကြောင်းများကို ပြန်ပြောလိုက်ရာ ကျန်အဖွဲ့သားများက အံ့သြသွားကြပြီး တစ်ယောက်တစ်မျိုး မှတ်ချက်ပေးကြလေသည်။

ဆရာ မြင်လိုက်တဲ့မိန်းကလေးဟာ လူရိုင်းတွေနဲ့မတူဘူးဆိုရင်တော့ သင်္ဘောပျက်ပြီးရောက်နေတဲ့ ဒုက္ခသည်တစ်ယောက်ဖြစ်နိုင်တယ်"

"ဒီကျွန်းပေါ်ရောက်နေတာကြာပြီဆိုတော့ လူရိုင်းတွေနဲ့အဆင်ပြေပြီး သူက လူရိုင်းတွေခေါင်းဆောင်လုပ်နေတာဖြစ်မယ်"

"ပင်လယ်ထဲမှာ မုန်တိုင်းမိပြီး ဒီကျွန်းပေါ်ရောက်လာတဲ့ မိသားစုတွေလည်းဖြစ်နိုင်တယ်၊ ဒီအတိုင်းမှန်ရင်တော့ ကျွန်းပေါ်မှာ အခြားအဖော်တွေရှိနိုင်သေးတယ်"

"ဒါဖြင့် ကျောက်ရုပ်တွေကရော သူတို့လူတွေမဖြစ်နိုင်ဘူးလား"

"အဲဒါတွေကတော့ နောက်မှသိရမှာပဲ၊ ဒါပေမယ့် သူ့ဆီမှာ မှန်ပြောင်းတွေဘာတွေတောင်ရှိနေပြီဆိုရင် သေနတ်တွေ ဘာတွေလည်းမရှိဘူး မပြောနိုင်ဘူး"

ဟု ပြောကြလေသည်။

ထို့နောက်မှာတော့ အလင်းရောင်ကောင်းစွာရပြီဖြစ်သောကြောင့် ကျွန်း၏အနေအထားကို ကောင်းစွာမြင်နိုင်ကြပြီဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ကမ်းခြေတစ်လျှောက်တွင် ကျောက်တုံးကျောက်ခဲများဖြင့် ပြည့်နေပြီ၊ အချို့နေရာများမှာ ပေသုံးလေးရာမြင့်သော ကျောက်နံရံကြီးများရှိကြသည်။

ဟိုးအဝေးမှာတော့ သစ်ပင်အမြင့်များအပေါ်သို့ ကျော်တက်နေသည့်တောင်ကုန်းတောင်တန်းအချို့ရှိနေသည်။

"ဒီနေရာမှာ ကျောက်ဆောင်တွေ ဒီလောက်ပေါ်နေမှတော့ ပင်လယ်စာတွေရနိုင်တယ်"

ဟုပြောပြီး စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်က ရေထဲသို့ ခုန်ဆင်းသွားကြသည်။

နောက်မှ သင်္ဘောသားအချို့ပါ လိုက်သွားကြသည်။

သင်္ဘောရပ်ထားသောနေရာနှင့်ကမ်းခြေမှာမဝေးလှသောကြောင့် ခဏနှင့်ပင် ရောက်သွားကြသည်။ တစ်နေရာရောက်သောအခါ ရေများတသွင်သွင်စီးထွက်နေသောချောင်းအတွင်းမှာ ဂဏန်းကောင်နှင့် ကျောက်ပုစွန်များကို အလွယ်တကူရသဖြင့် ဖမ်းဆီးယူကြသည်။ သင်္ဘောသားတစ်ယောက်က ပင်လယ်ပက်ကျိများကို ကျောက်ဆောင်မှ ခွာယူနေသည်။

"ဒါ ဘာကောင်တွေလဲ .. စားလို့ရလား"

ငမဲအောင် က မေးလိုက်သည်။

"ကျောက်ပက်ကျိလို့ခေါ်တယ် .. စားလို့ကောင်းတယ်..





ဒီအတိုင်းစားရင်တောင် ရတယ်"

ဟုပြောပြီး ကျောက်ပက်ကျိတစ်ကောင်ကို ပါးစပ်သို့ ထည့်ပြီး ဝါးစားပြသည်။

ထို့နောက် ချောင်းကလေးအတွင်းပိုင်းနေရာရောက်သောအခါ ချောင်းအတွင်းမှာ တစ်ဝက်တစ်ပြက်နစ်မြုပ်နေသည့် သစ်သားစည်ပိုင်းတစ်လုံးကို လှမ်းမြင်ရသဖြင့် ထိုနေရာသို့သွားကြည့်ကြသည်။

"သစ်သားစည်ပိုင်းပါလား"

"ဟုတ်တယ်၊ ပင်လယ်သွားတဲ့စက်လှေတွေ သင်္ဘောတွေမှာ အသုံးပြုတဲ့စည်ပိုင်းမျိုးပဲ"

"သင်္ဘောပျက်တစ်စင်းက မျောလာတာလည်းဖြစ်ချင်ဖြစ်မယ်၊ ဒီချောင်းထဲမှာရောက်နေတာတော့ အတော်ကြာပြီထင်တယ်၊ ရေညှိနဲ့နွံတွေတောင် အတော်တက်နေပြီ"

"ဘယ်လိုလုပ်ကြမလဲ .. ငါတို့စက်လှေဆီကို သယ်ယူသွားကြမလား"

"ဒီအတိုင်းခြေရာလက်ရာမပျက်ထားခဲ့ပြီး ဆရာ့ကို သွားပြောပြတာ ပိုကောင်းမယ်"

ဟု ပြောပြီး မိမိတို့စက်လှေရှိရာသို့ ပြန်လာကြလေသည်။ ထိုအကြောင်းကို ဒေါက်တာမင်းထင်ကျော်ကိုပြောပြသောအခါ ဒေါက်တာမင်းထင်ကျော်ကိုယ်တိုင် အခြားသူများကိုခေါ်ပြီး ထို



www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ တစ်ခေါက်သွားကြည့်ကြသည်။

သို့သော် ထိုနေရာသို့ရောက်သွားသောအခါ စောစောက တွေ့မြင်ခဲ့ရသော စည်ပိုင်းကြီးမှာ မရှိတော့ပေ။

ထိုနေရာတစ်ဝိုက်တွင် ရှုပ်ယှက်ခတ်နေသောခြေရာများကို သာတွေ့ကြရသဖြင့် စောထီးနှင့်ငမဲအောင်တို့မှာ များစွာအံ့သြသွားကြလေသည်။

ထိုသို့သာ အံ့သြကြသော်လည်း ကျွန်းပေါ်တွင် သူတို့ လှုပ်ရှားသမျှ စောင့်ကြည့်နေသော လျှို့ဝှက်မျက်လုံးများရှိနေသည်ကိုတော့ သူတို့ သတိမပြုမိကြပေ။





အခန်း (၆)

## ကျောက်ရုပ်ဖြစ်သွားသောလူ

ဒေါက်တာမင်းထင်ကျော်တို့မှာ ထိုကျွန်းသို့ရောက်နေပြီး တစ်ရက်နှစ်ရက်ကြာသည့်တိုင် ကျွန်းပေါ်မတက်ကြသေးခြင်းမှာ နောက်မှလိုက်ခဲ့မည်ဆိုသော သံပချိုင် တို့ သင်္ဘောကို စောင့်နေကြခြင်းဖြစ်သည်။

သို့သော် သုံးရက်မြောက်ရှိသော်လည်း ရောက်မလာကြသေးပေ။ သို့ကြောင့် နောက်တစ်နေ့နံနက်ပိုင်းမှာတော့ မိမိတို့အစီအစဉ်ဖြင့် ကျွန်းပေါ်တင်ကြရန်ပြင်ဆင်ကြသည်။

ဒေါက်တာမင်းထင်ကျော် မိမိနှင့်အတူပါလာသော အဖွဲ့သားများပါ ခေါ်သွားရန် ပြင်လေသည်။

ထို့နောက် လက်နက်နှင့်လိုအပ်သောပစ္စည်းများကိုယူဆောင်ပြီး ကျွန်းပေါ်တက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းပေါ်ရောက်သည်နှင့် ပတ်ဝန်းကျင်အခြေအနေကို အကဲခတ်ကြည့်ရာ ထူးထူးခြားခြားမတွေ့ရဘဲ ငြိမ်သက်နေသည်။

သို့ကြောင့် ကမ်းစပ်နှင့်မနီးမဝေးမှာရှိနေသော ကျောက်ရုပ်များကို လှေ့လာကြည့်သည်။

ကျောက်ဖြစ်နေသောရုပ်တုများမှာ အခြားသတ္တဝါများမဟုတ်ဘဲ လူသားများပင်ဖြစ်သည်။

ပို၍ထူးဆန်းသည်မှာ လူသားများဆိုသော်လည်း လူတစ်ယောက်နှင့်မတူတော့ဘဲ တစ်ကိုယ်လုံး အဖုအပိမ့်များထနေပြီး ဘီလူးတစ်ကောင်နှင့်တူနေတော့သည်။

ဒေါက်တာမင်းထင်ကျော်က အနီးသို့တိုးကပ်ပြီး ကျောက်သားကို အသေအချာကြည့်သည်။

ပြီးလျှင် ရဲဒင်းငယ်တစ်လက်ဖြင့် ကျောက်သားအနည်းငယ်ရအောင် ခွာယူလိုက်လေသည်။

ကျောက်သားများမှာ ကျောက်သားတုံးကို တစ်စုံတစ်ယောက်က ထုဆစ်ထားခြင်းမျိုးမဟုတ်ဘဲ သဘာဝအတိုင်း ဖြစ်ပေါ်နေသည့်ကျောက်သားမျိုးဖြစ်သည်။

ဥပမာပြောရလျှင် သဲ ထုံး အင်္ဂတေတို့ကို ရောစပ်ရာမှဖြစ် ပေါ်လာသော ကျောက်သားအမျိုးအစားဖြစ်သည်။

သို့သော်လည်း ၎င်းကျောက်အမျိုးအစားမှာ လူတို့စီမံသော အင်္ဂတေကျောက်မျိုးမဟုတ်ဘဲ သဘာဝကျောက်ရည်မှခဲသွား





သောကျောက်မျိုးဖြစ်သည်။

မီးတောင်ပေါက်ကွဲရာမှ ချော်ရည်ပူများစီးကျလာပြီးနောက် တဖြည်းဖြည်းနှင့်အေးပြီးခဲသွားရာမှ ကျောက်ဖြစ်သွားပုံမျိုးဖြစ်သည်။

ဒေါက်တာမင်းထင်ကျော် က ဘူမိဗေဒဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရထားသူမို့ ကျောက်သားနမူနာကို ယူကြည့်ရုံဖြင့် အခြေအနေကို သဘောပေါက်သွားလေသည်။

"သူတို့ကျောက်ဖြစ်နေတာ မတော်တဆဖြစ်တာလား၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်ရဲ့လက်ချက်ကြောင့်ဖြစ်တာလား ဆိုတာ သိဖို့လိုတယ်"

"မတော်တဆဆိုတာ ဘယ်လိုမျိုးလဲ ဆရာ"

ကျော်စွာ က ဝင်မေးလိုက်သည်။

"ဒီလို လူသူမရောက်တဲ့ကျွန်းပေါ်မှာ ကြောက်စရာကောင်းတဲ့ နွံအိုင်တစ်မျိုးရှိတတ်တယ်၊ အဲဒီအိုင်ကထွက်တဲ့ရွံ့ရေတွေကို 'နဂါးချော်ရည်' လို့ခေါ်ကြတယ်၊ အဲဒီနွံအိုင်ထဲကို လူပဲဖြစ်ဖြစ်.. တိရစ္ဆာန်ပဲဖြစ်ဖြစ် ကျသွားပြီးလို့ အပေါ်ပြန်ရောက်တာနဲ့ လူစင်စစ်ကနေ ကျောက်ဖြစ်သွားလေ့ရှိတယ်"

ဒေါက်တာမင်းထင်ကျော် စကားကြောင့် အံ့သြသွားကြသည်။

"နဂါးချော်ရည်လို့ခေါ်တဲ့ ရွံ့စေးရေက နေရာဒေသအလိုက် အရောင်အမျိုးမျိုးပြောင်းတယ်၊ ကြောက်စရာကောင်းတာက ရွံ့



www.burmeseclassic.com

www.burmeseclassic.com

စေးရေထိပြီး မိနစ်ပိုင်းအတွင်းမှာ ရေရှိတဲ့နေရာကိုပြေးပြီး ရေဆေးပေးနိုင်ရင်တော့ အသက်ချမ်းသာရာရမယ်၊ နည်းနည်းလေး နောက်ကျတာနဲ့ ရွှံ့စေးအဖြစ်က ကျောက်ဖြစ်သွားရင် လှုပ်လို့မရတော့ဘဲ အသက်သေသွားနိုင်တယ်''

''ဒါဖြင့် ဒီလူတွေဟာ ရေရှိတဲ့သင်လယ်ကမ်းစပ်ကို အရောက်ပြေးရင်းကနေ မရောက်နိုင်တော့ဘဲ အခုလို ကျောက်ရုပ်ဘဝရောက်သွားတာဖြစ်မှာပေါ့နော်''

ဦးမွန်ထော် က သူ၏ထင်မြင်ချက်ကို ဝင်ပြောသည်။

''အဘပြောတဲ့အတိုင်း ဖြစ်နိုင်ပါတယ်၊ သူတို့ပုံပန်းသဏ္ဌာန်ကြည့်ရတာ ရေရှိတဲ့နေရာရောက်ခါနီးတော့မှ မရောက်နိုင်တော့ဘဲ အခုလိုဖြစ်သွားတဲ့ပုံသဏ္ဌာန်မျိုးပဲ''

ဟု ပြောဆိုပြီး မှတ်တမ်းစာအုပ်မှာပါသော လမ်းညွှန်အတိုင်း ကျွန်း၏အလယ်ပိုင်းနေရာသို့သွားကြလေသည်။ ထိုသို့သွားကြရာတွင် သေနတ်များကို အဆင်သင့်ပြင်ထားပြီး မျက်စိကိုဖွင့်နားကိုစွင့်ပြီး သွားကြခြင်းဖြစ်သည်။ သည်လိုနေရာမျိုးတွင် တစ်ချက်ကလေးသတိလစ်သွားသည်နှင့် အားလုံး အသက်သေဆုံး နိုင်သောနေရာမျိုးဖြစ်သဖြင့် သတိထားပြီး သွားနေကြရခြင်းဖြစ်သည်။

အခြားအဖွဲ့သားများက နံဘေးမှ ဝင်ရောက်လာမည့်အန္တရာယ်များကို ဂရုစိုက်ပြီးကြည့်နေကြသလို ဒေါက်တာမင်းထင်ကျော်





ကတော့ မိမိတို့လျှောက်မည့်လမ်းကို အသေအချာဂရုစိုက်နေရလေသည်။

အဘယ်ကြောင့်ဆိုသော် ...

ထိလိုက်သည်နှင့် ကျောက်ဖြစ်သွားစေနိုင်သည့် နဂါးချော်ရေတွင်းထဲသို့ကျမည်စိုးသောကြောင့်ဖြစ်သည်။

သို့သော်လည်း ၄င်းတို့အဖွဲ့သွားရာလမ်းတစ်လျှောက်တွင် အနှောင့်အယှက်ပေးမည့်လူရိုင်းများကို တစ်ယောက်တလေမှပင် မတွေ့ရသလို နဂါးချော်ရည်တွင်းနှင့်တူသောအရာကိုပင် မတွေ့ရပေ။

နောက်ဆုံးမှာတော့ နေ့လယ်ပိုင်းအချိန်လောက်တွင် ကျွန်းအလယ်နေရာလောက်၌ရှိသော နတ်ဘုရားကျောင်းပျက်ကြီးကို တွေ့ကြရလေတော့သည်။

ဘုရားကျောင်းကြီးမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ထုထည်ကြီးမားလှသော သဘာဝကျောက်တုံးကြီးများကို အသုံးပြုကာ ဆောက်ထားခဲ့သောကြောင့် လေဒဏ်မိုးဒဏ်များကြားမှာ တည်တံ့နေခြင်းဖြစ်ဟန်ရှိသည်။

ထိုဘုရားကျောင်းကြီးပတ်ဝန်းကျင်မှာလည်း ကျောက်ဖြစ်နေသောရုပ်တုအချို့ရှိနေသည်။

အချို့က မကြာသေးခင်ကမှ လူသားကျောက်ရုပ်ဘဝရောက်သွားကြဟန်ဖြင့် ကျောက်ရုပ်များအပေါ်မှာ ရေညှိရေမှော်များပင်



www.burmeseclassic.com

www.burmeseclassic.com



မကပ်သေးပေ။

အချို့ကျောက်ရုပ်များမှာတော့ နှစ်ပေါင်းများစွာကတည်းက ရှိနေကြဟန်ဖြင့် ရေညှိရေမှော်များ ဒုတက်နေပြီဖြစ်သဖြင့် တစ်ခုလုံး မည်းနက်နေလေပြီ။

"ဒီကျွန်းဟာ လူသူ အရောက်အပေါက်နည်းတဲ့နေရာဆိုပေမယ့် မကြာခဏဆိုသလို လူတွေရောက်လာလေ့ရှိနေတဲ့ပုံပဲ၊ ဘာ ကြောင့်လဲဆိုတော့ ဒီမှာ ပင်လယ်ဓားပြတွေ ဝတ်ဆင်လေ့ရှိတဲ့ အဝတ်အစားတွေနဲ့ လူသားကျောက်ရုပ်ဖြစ်နေတဲ့လူတွေ ရှိတယ်"

ဒေါက်တာမင်းထင်ကျော်က မနီးမဝေးမှာရှိနေသော လူသားကျောက်ရုပ်တစ်ခုကို ပြသည်။

ထိုလူ၏ကိုယ်ပေါ်မှာ ဝတ်ဆင်ထားသောအဝတ်အစားများမှာ ရှေးအခါကတည်းက ပင်လယ်ဓားပြများ ဝတ်ဆင်လေ့ရှိသော အဝတ်အစားပုံသဏ္ဍာန်မျိုးဖြစ်နေသောကြောင့် အံ့သြသွားကြလေသည်။

"ဒီအတိုင်းဆိုရင် ဒီကျွန်းပေါ်ကို ပင်လယ်ဓားပြတွေ မကြာခဏရောက်လာကြတာမှန်ပေမယ့် ဒီကျွန်းပေါ်ရောက်တာနဲ့ ပြန်မဆင်းနိုင်ကြဘဲ ကျောက်ရုပ်တွေဖြစ်ကုန်တာရော မဖြစ်နိုင်ဘူးလား"

"ဒါလဲဖြစ်နိုင်တာပဲ"

ထို့နောက်မှာတော့ အချို့က နတ်ဘုရားကျောင်းအပြင်ဘက်





မှာ စောင့်နေပြီး ဒေါက်တာမင်းထင်ကျော်နှင့်အဖွဲ့သားအချို့က နတ်ဘုရားကျောင်းအတွင်းသို့ အခြေအနေဝင်ကြည့်ကြရန်ပြင်လေသည်။

အပြင်မှာကျန်ခဲ့သူများကိုလည်း အရေးအကြောင်းပေါ်လာပါက ချက်ချင်းအချက်ပေးရန်မှာကြားပြီးနောက် ဘုရားကျောင်းအတွင်းသို့ဝင်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်နှင့်အတူ ဦးဇန်ကောင်းနှင့် ကျွန်ုပ်တို့လည်း လိုက်သွားကြသည်။

နတ်ဘုရားကျောင်းကြီးမှာ အတွင်းပိုင်းမှာလည်း အတော်ကျယ်ဝန်းပြီး ကျောက်တုံးနံရံများနှင့် အမိုးများမှာ ရေညှိများ အထပ်ထပ်တက်ကပ်နေသောကြောင့် အစိမ်းရင့်ရောင်နှင့် အမည်းရောင်များ တွယ်ကပ်နေသည်။

အချို့နေရာများမှာ ညောင်ပင်များပင် ပေါက်နေသည်။ နံရံမှာစီထားသော ကျောက်တုံးကြီးများမှာ ဒီအတိုင်းပြုလုပ်ထားခြင်းမဟုတ်ဘဲ နတ်ဘုရားနှင့်သက်ဆိုင်သောရုပ်တုများကို ထုလုပ်ထားလေသည်။

အများအားဖြင့်တော့ ဘီလူး၊ သရဲသဘက်ပုံသဏ္ဍာန်များကဲ့သို့ ကြောက်စရာကောင်းသောရုပ်ပုံမျိုးချည်းဖြစ်ပေသည်။

ဒေါက်တာမင်းထင်ကျော်က ကျောက်တုံးကြီးများဖြင့်ထုလုပ်ထားသည့်ရုပ်တုကြီးများအနီးသို့သွား၍ အသေအချာကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာများမှာတော့ ထူးထူးခြားခြား ဘာမှမတွေ့ရပေ။ သို့ကြောင့် ရှေ့ဆက်လျှောက်သွားရာ အခန်းကျယ်ကြီး၏နံရံ ဆုံး သွားသောနေရာတွင်ရှိသော နတ်ဘုရားရုပ်တုကြီးရှိရာသို့ ရောက် သွားကြသည်။

ရုပ်တုကြီးမှာ အတော်ကြီးပြီး ကျောက်တုံးကြီးများကိုပုဆစ် ထားဟန်ရှိလေသည်။

မျက်နှာထုလုပ်ထားပုံမှာ မကောင်းဆိုးဝါးတစ်ကောင်နှင့် တူ လေသည်။

မျက်လုံးပြူးပြူး၊ နှာခေါင်းပွပွ၊ ပါးစပ်ပြဲပြဲအပြင်ပါးစပ်ထဲမှ သွားနှင့်အစွယ်ရှည်များပါသည်။

လက်တစ်လေးဖက် တပ်ဆင်ထားပြီး ဓားကောက်၊ ခက်ရင်း ခွ၊ လူဦးခေါင်းပြတ်နှင့်မြွေများကို အထွေးလိုက် ဆုပ်ကိုင်ထား သော ပုံသဏ္ဌာန်များပြုလုပ်ထားသည်။ လည်ပင်းတွင် လူအရိုး ခေါင်းများကို ကြိုးဖြင့်သီပြီး ပန်းကုံးသဖွယ်ဆွဲထားသည်။

ထိုလူရိုးခေါင်းများမှာ ကျောက်သားဖြင့်ပြုလုပ်ထားခြင်း မဟုတ်ဘဲ အရိုးခေါင်းအစစ်များကို ကြိုးဖြင့်သီပြီး တစ်စုံတစ် ယောက်က လာရောက်စွပ်ပေးထားဟန်ရှိလေသည်။ ထို့ပြင် တိရစ္ဆာန်တို့၏ဦးချိုနှင့် အစွယ်များကိုလည်း ပန်းကုံးသဖွယ် သီဆွဲထားသေးသည်။

တစ်ကိုယ်လုံး အဝတ်အစားမပါဘဲ တင်ပျဉ်ခွေထိုင်နေသော





ပုံသဏ္ဌာန်မျိုးဖြစ်သည်။

၎င်း၏ခြေရင်းတွင် ကျောက်ပလ္လင်တစ်ခုရှိသည်။

သွေးစီးကျရန် ရေမြောင်းနှင့် အောက်တွင် သွေးခံသော ကျောက်ဖလားတစ်လုံးရှိရာ လူနှင့်တိရစ္ဆာန်များကို ယဇ်ပူဇော် သောနေရာဖြစ်မည်ဟု ခန့်မှန်းရသည်။ ကျောက်ပလ္လင်၏အနီး တစ်ဝိုက်မှာလည်း လူနှင့်တိရစ္ဆာန်တို့၏အရိုးအတော်များများ တွေ့ရသည်။

ဒေါက်တာမင်းထင်ကျော် က ကျောက်ပလ္လင်အနီးသို့ ကပ် ကာ အသေအချာကြည့်သည်။

ကျောက်ပလ္လင်၏မျက်နှာပြင်မှာ ဖုန်များ၊ ရေညှိများ ဒုတက် အောင်ရှိနေရမည့်အစား မကြာသေးခင်အချိန်အထိ အသုံးပြုခဲ့ ဟန်ဖြင့် ပြောင်ချောနေလေသည်။

"အမှန်ဆိုရင် ဒီကျောက်ပလ္လင်ပေါ်မှာ ဖုန်နဲ့ရေညှိတွေ အထိုက် တွေရှိနေရမှာ . . အခုတော့ လက်ရှိအသုံးပြုနေတဲ့အတိုင်း ပြောင် ချောနေတာကတော့ အတော်ကလေးထူးဆန်းတယ်"

ဒေါက်တာမင်းထင်ကျော် က ပြောင်ချောနေသည့်ကျောက် သားမျက်နှာပြင်ကိုကြည့်ပြီး မှတ်ချက်ချလိုက်သည်။ ကျွန်ုပ်နှင့် ဦးဇန်ကောင်းတို့ကလည်း အသေအချာကြည့်လိုက်ကြသည်။

ကျောက်သားမျက်နှာပြင်မှာ ချောမွေ့နေပြီး အနက်ရောင်နှင့် အစိမ်းရင့်ရောင်များ ရောထွေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်က ပွတ်တိုက်ပေးထားသကဲ့သို့ ပြောင်ချောနေသည်။

"ဒီကျွန်းပေါ်မှာ လူရိုင်းတွေရှိနေတာဆိုတော့ သူတို့တစ်တွေ ယဇ်ပူဇော်တာလည်းဖြစ်နိုင်တာပေါ့"

ဒေါက်တာမင်းထင်ကျော် က ကျောက်ပလ္လင်၏မျက်နှာပြင်ကိုနမ်းကြည့်လိုက်ရာ သွေးနံ့ကဲ့သို့သောအနံ့မျိုးတော့မရပေ။

သို့သော် သွေးစီးရန်အတွက်ပြုလုပ်ထားသော မြောင်းထဲမှာ ကျနေသော အရာဝတ္ထုတစ်ခုကိုတော့ တွေ့မြင်သွားလေသည်။

ကောက်ယူပြီးကြည့်လိုက်သောအခါ အခြားမဟုတ်ဘဲ တန်ဖိုးရှိသောပုလဲလုံးတစ်လုံးဖြစ်နေသည်ကိုတွေ့ရသည်။

"ပုလဲလုံးပါလား"

"ပုလဲလုံးက အတော်ကြီးတယ်၊ လူရိုင်းတွေ ပင်လယ်ထဲက ရလာလို့ နတ်ဘုရားကျောင်း လာပို့ထားတာများဖြစ်လေရော့သလား"

သို့စေကာမူ ထိုအတွေးမမှန်ကြောင်း မကြာခင်မှာ တွေ့ကြရတော့သည်။

ပုလဲလုံးရပြီးသည်နှင့် ဟိုဟိုဒီဒီလိုက်လံရှာဖွေကြည့်သောအခါ သွေးခံသောကျောက်ခွက်ထဲမှ နောက်ထပ် ရတနာပစ္စည်းတစ်ခုကို ထပ်ရပြန်သည်။ ပတ္တမြားဖြင့်ကွင်းထားသော ရွှေလက်စွပ်တစ်ကွင်းပင်ဖြစ်ပေသည်။





ထိုရွှေလက်စွပ်ကတော့ ပင်လယ်ထဲမှရနိုင်သောပစ္စည်းမျိုး မဟုတ်ပေ။

ဒေါက်တာမင်းထင်ကျော် က ပတ္တမြားလက်စွပ်ကို ကောက်ယူကြည့်ပြီး သံပချိုင် ပြောသွားသောအကြောင်းများကို ပြန်သတိရလေသည်။

သံပချိုင်၏ လက်ထောက်နှစ်ယောက်ဖြစ်သော ချန္ဒရာနှင့် မာလတို့နှစ်ယောက် ဘုရားကျောင်းသို့ရောက်သွားခဲ့သောအချိန်က ညအချိန်ဖြစ်သည်။

သူတို့ရောက်သွားစဉ်က ကျောက်ပလ္လင်ပေါ်မှာရွှေငွေရတနာပစ္စည်းများတင်ထားသည်ကိုတွေ့ခဲ့ကြရသည်ဆိုသောအချက်ပင်ဖြစ်သည်။

"ဒီအတိုင်းဆိုရင်တော့ ဒီကျွန်းပေါ်မှာ ပင်လယ်ဓားပြတွေ လာဝှက်ထားတဲ့ ရွှေငွေရတနာတွေ ရှိတယ်ဆိုတာတော့ သေချာသလောက်ဖြစ်သွားပြီ"

"ဘာကြောင့်လဲ"

"ဒီလက်ဝတ်ရတနာကိုကြည့်ရင် သိနိုင်ပါတယ်၊ ဒီရတနာတွေကို တစ်စုံတစ်ယောက်က အသုံးပြုပြီး ဒီကျွန်းပေါ်ကိုရောက်လာတဲ့လူတွေကို ဒုက္ခပေးနေပုံရတယ်၊ သံပချိုင်ရဲ့တပည့် ချန္ဒရာဆိုတဲ့လူ ဒုက္ခရောက်သွားခဲ့တာ ဒီရတနာတွေကြောင့်ပဲ ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"လူရိုင်းတွေကတော့ ဒီလိုလျှို့ဝှက်တဲ့အကြံအစည်မျိုးတွေ လုပ်တတ်မှာမဟုတ်ဘူး၊ အသိဉာဏ်ရှိတဲ့လူတစ်ယောက်ယောက်က လုပ်နေတာပဲဖြစ်မှာပေါ့"

"ဒီလိုဆိုရင် မောင်ထင်ကျော် ညာဘက်မှာတွေ့လိုက်တဲ့ မှန်ပြောင်းနဲ့လှမ်းကြည့်နေတဲ့အမျိုးသမီးပဲဖြစ်မှာပေါ့"

'ဟု ပြောဆိုပြီး ကျောက်ပလ္လင်ပေါ်မှရသော ပုလဲတစ်လုံးနှင့် ပတ္တမြားလက်စွပ်ကိုယူပြီးနောက် နတ်ဘုရားကျောင်းအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။

အပြင်ဘက်မှစောင့်နေကြသော ကျော်စွာတို့တစ်တွေမှာလည်း အခြေအနေမထူးခြားဘဲ ပုံမှန်အတိုင်းသာရှိနေကြသည်။

ထို့နောက် ...

ပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံကြည့်ရှုကြသော်လည်း နောက်ထပ် ထူးထူးခြားခြားမတွေ့ကြရသဖြင့် မိမိတို့သဘော်ရှိရာသို့ ပြန်ဆင်းခဲ့ကြလေသည်။

တောတွင်းတစ်နေရာသို့ရောက်သောအခါ တောနက်အတွင်းမှ အချက်ပေးသကဲ့သို့အသံအချို့ ကြားကြရသည်။

"ကူကူ .. ကူကူ ..."

"ကူကူ .. ကူကူ ..."

ထိုအသံများကြားသောအခါ အဖွဲ့သားများမှာ ပါလာသော သေနတ်သံများ အဆင့်သင့်ဖြစ်ပြီးသတိထား၍သွားကြလေသည်။





အတန်ကြာသောအခါ နောက်ဘက်မှ တောတိုးလာသောအသံကို ကြားကြရသည်။

ကြားရသောအသံမှာ သစ်ပင်ချုံနွယ်များကိုဖယ်ရှားပြီး တရကြမ်းပြေးလာသောအသံမျိုးဖြစ်သည်။

သို့ကြောင့် နီးစပ်ရာသစ်ပင်များအနီးသို့ အသီးသီးကပ်ကာ အခြေအနေကို စောင့်ကြည့်ကြသည်။

ပြေးလာသောတောတိုးလာသံများက တဖြည်းဖြည်းနှင့်နီးလာလေသည်။

သို့ကြောင့် သေနတ်များဖြင့် အသံကြားရာသို့ အသင့်ချိန်ထားလိုက်ကြသည်။

သူတို့မျှော်လင့်ထားသည်က လူရိုင်းများလိုက်လာပြီဟု ထင်သော်လည်း မဟုတ်ပေ ..၊

တောတွင်းမှထွက်လာသူမှာ သာမန်လူတစ်ယောက်သာဖြစ်လေသည်။

ထိုလူမှာ ကစ်ကိုယ်လုံး အဖြူရောင်ရှိသော ပျစ်ချွဲချွဲအရည်များက ပေနေသည်။

မှန်နှစ်ရည်များထဲသို့ပြုတ်ကျပြီး ကြောက်လန့်တကြား ထွက်ပြေးလာသည်နှင့်ပင်တူတော့သည်။

သူသည် ဒေါက်တာမင်းထင်ကျော်တို့ရှိသောနေရာသို့ ရောက်လာသော်လည်း လုံးဝဂရုမစိုက်ဘဲ သစ်ပင်သစ်ကိုင်းများကို လက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ဖယ်ပြီး ပင်လယ်ကမ်းခြေရှိရာဘက်သို့ ပြေးထွက်သွားလေတော့သည်။

အတန်ကြာသည်အထိ အခြေအနေမထူးတော့မှ နေရာမှ ထွက်လိုက်ကြသည်။

"ဒီလူ ဘယ်သူလဲ ..၊ ဘယ်လိုဖြစ်တာလဲ"

"သူ ဘယ်သူလဲဆိုတာတော့မသိဘူး၊ သေချာတာကတော့ သူဟာ ကမ်းခြေမရောက်ခင်မှာတင် ကျောက်ရုပ်ဖြစ်ပြီး သေသွားမှာ အမှန်ပဲ"

ဟု ဒေါက်တာမင်းထင်ကျော်က စိတ်မကောင်းစွာဖြင့် ပြောလိုက်သည်။

ထို့နောက် စောစောက လူဖြတ်သွားသောနေရာမှာရှိသော သစ်ကိုင်းသစ်ခက်များကို သွားကြည့်သောအခါ မခြောက်တခြောက်ဖြစ်နေသည့်ကျောက်ရေများကို လက်ဖြင့်တို့ယူကြည့်လိုက်သည်။

ထိုအရည်များမှာ အဖြူရောင်ဖြစ်ပြီး ဖျော့ပြီး အင်္ဂတေအရည်နှင့်သိပ်မတူဘဲ ပျစ်ချွဲချွဲဖြစ်ကာ ရှေးအခါက ဘုရားများ ကျောင်းများ တည်ရာမှာအသုံးပြုခဲ့ကြသော ကျွဲကော်ရည်နှင့်တူလေသည်။

ထိုအဖြူရေများမှာ ဒေါက်တာမင်းထင်ကျော်လက်နှင့်ထိလိုက်ပြီး အချိန်မကြာခင် ကျောက်သားကဲ့သို့ မာသွားလေတော့သည်။

"ဒါ နဂါးချော်ရေတွင်းကထွက်တဲ့ အရည်တစ်မျိုးပဲ၊ အင်္ဂတေ





ထက်အခြောက်မြန်ပြီး ကျောက်ဖြစ်လွယ်တဲ့အရည်မျိုးပဲ"

"ဒါဖြင့် တစ်ကိုယ်လုံး နဂါးချော်ရေတွေကပ်နေတဲ့လူ ဘယ်လိုဖြစ်မလဲ"

"ဒီလူ ပင်လယ်ကမ်းခြေးခြမြန်ရောက်ပြီး ကံကောင်းပါစေလို့ပဲ ဆုတောင်းပေးရတော့မှာပဲ"

ထိုသို့ပြောပြီးနောက် သူတို့အဖွဲ့သည် စောစောကလူ ပြေးသွားသောလမ်းအတိုင်း နောက်မှ ခပ်သုတ်သုတ်လိုက်သွားကြလေတော့သည်။

ထိုလူ ပြေးသွားသောလမ်းကိုရှာရသည်မှာ မခက်ခဲလှပေ။ ကျိုးပဲ့ကျန်ခဲ့သောသစ်ကိုင်းသစ်ခက်များအပေါ်မှာ ကျန်ရစ်ခဲ့သည့်ကျောက်ရေများကို ကြည့်ပြီး လိုက်သွားကြလေသည်။

အတော်ဝေးဝေးနေရာရောက်သည်အထိတော့ ထိုလူကို မတွေ့ကြရသေးပေ။

ဤသို့ဖြင့် ရှေ့ဆက်သွားကြရာ အတန်ကြာသောအခါ လှိုင်းပုတ်သံများကိုကြားရပြီဖြစ်သောကြောင့် ကမ်းခြေနှင့်နီးသောနေရာရောက်လာပြီဖြစ်ကြောင်း သိကြရသည်။

နောက်ဆုံးမှာတော့ ကမ်းစပ်သို့ရောက်သွားပြီး ပင်လယ်ရေကိုမြင်ရသောနေရာသို့အရောက်မှာတော့ ကမ်းစပ်တစ်နေရာမှာ တောင့်တောင့်ကြီးရပ်နေသော စောစောကလူကို ပြန်တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမလှုပ်တော့ပေ ···၊

ခေါက်တာမင်းထင်ကျော် က စိတ်မကောင်းစွာဖြင့် ခေါင်းတစ်ချက်ခါယမ်းလိုက်သည်။

"သူ့ကို ကယ်လို့မရတော့ဘူးဟား"

ကျွန်ုပ်ကမေးသောအခါ ခေါင်းခါပြလေသည်။

"အခုလောက်ဆိုရင် သူ အသက်မရှိနိုင်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ ကျောက်ရေတွေက သူ့နှာခေါင်း··ပါးစပ် ·· မျက်စိတွေကို ပိတ်ပစ်လိုက်ပြီဆိုတော့ သူ သေသွားလောက်ပါပြီ"

"ဒီလိုဆိုတော့လည်း ဒီကျွန်းပေါ်မှာ နောက်ထပ်ကျောက်ရုပ်တစ်ရုပ် ထပ်တိုးပြန်ပြီပေါ့ကွာ"

ဦးဗန်ကောင်း က ရေရွတ်လိုက်သည်။

ထို့နောက်မှာတော့ သင်္ဘောရှိရာသို့ ပြန်ဆင်းခဲ့ကြလေသည်။





BURMESE CLASSIC .com

အခန်း (၇)

## လောဘကြီးသူ နှင့် ကြမ္မာဆိုး

ပင်လယ်မင်းသားသင်္ဘောပေါ်မှာ ဇမုန်းထန်ဆိုသော လူတစ်ယောက် ပါလာလေသည်။

သူသည် ပင်လယ်မင်းသားသင်္ဘောအတွက် လူဟောင်းတစ်ယောက်တော့မဟုတ်ပေ ··၊

မကြာသေးခင်အချိန်ကမှ တက်မကိုင် ဦးမွန်ထော်၏လက်ထောက်အဖြစ် အလုပ်ဝင်လာသူဖြစ်သည်။

လက်ထောက်တစ်ယောက်လိုနေသောအချိန်တွင် ဦးမွန်ထော်ကိုယ်တိုင် သဘောကျသဖြင့် အလုပ်ခန့်ခဲ့ခြင်းဖြစ်ရာ ခေါက်တာမင်းထင်ကျော်ကလည်း ဘာမှဝင်ရောက်ပြောဆိုခြင်းမရှိခဲ့ပေ··၊

ပင်လယ်ပြင် ကျွမ်းကျင်သောအလုပ်သမားရှားပါးသောအချိန်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သဖြင့် ဇမုန်းထန် ကဲ့သို့သောပင်လယ်ပြင်လုပ်ငန်းများ ကျွမ်းကျင်သူကို ရခဲ့သောကြောင့် အဆင်ပြေသည်ဟုလည်း ဆိုနိုင်ပေသည်။

ဇမုန်းထန်သည် အသက်ငါးဆယ်ဝန်းကျင်အရွယ်ခန့်ရှိပြီး အရပ်မြင့်မြင့်နှင့် ကိုယ်လုံးကိုယ်ပေါက် ကြံ့ခိုင်သူတစ်ဦးဖြစ်ပေသည်။

မျက်နှာပေါ်မှာ အမာရွတ်တစ်ခုရှိပြီး ခက်ထန်ကြမ်းတမ်းသောဟန်ပန်အမူအရာရှိသည်။

ဇမုန်းထန်သည် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ထွက်ခြင်းအလုပ်ကို နှစ်ပေါင်းများစွာကြာအောင်လုပ်ကိုင်ခဲ့ရာမှ နောက်ဆုံး ဦးမွန်ထော်နှင့်တွေ့ကာ ပင်လယ်မင်းသားသို့ အလုပ်ဝင်ခဲ့သူဖြစ်သည်။

သူသည် စိတ်ကြမ်းလူကြမ်းဖြစ်သော်လည်း ပင်လယ်ရေပြင်သွားလာခြင်းအလုပ်မှာတော့ များစွာ ကျွမ်းကျင်သူဖြစ်ပေသည်။

ပင်လယ်ပြင်တွင် မုန်တိုင်းအစရှိသော လေကြမ်းလှိုင်းကြမ်းတို့နှင့်တွေ့ခဲ့လျှင်သော်မှ မိမိတို့စက်လှေကို အန္တရာယ်ကင်းအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်သူဖြစ်သည်။

ယခုလည်း အော်စတာကျွန်းသို့ရောက်ပြီးနောက် ဒေါက်တာမင်းထင်ကျော်တို့ ကျွန်းပေါ်တက်သွားသောအချိန်တွင် ဦးမွန်ထော်ထံမှာ ခွင့်တောင်းသည်။





"အဘ ကျုပ် ကျွန်းပေါ်ခဏတက်လိုက်ဦးမယ်"

"ဘာတက်လုပ်မှာလဲ"

"အမဲကောင်းရလိုရငြားပေါ့"

"ဒီကျွန်းက အန္တရာယ်များတယ်၊ မင်းတစ်ယောက်တည်း မသွားသင့်ဘူး"

"ဖြစ်ပါတယ်၊ ကျုပ်က ဒီထက်မကပိုကြမ်းတဲ့ကျွန်းတွေကိုတောင် တစ်ယောက်တည်းသွားနေကျပါ၊ ကျုပ်အတွက် စိတ်မပူပါနဲ့၊ အမဲရတော့ ဟင်းကောင်းကောင်းစားရတာပေါ့"

ဟု ခွင့်တောင်းရာ ဦးမွန်ထော်လည်း ဘာမှထပ်မပြောတော့ပေ။

ဇမုန်းထန် က အမဲပစ်သေနတ် .. ဓား .. ရေဘူး အစရှိသောပစ္စည်းအချို့ကိုယူဆောင်ပြီး တစ်ယောက်တည်း တောပေါ်တက်သွားလေသည်။

သူ၏ရည်ရွယ်ချက်မှာ သားကောင်ရှာဖွေဖို့ထက် ဒေါက်တာမင်းထင်ကျော် ပြောပြသည့် ဘုရားကျောင်းကြီးရှိရာသို့သွားလိုခြင်းကြောင့်ပင်ဖြစ်၏။

ဒေါက်တာမင်းထင်ကျော်တို့ နတ်ဘုရားကျောင်းမှရလာခဲ့သော ပုလဲလုံးနှင့် ပတ္တမြားလက်စွပ်ကိုမြင်ပြီးကတည်းက ထိုနေရာ သို့သွားလိုသည့်ဆန္ဒ ဖြစ်ပေါ်နေသည်။

သို့ကြောင့် ဒေါက်တာမင်းထင်ကျော်တို့မရှိခိုက်မှာ ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သို့ တစ်ယောက်တည်းတက်လာခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း သူ့ထံမှာ မြေပုံအညွှန်းမပါသောကြောင့် မည်သို့မည်ပုံသွားရမည်တော့မသိပေ။

အချိန်မှာ ဒီဇင်ဘာလပင်ဖြစ်သော်လည်း အချိန်အခါမဟုတ်ဘဲ မိုးရိပ်များတက်နေခြင်းကြောင့် ကျွန်းပေါ်မှာ အမှောင်ရိပ်များသမ်းနေသည်။

ပင်လယ်ပြင်မှာပင် မိုးရိပ်များကြောင့် မှောင်နေပြီဆိုလျှင်တော့ သစ်ပင်ရိပ်များရှိသည့် တောထဲမှာတော့ ညအချိန်ကဲ့သို့ အမှောင်ရိပ်များဖြစ်နေသည်။

ဇမုန်းထန်သည် ရေဘူး ‥ ဓားနှင့် အခြားကိရိယာများကို ခါးပတ်မှာချိတ်ဆွဲထားပြီး သေနတ်ကိုတော့ လက်ထဲ၌ အဆင်သင့်ကိုင်ထားသည်။

မြွေနှင့် ဆူးခြောင့်များရန်မှ အကာအကွယ်ရစေရန်အတွက် တောစီးဖိနပ်ရှည်ကြီးကို စီးထားသောကြောင့်လည်း ခရီးသွားရသည်မှာ မလွတ်လပ်သကဲ့သို့ရှိနေသည်။

သူသည် ပိတ်ဆီးနေသောသစ်ကိုင်းသစ်ချုံများကို လက်ဖြင့်ဖယ်ပြီး ကျွန်းအလယ်နေရာလောက်သို့ မှန်းဆသွားနေသည်။

ဒေါက်တာမင်းထင်ကျော်တို့ပြောပြသည့်အကြောင်းအရာများကိုနားထောင်ခြင်းဖြင့် နတ်ဘုရားကျောင်းပျက်ကြီးမှာ ကျွန်းအလယ်လောက်တွင်ရှိသည်ကိုတော့ သိသည်။ ဘယ်နေရာမှာ





ရှိမှန်းတော့ တိတိကျကျမသိပေ။

သို့ကြောင့် စိတ်မှန်းဖြင့်သွားနေခြင်းဖြစ်၏။

တစ်နေရာရောက်သောအခါ ၎င်းနောက်မှ သော်လည်းကောင်း၊ နံဘေးမှသော်လည်းကောင်း လိုက်လာသောခြေသံအချို့ကို ကြားလာရသည်။ ထိုခြေသံများက သူသွားလျှင် ကြားရပြီး သူ ရပ်လိုက်သည့်အခါ မကြားရတော့ပေ ‥၊

ပထမတော့ တောဓါးပုံတင်သံများဟုထင်လိုက်မိသည်။ နောက်မှ လမ်းလျှောက်နေရင်းမှ သတိထားပြီး နားစွင့်ကြည့်သောအခါမှ သစ်ပင်သစ်ကိုင်းများကို ပွတ်တိုက်ရွေ့လျားနေသောအသံမျိုးကြားရသည်။

သို့သော်လည်း ဇမုန်းထန်မှာ တော်ရုံနှင့်တော့ ကြောက်ရွံ့တတ်သူမျိုးမဟုတ်ပေ ‥၊

သူ့အနေဖြင့် တစ်ခုပဲမှားယွင်းသွားသည်။

နံဘေးမှ မကြာခဏကြားနေရသောအသံများကို နားစွင့်နေရသောကြောင့် လမ်းပျောက်သွားတော့သည်။

ဘယ်နေရာရောက်နေမှန်းမသိတော့ဘဲ ကြည့်လေရာ သစ်ပင်ချုံပင်များသာတွေ့မြင်နေရခြင်းဖြစ်သည်။

သို့ကြောင့် စမ်းတဝါးဝါးနှင့် ရှေ့ဆက်လျှောက်သွားရာ နောက်ဆုံး မှောင်ရီသမ်းစအချိန်တွင် သူရှာနေသော နတ်ဘုရားကျောင်းပျက်ကြီးရှိရာသို့ ရောက်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ရိပ်များဖုံးလွှမ်းစပြုနေပြီဖြစ်သော တောစပ် တစ်နေရာတွင် ထီးထီးမားမားရှိနေသော နတ်ဘုရားကျောင်းပျက်ကြီးမှာ သူ့စိတ်ကို လှုပ်ရှားသွားလေသည်။

ဇမုန်းထန်သည် အနက်ရောင်နှင့် ရေညှိစိမ်းများကပ်နေသော ကျောက်သားကြမ်းခင်းများအပေါ်မှနင်းပြီး အတွင်းသို့ ဝင်သွားလေသည်။

"ကံကောင်းရင်တော့ ငါ့အတွက် ရတနာပစ္စည်းတစ်ခုခု ရနိုင်ပါသေးတယ်"

ဟု မိမိကိုယ်ကို အားတင်းသည့်အနေဖြင့် ဘွေးလိုက်လေသည်။

ရေညှိစိမ်းများဖုံးလွှမ်းထားသော ကျောက်ပြားများပေါ်သို့ နင်းလျှောက်သွားရသည်မှာ အေးစက်နေသည်။ ထိုအေးစက်မှုများက အသည်းနှလုံးအထိရောက်လာသကဲ့သို့ရှိလေသည်။

အခန်းတွင်းရောက်လာသည်အထိတော့ မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရသေးပေ ...။

သူသည် ကျောက်ပလ္လင်ရှိရာသို့သွားပြီး ရှာဖွေကြည့်သည်၊ သို့သော် မည်သည့်အရာမှမတွေ့ရပေ ...။

"ဒီနေရာမှာတော့ ဘာမှမရှိဘူး"

ထိုသို့တွေးပြီး ဟိုဟိုဒီဒီလိုက်ကြည့်နေစဉ် ရုပ်တုကြီး၏ အထက်ပိုင်းတစ်နေရာတွင် ထူးခြားသောအရာတစ်ခုကို တွေ့မြင်





ရသည်။

အခေါက်အအုံအတွင်းမှာ အမှောင်ရိပ်များလွှမ်းနေသည်ဆိုသော်လည်း ရုပ်တုကြီးကိုယ်ပေါ်မှ အရာဝတ္ထုတစ်ခုကိုတော့ ကောင်းစွာမြင်ရသည်။

အခြားမဟုတ်ပေ ...။

အရောင်တလက်လက်တောက်ပနေသော လည်ဆွဲကြီးပင် ဖြစ်သည်။

"ဟန်ကျပြီ ..."

ဇမုန်းထန်မှာ တွေတွေထူးထူးစဉ်းစားမနေတော့ဘဲ လက်ထဲမှာကိုင်လာသောသေနတ်ကို ကျောမှာလွယ်လိုက်ပြီး ရုပ်ထုကြီးပေါ်သို့တက်သွားလေသည်။

ကျောက်လှေကားများရှိသည့်အပြင် ရုပ်တုမှာလည်း အဖုအထစ်များရှိသောကြောင့် အလွယ်တကူပင် အပေါ်သို့ရောက်သွားလေသည်။

ထိုအခိုက်မှာပင် သူဝင်လာသောအပေါက်ဝမှာ အရိပ်မည်းကြီးထိုးကျလာသဖြင့် လှမ်းကြည့်လိုက်သောအခါ အပေါက်ဝမှာ ရပ်နေသော မည်းမည်းသဏ္ဌာန်ကြီးကိုမြင်ရသည်။

"ဟင် ..."

ကျွန်းသားလူရိုင်းတစ်ယောက်ဖြစ်မည်ဟုထင်သောကြောင့် သူ၏ကိုယ်ကို ရုပ်တုနှင့်ကွယ်လိုက်ပြီး ကျောမှလွယ်ထားသည်



www.burmeseclassic.com

www.burmeseclassic.com



သေနတ်ကို ဖြုတ်ယူလိုက်သည်။

သေနတ်ရသည်နှင့် အပေါက်ဝသို့လှမ်းချိန်လိုက်သောအခါ စောစောကမြင်ရသော မည်းမည်းသဏ္ဌာန်ကြီးကို မတွေ့ရတော့ပေ။ အပေါက်ဝတွင် ဘာမှမရှိတော့ပေ ..၊

"အဟင်း .. သေနတ်ကျတော့ ကြောက်တတ်သားပဲ"

ဟုတွေးပြီး သေနတ်ကိုပြန်မလွယ်တော့ဘဲ အရေးအကြောင်းရှိပါက အလွယ်တကူအသုံးပြုနိုင်ရန် နံဘေးနားမှာရှိသော ကျောက်တုံးတစ်တုံးပေါ်သို့တင်ထားလိုက်ပြီး ရုပ်တုကြီးလည်ပင်းပေါ်မှ လည်ဆွဲကြီးကို ဖြုတ်ယူရန်ကြိုးစားလေသည်။ လည်ဆွဲကြီးကို အာရုံရောက်နေသောကြောင့် ကျောက်တုံးပေါ်မှာ တင်ထားသည့် သေနတ်ကို သတိမမူမိဘဲ လက်နှင့်တိုက်ချလိုက်ရာ အောက်သို့ ကျသွားလေတော့သည်။

သို့သော်လည်း ဂရုမစိုက်တော့ဘဲ လည်ဆွဲကြီးကို ဖြုတ်နေစဉ်မှာ နောက်တစ်ကြိမ် အရိပ်မည်းကြီးများပေါ်လာလေသည်။

ကြည့်လိုက်သောအခါ စောစောကလို တစ်ယောက်တည်း မဟုတ်ဘဲ သုံးယောက်ရပ်နေသည်ကိုလှမ်းမြင်ရသည်၊ သေနတ်ကလည်း အောက်သို့ပြုတ်ကျသွားလေပြီ ..၊ ထိုအခိုက်မှာပင် အပေါက်ဝမှာရောက်နေသည့် မည်းမည်းသဏ္ဌာန်များက ခြေလှမ်းကျဲကြီးများနှင့် အတွင်းသို့ဝင်လာကြလေသည်။

ဇမုန်းထန်မှာ လည်ဆွဲကိုဖြုတ်ရန် အချိန်မရတော့သဖြင့်





သေနတ်ရှိရာသို့ ပြန်ဆင်းလေသည်။

သို့သော် အချိန်မမီတော့ပေ ...၊

သူ အောက်သို့ရောက်သွားသောအချိန်မှာ လူမည်းကြီးသုံးယောက်က ရောက်နှင့်နေပြီ ..။

ပထမတော့ ဇမုန်းထန်က ခုခံတိုက်ခိုက်ပြီး ထွက်ပြေးရန် စိတ်ကူးလိုက်သေးသည်။

သူ့စိတ်ကူးကို အကောင်အထည်မဖော်ရသေးခင်မှာပင် လူမည်းကြီးတစ်ယောက်က အောက်သို့ကျနေသောသေနတ်ကို ကောက်ယူပြီး သူ့ကိုချိန်ထားလိုက်သည်။

ထိုမြင်ကွင်းကြောင့် ဇမုန်းထန်မှာ များစွာအံ့သြသွားလေသည်။

မကြာမီမှာပင် ဇမုန်းထန်မှာ ဘယ်လိုမှမတတ်နိုင်တော့ဘဲ လူမည်းကြီးသုံးယောက်၏ဖမ်းဆီးခြင်းကို ခံရလေသည်။

သူ့ကို နတ်ဘုရားကျောင်းအပြင်ဘက်သို့ခေါ်ထုတ်လာပြီး တစ်ယောက်ယောက်ကပြောသည်။

"မင်းကို ဒီအတိုင်းမသတ်ပါဘူး၊ အခွင့်အရေးတစ်ခုတော့ပေးပါမယ်၊ အခု မင်းကို လွှတ်ပေးလိုက်ရင် သဘောရှိတဲ့နေရာကို ရောက်အောင်ပြေးပေတော့၊ ငါတို့က နောက်ကလိုက်ခဲ့မယ်၊ မီရင်တော့ မီတဲ့နေရာမှာတင် သတ်ပစ်မယ်၊ ဒါပေမယ့် တစ်ခုတော့ပြောလိုက်မယ်၊ ဒီကျွန်းပေါ်မှာ ငါတို့သတ်စရာမလိုဘဲ



www.burmeseclassic.com

www.burmeseclassic.com



သေစေနိုင်တဲ့နေရာတွေ အများကြီးရှိတယ်၊ ကဲ .. သွားပေတော့''

ဟုပြောပြီး လွှတ်ပေးလိုက်ရာ ဖမုန်းထန်လည်း အသက်ဘေးမှလွတ်မြောက်အောင်ပြေးလေတော့သည်။

သူသည် လာလမ်းကိုကောင်းစွာမမှတ်မိတော့သော်လည်း ခြေဦးတည့်ရာသို့ မှန်းဆ၍ပြေးလေသည်။

သို့စေကာမူ အချို့နေရာများမှာ ပြေးပေါက်မရအောင်ပိတ်နေသည်။

သူ ပြေးမည့်လမ်း၏နံဘေးတွင် လူမည်းကြီးက ကြိုတင်ရောက်နေသောကြောင့် ၄င်းတို့နှင့်လွတ်အောင်ထွက်ပြေးရလေသည်။

ဖမုန်းထန်မှာ မောလိုက် .. တစ်နေရာမှာနားလိုက် .. အမောပြေသည်နှင့် ထပြေးလိုက်နှင့် တစ်ညလုံး တောထဲမှာလည်နေတော့သည်။

ထိုသို့မျက်စိလည်နေသည့်တိုင် နောက်မှလိုက်လာကြသည့် လူမည်းကြီးများက မျက်ခြည်ပြတ်မသွားဘဲ သူနား၍မှ အမောမပြေခင် အနားရောက်လာပြန်ရာ ဘေးလွတ်ရာသို့ ထပြေးရပြန်သည်။

နောက်ဆုံး တစ်ညလုံးပြေးနေရသောကြောင့် ခြေကုန်လက်ပန်းကျကာ ဆက်မပြေးနိုင်အောင်ဖြစ်လာသည်။ ပါလာသော





သောက်ရေကလည်း ကုန်သွားပြီဖြစ်သောကြောင့် ရေငတ်သည့်ဒဏ်ကိုလည်း ခံနေရသည်။

မိုးလင်းသည့်အချိန်ရောက်တော့မှ နောက်မှလိုက်နေသော လူမည်းကြီးများလက်မှ လွတ်သွားလေတော့သည်။ နောက်မှလိုက်လာသောခြေသံများ မကြားရတော့ပေ။

ဖမုန်းထန်မှာ ခြေထောက်နှစ်ချောင်းကိုပင် အနိုင်နိုင်သယ်ရင်း လှမ်းနေရသည်။

တစ်ကိုယ်လုံးမှာလည်း သစ်ပင်သစ်ကိုင်းများနှင့် ခြစ်မိတိုက်မိသောကြောင့် အဝတ်အစားများ စုတ်ပြဲနေပြီး ဒဏ်ရာဒဏ်ချက်များမှာလည်း ပွနေပြီ ..၊

တဖြည်းဖြည်းနှင့် အားတင်းလျှောက်လာရင်းက နေထွက်လာပြီဖြစ်ရာ အပူဒဏ်ကိုပါ ခံလာရသည်။

ထိုအခါမှ ရေငတ်သည့်ဒဏ်က ပိုဆိုးလာသည်။

''ငါတော့ လူရိုင်းတွေလက်ချက်ကြောင့် မသေဘဲ ရေငတ်လို့ သေရတော့မယ်ထင်ပါရဲ့''

ဟု တွေးလိုက်မိသည်။

ဒယိမ်းဒယိုင်နှင့်လျှောက်လာစဉ် တစ်နေရာရောက်သောအခါ နွယ်ကြိုးတစ်ချောင်းကို ခလုတ်တိုက်ပြီး ရှေ့သိုလဲကျသွားလေတော့သည်။

သူ့မျက်နှာအပ်လျက်ကျသွားသောနေရာမှာ အဖြူရောင်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ရေမျှားရှိနေသောနေရာပင်ဖြစ်၏။

ရွှံ့ရေမျှားကြောင့် အကျမနာသော်လည်း သူ့တစ်ကိုယ်လုံးမှာတော့ ရွှံ့ရေမျှားနှင့်နှစ်လိုက်သကဲ့သို့ ဖြစ်သွားသည်။ ဇမုန်းထန်မှာ ရွှံ့ရေမျှား၏ အအေးဓာတ်ကြောင့် ပင်ပန်းမှုများ အတန်အသင့်သက်သာသွားသောကြောင့် ထိုနေရာမှာ အတန်ကြာအောင်စိမ်နေပြီးမှ ပြန်ထကာ ရှေ့သို့ခရီးဆက်ပြန်လေသည်။

အတန်ငယ်လျှောက်မိသောအခါ သူ့နားထဲမှာ လှိုင်းပုတ်သံများကြားလာရသဖြင့် ဝမ်းသာသွားမိသည်။

ဝမ်းသာ၍မှမဆုံးခင် ကြားနေရသောလှိုင်းပုတ်သံများက တဖြည်းဖြည်းနှင့် ဝေ့ဝါးပျောက်ကွယ်သွားလေသည်။

"ထူးဆန်းလိုက်တာ .. စောစောက ကြားနေရတဲ့လှိုင်းပုတ်သံတွေကို မကြားရတော့ပြန်ဘူး၊ ပျောက်သွားပြန်ပြီ၊ ငါ့စိတ်တွေကယောင်ချောက်ချားဖြစ်လို့များ စိတ်ထင်ရာတွေကြားနေတာများလား"

ထိုအချိန်မှာ မျက်လုံးပေါ်သို့စီးကျလာသောရွှံ့ရေမျှားကိုလက်နှင့်သပ်ဖယ်လိုက်ရာ မျက်လုံးက ပိတ်သွားလေသည်။ မျက် ခွံနှစ်ခုက ရွှံ့စေးရေကြောင့် ကပ်သွားခြင်းဖြစ်သည်။

"ဟင် ..."

အထိတ်တလန့်ဖြင့် နောက်တစ်ကြိမ် လက်နှင့်ဖယ်ပစ်ရန်လက်ကိုမြှောက်သောအခါ လက်နှစ်ဖက်စလုံး လှုပ်မရတော့ပေ။





"ငါ ဘယ်လိုဖြစ်သွားတာလဲ"

ဟု အထိတ်တလန့်တွေးပြီး ရှေ့သို့ခြေလှမ်းရန်ဟန်ပြင်သောအခါတွင် ခြေထောက်နှစ်ဖက်စလုံး ကြွမရတော့ပေ။ ခဏချင်းမှာပင် နှာခေါင်းနှင့်ပါးစပ်မှာကပ်နေသောရွှံ့ရေမျှားက ဓေးကပ်လာပြီး တဖြည်းဖြည်းပိတ်သွားလေရာ အသက်ရှူ၍မရတော့ပေ။

ထိုအခါမှ အထိတ်တလန့်နှင့်လွတ်မြောက်ရန်ကြိုးစားသော်လည်း နောက်ကျသွားခဲ့လေသည်။

အတန်ကြာသောအခါ ပုပုနွေးနွေးလူသားကျောက်ရုပ်အနီးသို့ လူမည်းကြီးသုံးယောက် ရောက်လာကြပြီး အသေအချာကြည့်လေသည်။

မည်သို့မှမလှုပ်နိုင်တော့မှန်းသေချာသောအခါ ၄င်းတို့ ယူဆောင်လာသော ဇမုန်းထန် သေနတ်ထဲမှ ကျည်ဆံများကိုထုတ်ပြီး အဝေးသို့လွှင့်ပစ်လိုက်သည်။

ပြီးလျှင် သေနတ်ကို ဇမုန်းထန်ကျောက်ရုပ်တွင်မှီထောင်ထားခဲ့ပြီးနောက် ထိုနေရာမှ ပြန်ထွက်သွားကြလေသည်။ အော်စတာကျွန်းပေါ်မှာတော့ နောက်ဆုံးလူသားကျောက်ရုပ်တစ်ခု တိုးလာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

## ပက်ထရစ်နှင့် ၎င်း၏အကြံအစည်များ

ပုဏ္ဏကကျွန်းဟု အမည်သစ်ပေါ်ပေါက်နေသော အော်စတာကျွန်းသည် ကပ္ပလီပင်လယ်ပြင်အတွင်းမှ လူသူအရောက်အပေါက်နည်းသည့် သာမန်ကျွန်းတစ်ကျွန်းသာဖြစ်ပေသည်။

ယခင်က ထိုကျွန်းပေါ်တွင် ကပ္ပလီလူရိုင်းများသာရှိသည်။ လူရိုင်းများသည် ကျွန်းအလယ်လောက်တွင် ကြီးမားသော နတ်ဘုရားကျောင်းနှင့် နတ်ဘုရားရုပ်တုကြီးကို ပြုလုပ်ကာ ကိုးကွယ်ကြသည်။

တိရစ္ဆာန်များကိုဖမ်းဆီးပြီး ယဇ်ပူဇော်ကြသည်။ နောက်ပိုင်း အခြားနေရာမှရောက်လာသည့်လူများကိုပါ ဖမ်းဆီးပြီး ယဇ်ပူဇော်ကြသည်။

ရှေးအခါကတော့ ထိုကျွန်းသို့ မုန်တိုင်းမိပြီး ရောက်လာကြ





သူများ၊ လှေသင်္ဘောများ နစ်မြုပ်ပျက်စီးပြီး ရောက်လာကြသူများသာရှိသည်။

လူရိုင်းများက ထိုကဲ့သို့ရောက်လာသူများကို ဖမ်းဆီးပြီး ယဇ်ပူဇော်ကြသည်။

ချက်ပြုတ်စားသောက်ပစ်ကြလေရာ ထိုကျွန်းသို့ရောက်ပြီးမှ အသက်ရှင်လျက်နှင့်လွတ်မြောက်သွားသူများမရှိသလောက်ပင်။ နောက်ပိုင်း ပင်လယ်ဓားပြများ ခေတ်ထလာသောအခါ ပင်လယ်ဓားပြခေါင်းဆောင်များက ၎င်းတို့တိုက်ခိုက်ရထားသော ရွှေငွေရတနာများကို လျှို့ဝှက်မြှုပ်နှံရန် နေရာရှာဖွေကြရင်းမှ အော်စတာကျွန်းသို့ရောက်လာကြသည်။ အချို့လည်း လူရိုင်းလက်ချက်ဖြင့် အသက်သေဆုံးခဲ့ကြလေသည်။

အချို့လည်း ပြန်လည်လွတ်မြောက်သွားကြသည်။ လူရိုင်းများကတော့ ရတနာပစ္စည်း လာရောက်မြှုပ်နှံသော ပင်လယ်ဓားပြများကို သတ်ဖြတ်နိုင်ပါက ၎င်းတို့ယူဆောင်လာသော ရွှေငွေရတနာများကိုသိမ်းယူပြီး တစ်နေရာမှာလျှို့ဝှက်စွာ ထားလေသည်။

အချို့ပင်လယ်ဓားပြကြီးများကလည်း ၎င်းတို့ကို ရန်မူတိုက်ခိုက်ကြသောလူရိုင်းများကို သုတ်သင်ရှင်းလင်းမည်ဟု လူအင်အားများများ၊ လက်နက်အင်အားအစုံအလင်ဖြင့် ကျွန်းပေါ်သို့ တက်ရောက်ရှာဖွေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း လူရိုင်းများကို သတ်ဖြတ်နိုင်သည်က နည်းနည်း၊ လူရိုင်းများလက်ချက်အပြင် ကျွန်းပေါ်မှာရှိနေသော သဘာဝအန္တရာယ်များလက်ချက်ကြောင့် မိမိတို့လူများ အများအပြားသေကျေပျက်စီးကြခြင်းကြောင့် ရှေ့ဆက်မတိုးဝံ့ဘဲ လက်လျှော့သွားကြရသည်လည်းရှိသည်။

အော်စတာကျွန်းပေါ်၌ သဘာဝအန္တရာယ် အများအပြားရှိသည့်အနက် 'နဂါးချော်ရေတွင်း'များကြောင့် သေရသောအန္တရာယ်က ပိုများလေသည်။

နဂါးချော်ရေတွင်းမှထွက်သော အဖြူရောင်ရွှံ့နှစ်ရေများမှာ ကြောက်စရာကောင်းသည်။

တွင်းထဲမှာသော်လည်းကောင်း၊ အိုင်ထဲမှာ သဘာဝအတိုင်းရှိနေစဉ်က သာမန်ရွှံ့နှစ်ရေများအတိုင်းပင်ရှိ၏။ အပေါ်သို့ ယူလိုက်ပါက နေရောင်ခြည်နှင့်ထိလျှင် သော်လည်းကောင်း၊ လေတိုက်၍သော်လည်းကောင်း ထိမိလိုက်ပါက ချက်ချင်းအေးခဲသွားပြီး ကျောက်သားအသွင်သို့ ပြောင်းသွားတတ်လေသည်။

ကျွန်းပေါ်မှာရှိသောလူရိုင်းများမှာ ကျောက်တုံးကျောက်ပြားများကို အသုံးပြုပြီး ဆောက်ထားသည့်နတ်ဘုရားကျောင်းကြီးများကို ဆောက်ကြရာတွင် အင်္ဂတေကို ဖော်စပ်အသုံးပြုခြင်းမဟုတ်ဘဲ ထိုရွှံ့နှစ်ရေများကို အင်္ဂတေအဖြစ်အသုံးပြုခဲ့ကြခြင်းဖြစ်၏။

ကြီးမားသောကျောက်တုံးကြီးများကို တစ်တုံးအပေါ် တစ်တုံး





ဆင့်ပြီး ဆောက်လုပ်ထားနိုင်သည်မှာ ထိုရွှံ့နှစ်များ၏ အစွမ်းကြောင့်ပင် ဖြစ်၏။

ထိုရွှံ့ရေများမှာ ကျောက်ဖြစ်သွားပြီးနောက်တွင် ကွဲကြေခြင်း၊ ပျက်စီးခြင်း မရှိတော့ပေ ..၊

လေဒဏ်မိုးဒဏ် ပြင်းထန်လှသော ပင်လယ်ထဲမှ ကျွန်းတစ်ကျွန်းပေါ်၌ ကျောက်တုံးကြီးများကို အသုံးပြုပြီး တစ်တုံးပေါ်တစ်တုံးဆင့်ပြီး တည်ဆောက်ထားသော်လည်း ပြိုမကျခြင်းမှာ နဂါးချော်တွင်းမှထွက်သော ထူးဆန်းသည့်ကျောက်ဖြူရေများကြောင့်ပင်ဖြစ်သည်။

အထက်၌ရေးသားခဲ့သည့်အတိုင်း ထိုရွှံ့ရေများမှာ နွံအိုင်အတွင်းမှာ သဘာဝအတိုင်း အရေအဖြစ်နှင့်ရှိနေသော်လည်း တစ်စုံတစ်ခုနှင့်ထိပြီး အပေါ်သို့ယူလိုက်သောအခါ လေနှင့်ထိ၍သော်လည်းကောင်း၊ နေရောင်ခြည်နှင့်ထိ၍သော်လည်းကောင်း လျှင်မြန်စွာခြောက်သွေ့ပြီး ကျောက်ဖြစ်သွားလေတော့သည်။

ထိုအကြောင်းကို မသိသူများက နွံအိုင်အတွင်းကျပြီး ရွှံ့ရေများပေသွားပါက ရေနှင့်ဆေးကြောပစ်ရန် ပင်လယ်ကမ်းခြေသို့ ရောက်အောင် အလျှင်အမြန်သွားကြလေသည်။ ဒါကပင် အမှားတစ်ခုဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မြန်မြန်ပြေးလေလေ လေတိုက်နှုန်းက ပိုများသောကြောင့် ကိုယ်ပေါ်မှာပေနေသောရွှံ့ရေများက



www.burmeseclassic.com

www.burmeseclassic.com



အလျှင်အမြန်ခြောက်သွေ့သွားနိုင်သောကြောင့်ပင်ဖြစ်၏။

ထိုကျွန်းမှာ အမြဲနေသည့်လူရိုင်းများက ကြောက်မက်ဖွယ်ကောင်းလှသော ထိုရွှံ့နှစ်ရေများအကြောင်းကို ကောင်းစွာသိကြသည်။

အခြားမှရောက်လာသူများကတော့ မသိနိုင်ကြပေ။ အဘယ်ကြောင့်ဆိုပါလျှင် ထိုရွှံ့နှစ်ရေများအန္တရာယ်နှင့်တွေ့ကြုံပြီးသည်နှင့် လွတ်မြောက်သွားသူတစ်ဦးတစ်ယောက်မှမရှိကြဘဲ အသက်သေဆုံးသွားသောကြောင့်ဖြစ်သည်။

သို့ကြောင့် အခြားသူများကိုလည်း ကြောက်စရာကောင်းသော ထိုရွှံ့နှစ်ရေများအကြောင်းကို ပြန်မပြောနိုင်ကြတော့ပေ။ ကျွန်းမှာ အမြဲနေကြသည့်လူရိုင်းများကတော့ ထိုအန္တရာယ်များအကြောင်းကို ကောင်းစွာသိထားကြသောကြောင့် အခြားမှ ရန်သူ များရောက်လာသည့်အခါ ထိုရွှံ့ရေအိုင်များရှိရာသို့ ဥပါယ်တံမျဉ်ဖြင့် ရောက်အောင်ခေါ်သွားပြီး သတ်ပစ်ကြလေသည်။

စစ်ကြိုခေတ်ကာလရောက်သောအခါ ပင်လယ်ပြင်နေရာအနှံ့အပြားတွင် ပင်လယ်ဓားပြများပေါ်ပေါက်လာကြသည်။ ရခိုင်ကမ်းရိုးတန်း၊ တနင်္သာရီကမ်းရိုးတန်းအပါအဝင် ပင်လယ်ရေပြင်နေရာအနှံ့အပြားတွင် ပင်လယ်ဓားပြအဖွဲ့များပေါ်ပေါက်လာကြလေသည်။

ပင်လယ်ပြင်မှာ သွားလာနေကြသော ကုန်သည်သင်္ဘော





များနှင့် ခရီးသည်သင်္ဘောများကို လုယက်တိုက်ခိုက်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းရောက်မှ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များက လိုက်လံနှိမ်နင်းကြသောကြောင့် တဖြည်းဖြည်းနှင့် နည်းပါးသွားခြင်းဖြစ်သည်။

အချို့ဓားပြများမှာ သေကျေပျက်စီးသွားကြပြီး အချို့ ပင်လယ်ဓားပြများကတော့ ရာဇဝတ်ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရလေသည်။

ထိုအထဲတွင် 'ပက်ထရစ်'ဆိုသော ပင်လယ်ဓားပြခေါင်းဆောင်တစ်ဦးလည်း အပါအဝင်ဖြစ်သည်။

ပက်ထရစ်မှာ အိန္ဒိယနှင့်အင်္ဂလိပ်ကပြားတစ်ဦးဖြစ်ပြီး ရဲရွှမ်းသတ္တိနှင့်ပြည့်စုံသည်။

ဉာဏ်ပညာအမြော်အမြင်ရှိသူတစ်ဦးဖြစ်သည်။ သူသည် အရွယ်ရောက်စကတည်းက သင်္ဘောတစ်စင်းဖြင့် ပင်လယ်ဓားပြအလုပ်လုပ်ကိုင်ခဲ့သူဖြစ်သည်။

ယခု အသက်ငါးဆယ်ကျော်အရွယ်ရောက်ခဲ့သည့်တိုင် သူ့ဘဝ၏အချိန်အတော်များများကို ပင်လယ်ရေပြင်ပေါ်မှာသာ ကုန်ဆုံးသွားခဲ့သည်။

အသက် ၃၀ အရွယ်လောက်တွင် ခရီးသွားသင်္ဘောတစ်စင်းကိုတိုက်ခိုက်ရာမှ သင်္ဘောပေါ်မှာပါလာသည့် အမျိုးသမီး တစ်ယောက်ကို နှစ်သက်သဘောကျသဖြင့် သိမ်းပိုက်ယူခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်း၏မင်္ဂလာပွဲကို ပင်လယ်ရေပြင်ပေါ်မှာပင် အကျဉ်းချုပ်ပြီး ကျင်းပခဲ့လေသည်။

နောက်ပိုင်း ထိုမိန်းမနှင့် သမီးလေး တစ်ယောက်မွေးဖွားပြီးနောက်တွင် ထိုမိန်းမမှာ သေဆုံးသွားလေ သည်။

ပက်ထရစ်မှာ မိတဆိုးသမီးလေးအပေါ်မှာ များစွာချစ်ခင်နှစ်သက်သဖြင့် ကောင်းမွန်စွာကျွေးမွေးစောင့်ရှောက်ခဲ့ပေသည်။

အရွယ်ရလာသောအခါ 'မာရီယာ' ဟုအမည်ပေးထားခဲ့သည်။ မာရီယာသည် အမျိုးသမီးတစ်ဦးဖြစ်သော်လည်း ငယ်စဉ်အချိန်ကတည်းက ကြမ်းတမ်းခက်ထန်သောပင်လယ်ဓားပြယောကျ်ားများကြားမှာပင်နေထိုင်ကြီးပြင်းခဲ့ရသူဖြစ်သောကြောင့် စိတ်ကြမ်းကိုယ်ကြမ်းနှင့် ယောကျ်ားဆန်သူတစ်ဦးဖြစ်လေသည်။

အရွယ်ရလာသောအခါ လုယက်တိုက်ခိုက်သောတိုက်ပွဲများတွင် ယောကျ်ားများနှင့်ရင်ဘောင်တန်းပြီး ဝင်ရောက်တိုက်ခိုက်ခဲ့သည်။

သူမသည် အရွယ်နှင့်အမျှ ဓားခုတ်လှံထိုးပညာများသာမက သေနတ်မျိုးစုံတို့ကို ကျွမ်းကျင်စွာပစ်ခတ်နိုင်သူဖြစ်ပေသည်။

အချို့သေးငယ်သောကုန်သည်လှေ၊ သင်္ဘောများကို တိုက်ခိုက်ရာတွင် ပက်ထရစ်က သူမကိုပင် ခေါင်းဆောင်အဖြစ်တင်ပေးပြီး ဦးဆောင်တိုက်ခိုက်စေရာ အောင်မြင်မှုများရခဲ့လေသည်။

ထိုအခါ မိမိငယ်သားများရှေ့မှောက်မှာပင် ချီးကျူးမှုများ





ပြောဆိုလေသည်။

"ငါ့ရဲ့သမီးက အဖေ့ခြေရာနင်းမယ့်သမီးကွ၊ တစ်နေ့ကျရင် ငါ့လိုပဲ ပင်လယ်ဓားပြခေါင်းဆောင်တစ်ယောက် ဖြစ်လာစေရမယ်"

ထိုသို့ပြောဆိုခဲ့သော်လည်း နောက်ပိုင်းမှာတော့ သူမျှော်လင့်ထားသလိုမဖြစ်နိုင်တော့ပေ ...။

ဒုတိယကမ္ဘာစစ်ပြီးဆုံးသွားပြီးနောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ပြီးနောက်ပိုင်းတွင် သက်ဆိုင်ရာအစိုးရမှ ပင်လယ်ပြင်တွင် သောင်းကျန်းနေကြသော ပင်လယ်ဓားပြများကို လိုက်လံတိုက်ခိုက်ပြီး သုတ်သင်ရှင်းလင်းလေသည်။

ထိုအခါ အချို့လည်း သေကျေပျက်စီးကြပြီး အချို့လည်း အဖမ်းအဆီးခံကြရပြီး ထောင်နန်းစံကြရလေသည်။ အချို့လည်း အခြေအနေမဟန်တော့သဖြင့် လွတ်ရာသို့ထွက်ပြေးကြရတော့သည်။

ပက်ထရစ်မှာ ကြံရည်ဖန်ရည်ကောင်းသူတစ်ယောက် ဖြစ်သဖြင့် ရန်သူများနှင့်ထိပ်တိုက်မတွေ့အောင်ရှောင်တိမ်းပြီး တစ်နေရာတွင်သွားရောက်၍ လျှို့ဝှက်စွာနေထိုင်ရန် ဆုံးဖြတ်ခဲ့လေသည်။

ထိုသို့စဉ်းစားမိသည်နှင့် သူ့အတွက် အကောင်းဆုံးရနိုင်မည့်နေရာကို စဉ်းစားသောအခါ အော်စတာကျွန်းကို သတိရမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အော်စတာကျွန်းသည် အန္တရာယ်အလွန်များသော နေရာတစ်ခုဖြစ်သော်လည်း သူ့အတွက် အန္တရာယ်ကင်းသောနေရာတစ်ခုဖြစ်နိုင်ကြောင်း သဘောပေါက်သဖြင့် နောက်လိုက်ငယ်သားများနှင့်တိုင်ပင်ပြီး ထိုကျွန်းသို့သွားရောက်ခဲ့သည်။ အော်စတာကျွန်းသို့ရောက်သောအခါ ကျွန်းပေါ်မှာရှိသောလူရိုင်းများကို တိုက်ခိုက်ခြင်းမပြုဘဲ မိတ်ဆွေဖွဲ့လေသည်။

တစ်ချိန်ကျလျှင် ထိုလူရိုင်းများက သူ့အတွက် အကာအကွယ်ပေးကြမည့်တပ်သားများဖြစ်နိုင်ကြောင်း အမြော်အမြင်ရှိသည့် ပက်ထရစ်က သဘောပေါက်လေသည်။

သူသည် ထိုကျွန်းသို့ရောက်သည်နှင့် လူရိုင်းအကြီးအကဲများနှင့်တွေ့ပြီး အစားအသောက် .. အဝတ်အထည် အသုံးအဆောင်ပစ္စည်းများ လက်ဆောင်ပေး၍ မိတ်ဆွေဖွဲ့လေသည်။

ထိုကျွန်းမှာပင် အမြဲနေထိုင်သွားမည်ဟု ၄င်းတို့နားလည်သောဟန်ပန်အမူအရာဖြင့် ပြောပြသောအခါ လူရိုင်းများကလည်း သဘောတူလက်ခံကြလေသည်။

ပက်ထရစ်အနေဖြင့် အော်စတာကျွန်းပေါ်တွင် နေခွင့်ရပြီးသည်နှင့် ၄င်းတို့နေထိုင်ရန်အတွက် လုံခြုံစိတ်ချရသည့်နေရာတစ်ခုကိုရွေးချယ်လေသည်။

ထွေထွေထူးထူးတော့မရှာရပေ ..၊

နတ်ဘုရားကျောင်းနှင့် မနီးမဝေးနေရာမှာရှိသော ကျောက်





လိုဏ်ခေါင်းကြီးကို တွေ့ရမည်။

ထိုလိုဏ်ခေါင်းကြီးမှာ အဝင်ပေါက်ဝမှာ သာမန်မျှသာ ရှိသော်လည်း အတွင်းပိုင်းရောက်သောအခါ များစွာကျယ်ဝန်းလေသည်။

သူတို့အုပ်စုများ လုံခြုံစွာနေနိုင်လောက်သောနေရာမျိုးဖြစ်သည်။

ထိုလိုဏ်ခေါင်းကြီးရှိနေသောတောင်ကုန်းထိပ်ပေါ်သို့ တက်ကြည့်ပါက ပင်လယ်၏အရပ်လေးမျက်နှာနေရာများသို့ ကောင်းစွာမြင်နိုင်လေသည်။

ထိုနေရာတွေ့သောအခါ မိမိတို့သင်္ဘောပေါ်မှပစ္စည်းများအားလုံးကို သယ်ယူပြီးနောက် သူတို့သင်္ဘောကို ကျွန်းတစ်နေရာတွင် လျှို့ဝှက်စွာထားလိုက်ကြသည်။ ထိုနေရာရောက်သောအခါ ပက်ထရစ်က ၄င်းလူများကိုပြောပြသည်။

"ငါတို့ ဒီမှာ အမြဲနေကြမှာမဟုတ်ဘူး၊ နောက်ပိုင်းခေတ်ကာလအခြေအနေ ငြိမ်သက်သွားတဲ့တစ်နေ့မှာ ငါတို့နေတဲ့နေရာတွေကို ရောက်အောင်ပြန်ကြရမှာပဲ၊ ငါသိသမျှတော့ လူရိုင်းတွေဆီမှာ ပင်လယ်ဓားပြတွေဆီကယူထားတဲ့ ရွှေငွေရတနာတွေ အများကြီးရှိတယ်"

ထိုစကားကြားသောအခါ ငယ်သားများက စိတ်ဝင်စားသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်းသားတွေက ရတနာပစ္စည်းတွေ ဘယ်ကရတာလဲ ဆရာကြီး''

''ဒီကျွန်းပေါ်မှာ ပင်လယ်ဓားပြကြီးတွေက သူတို့ရှာဖွေထားတဲ့ရတနာတွေကို လာရောက်မြှုပ်နှံကြတယ်၊ အဲဒီအချိန်မှာ အန္တရာယ်တွေနဲ့တွေ့ပြီး သေဆုံးသွားတဲ့အခါ ရတနာပစ္စည်းတွေကို သူတို့ယူထားခဲ့ကြတာပဲ''

''သူတို့ဆီကရတနာတွေကို ဘယ်လိုရအောင်ယူမှာလဲ''

''အကြမ်းဖက်ယူလို့တော့ ရမှာမဟုတ်ဘူး၊ သူတို့ ဘယ်နေရာမှာဝှက်ထားတာကိုလည်း ပြောမှာမဟုတ်ဘူး၊ ဒီတော့ တဖြည်းဖြည်းနဲ့ သူတို့ ယုံကြည်လာအောင်လုပ်ရမယ်၊ ပြီးမှ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သူတို့ ဘယ်နေရာမှာဝှက်ထားတယ်ဆိုတာ သိအောင်လုပ်ကြရမယ်''

ထိုအကြံအစည်ကို အားလုံးက သဘောကျကြလေသည်။

''သူတို့ဆီကရတနာတွေရရင် ငါတို့သင်္ဘောမှာရှိတဲ့လူတွေအားလုံး အညီအမျှခွဲဝေယူကြမယ်၊ ဘယ်လိုလဲ .. မင်းတို့သဘော တူတယ်မဟုတ်လား''

''သဘောတူပါတယ် ဆရာကြီး''

ဟုပြောဆိုကာ သူတို့ စခန်းချမည့်ကျောက်ဂူကြီးအတွင်းမှာ အားလုံး အဆင်ပြေစွာနေနိုင်ကြရန်အတွက် ပြင်ဆင်ကြလေသည်။





အရေးအကြီးဆုံးက သူတို့မှာပါလာသောသေနတ်နှင့် တားနပ်ရိကွာများကို လျှို့ဝှက်စွာထားကြလေသည်။

ကျွန်းပေါ်မှာရှိနေသောလူရိုင်းများကတော့ ပင်လယ်ဓားပြတစ်တွေကို ကျွန်းပေါ်မှာ လာရောက်နေထိုင်ခွင့်ပေးထားသော်လည်း အတူတူ လာရောက်နေထိုင်ခြင်းမျိုးတော့ မရှိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

## အီစတာကျွန်း နှင့် လျှို့ဝှက်ချက်များ

မာရီယာမှာ သူမ၏ဘဝတစ်လျှောက်လုံး သင်္ဘောပေါ်မှာသာ ကြီးပြင်းခဲ့ရသောကြောင့် မမျှော်လင့်ဘဲ ကျွန်းပေါ်တက်နေရသောအခါ ရောက်စအချိန်များမှာ မနေတတ်မထိုင်တတ်ဖြစ်ရလေသည်။

မာရီယာမှာ အသက် ၂၀ ဝန်းကျင်အရွယ်သို့ရောက်နေပြီဖြစ်ရာ အလှသွေးအကြွယ်ဆုံးအချိန်လည်းရောက်နေပေပြီ။ မပြုမပြင်ဘဲနှင့် သဘာဝအတိုင်းနေသည်ဆိုသော်လည်း သူမ၏ပင်ကိုအလှများက တစ်နေ့တခြားပေါ်လွင်ထင်ရှားလာခဲ့လေသည်။

ဖခင်ဖြစ်သူ ပက်ထရစ်မှာ အိန္ဒိယသွေးပါသူ ကပြားတစ်ဦးဖြစ်သလို မိခင်မှာလည်း အိန္ဒိယသွေးပါသူဖြစ်ပြီး ချောမောလှပ





သူဖြစ်ရာ မိခင်ဖခင်တို့ထံမှ ချောမောသည့်ရုပ်ဆင်းအင်္ဂါတို့မှာ မာရီယာက အမွေရခဲ့ပေသည်။

သူမသည် ယောက်ျားများနှင့် ရင်ဘောင်တန်းပြီး တိုက်ပွဲအတော်များများကိုတိုက်ခိုက်ခဲ့သောကြောင့် ယောက်ျားဆန်သည်ဟု ဆိုရမည်ဖြစ်သော်လည်း မိန်းကလေးတစ်ဦး၏သဘာဝအလှတရားများကတော့ ပေါ်လွင်လျက်ပင်ရှိလေသည်။

အော်စတာကျွန်းတစ်ကျွန်းလုံးမှာ ကပ္ပလီမိန်းမများသာရှိပြီး အချောဆုံးအလှဆုံးကိုပြပါဆိုလျှင် သူမကိုသာရွေးချယ်ပြသရပေမည်။

သို့ကြောင့် အတူတူနေထိုင်ကြသော ပုရိသယောက်ျားတို့၏ နှစ်သက်သဘောကျနေခြင်းများက သူမတစ်ဦးတည်းအပေါ်သို့ စုပြုံရောက်နေကြသည်။

ပက်ထရစ်၏ တပည့်အားလုံးက သူမကို စိတ်ဝင်စားကြသည်၊ လိုချင်နေကြသည်။ နည်းအမျိုးမျိုးနှင့်ရအောင်လည်း ကြံစည်နေကြသည်။ မြွေမြွေချင်းခြေမြင်ဆိုသလို တစ်ယောက်အကြံအစည်ကိုတစ်ယောက်က ရိပ်မိနေသောကြောင့် ကိုယ့်နည်းကိုယ်ဟန်ဖြင့် လျှို့ဝှက်စွာ ကြံစည်အားထုတ်နေကြခြင်း ဖြစ်လေသည်။

ထိုအထဲတွင် ထွန်းခံနှင့် စံနက်ကျော်တို့နှစ်ယောက်လည်း အပါအဝင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငှင်းတို့နှစ်ယောက်မှာ ပက်ထရစ်၏တပည့်ရင်းများဖြစ်ကြပြီး တိုက်ခိုက်ရေးမှာ ကျွမ်းကျင်သူများဖြစ်ကြလေသည်။

ပက်ထရစ်အနေဖြင့်လည်း သမီးမွေးထားသော်လည်း အမြဲတစေ လိုက်လံကြည့်နေနိုင်သည်တော့မဟုတ်ပေ။ မိမိတပည့်များထဲမှ တစ်စုံတစ်ယောက်နှင့်ငြိစွန်းသွားလျှင်သော်မှ အပြစ်ပြောသာမည်မဟုတ်ပေ ...။

မာရီယာ အနေနှင့် မိမိကိုယ်ကို စောင့်ရှောက်ရမည့်တာဝန်သာရှိပေတော့သည်။

သို့သော်လည်း မာရီယာမှာ ကြောက်ရွံ့တတ်သူတစ်ဦးတော့မဟုတ်ပေ ...။

တစ်ခါတစ်ရံ တောထဲထွက်ပြီး အမဲပစ်သွားကြလျှင် သူမပါလိုက်သွားသည့်အခါမျိုးရှိသည်။

ဘောင်းဘီ၊ အင်္ကျီများဝတ်ပြီး တော်စီးဖိနပ်၊ ဦးထုပ် ဆောင်းထားသော သူမကို ရုတ်တရက်တွေ့ပါက ယောကျ်ားတစ်ယောက်ဟုပင် ထင်စရာရှိသည်။

သူမနှင့်အတူ အမဲလိုက်ရာတွင် အသုံးပြုသောစားမြှောင်၊ ပြောင်းတိုသေနတ်၊ တစ်လုံးထိုးပြောင်းရှည်သေနတ်တို့လည်း ပါသည်။

တစ်နေ့တော့ အခြားအဖော်များနှင့်အတူ အမဲလိုက်သွားလေသည်။





"ငါလည်း ဂူထဲမှာနေရတာ ပျင်းလှပြီ၊ နင်တို့နဲ့လိုက်ခဲ့မယ်"

ဟုပြောသောအခါ ထွန်းဖုံနှင့်စံနက်ကျော်တို့နှစ်ယောက်က ကျိတ်ပြီးသဘောကျသွားကြသည်။

တောထဲသို့ရောက်သောအခါ အုပ်စုလိုက်ခွဲပြီး အမဲလိုက်ကြလေသည်။

အော်စတာကျွန်းမှာ ကြီးမားသောကျွန်းတစ်ကျွန်းဖြစ်သောကြောင့် တောတိရစ္ဆာန်မျိုးစုံကိုလည်းရှိကြသည်။ ထူးဆန်းသောသစ်ပင်များလည်းရှိသည်။

သက်ရှိသတ္တဝါများကို ဖမ်းယူစားသောက်လေ့ရှိသော နွယ်ရှင်များနှင့် အသားစားအပင်များလည်းရှိသည်။ အသားစားအပင်များမှာ ရှည်လျားသောရေစစ်ပုံသဏ္ဍာန်အရွက်များပါရှိသည်။

၎င်းအရွက်များမှာ ကြွက်၊ ပွး၊ ယုန် စသော တိရစ္ဆာန်ကလေးများအား ဖမ်းယူစားသောက်ကြသည်။

၎င်း၏ပုံသဏ္ဍာန်မှာ အစာထည့်သောခွက်နှင့်လည်းတူသောကြောင့် ယောင်ချောက်သဖွယ်လည်းဖြစ်သည်။

သတ္တဝါများမှာ ယင်းရေစစ်ပုံသဏ္ဍာန်အရွက်များအတွင်းသို့ ကျသွားပါက အရွက်များ၌ရှိသည့် စေးကပ်လှသည့်အစေးများကြောင့်ပြန်မတက်နိုင်ကြတော့ပေ ...။

ထိုအခါ ရေစစ်ပုံသဏ္ဍာန်ဖြစ်နေသောသစ်ရွက်များ အလိုအလျောက်ပိတ်သွားပြီး ဖမ်းမိထားသောသတ္တဝါကို စားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

ကျွန်း၏အချို့နေရာများမှာ ထိုသစ်ပင်နှင့်ပုံသဏ္ဌာန်တူသော ပန်းပွင့်ကြီးများလည်းရှိကြသည်။ ပုံးပန်းသဏ္ဌာန်မှာ ငါးတစ်ကောင် ပါးစပ်ပြဲထားသည်နှင့် ပုံသဏ္ဌာန်တူလေသည်။

အပွင့်ပွင့်သောအခါ အနံ့မှာ ညှီစို့စို့ ပုပ်အက်အက်အနံ့မျိုး ထွက်လာတတ်သည်။

အပုပ်နံ့ကြိုက်သောသတ္တဝါများရောက်လာပြီး ငါးပါးစပ်နှင့်တူသောပန်းပွင့်အတွင်းသို့ ဝင်ရောက်သွားသောအခါ ပန်းပွင့်မှာ ချက်ချင်းပိတ်ပြီး စားသောက်ပစ်လေသည်။

ထိုကျွန်းပေါ်တွင် အခြားထူးဆန်းသောသစ်ပင်၊ ပန်းပင်များအပြင် အခြားထူးဆန်းသောအရာများလည်း ရှိပေသေးသည်။

မာရီယာတို့အဖွဲ့မှာ တောတွင်းသို့ရောက်သောအခါ လူစုခွဲပြီး လိုက်ကြလေသည်။

ထိုအခါ မာရီယာမှာ တစ်ယောက်တည်း လူစုကွဲသွားလေသည်။ တစ်နေရာရောက်သောအခါ တစ်နေရာမှ တောတိုးလာသံကြားရသဖြင့် နီးစပ်ရာသစ်ပင်ကြီးတစ်ပင်နောက်သို့ ပြေးကပ်လိုက်သည်။

ထို့နောက် သေနတ်ကို အဆင်သင့်ပြင်ထားလိုက်သည်။ သို့ သော် သစ်ချုံများနောက်မှထွက်လာသူမှာ ထွန်း၆ဖြစ်သည်။

ထွန်း၆ မြင်တော့ မာရီယာ က နေရာမှထွက်လိုက်သည်။





ထွန်း၆ က တစ်ချက်ပြုံးလိုက်ပြီး အနီးသို့လျှောက်လာသည်။

"နင် သားကောင်နောက်ကိုမလိုက်ဘူးလား"

"ငါက သားကောင်နောက်ကိုမလိုက်ပါဘူး၊ နင့်နောက်ကို လိုက်လာတာ"

"ဘာအတွက် ငါ့နောက်ကိုလိုက်နေတာလဲ"

"ပြောစရာရှိလို့ပေါ့ မာရီယာရယ်"

"ဘာပြောမှာလဲ"

"တခြားမဟုတ်ပါဘူး၊ ငါ နင့်ကို သဘောကျတယ်၊ ဒါကြောင့် နင် သဘောတူရင် ဆရာကြီးဆီမှာခွင့်တောင်းပြီး ယူချင်တယ်"

ထွန်း၆ က ပင်လယ်ပြင်မှာ နှစ်များစွာကြာအောင်နေခဲ့သော လူကြမ်းဖြစ်သဖြင့် စကားပြောရာမှာလည်း ဖွဲ့ဖွဲ့နွဲ့နွဲ့တော့မရှိလှပေ …၊

ထိုစကားကြားသောအခါ မာရီယာ က မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

"နင်က ငါ့ကို ဘယ်လိုများအောက်မေ့နေလို့ ဒီလိုစကားမျိုးကို လွယ်လွယ်ပြောတာလဲ၊ နင်ပြောတာကို ငါ စိတ်မဝင်စားဘူး ထွန်း၆"

"နင်က စိတ်မဝင်စားလည်း ငါကတော့ စိတ်ဝင်စားတယ်၊ နင့်ကို ရအောင်ယူဖို့လည်း ဆုံးဖြတ်ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် အတင့်ရဲလှချည်လား၊ နင်ပြောနေတဲ့စကားတွေကို အဖေ သိသွားရင် ဘယ်လိုဖြစ်မယ်ဆိုတာရော သိရဲ့လား"

"ဆရာကြီးက အခု ပင်လယ်ဓားပြခေါင်းဆောင် မဟုတ်တော့ဘူး၊ ငါတို့လိုပဲ ဝရမ်းပြေးဘဝရောက်နေပြီ၊ ငါကတော့ ငါလိုချင်တာ ရအောင်ယူမှာပဲ"

"အေးလေ .. နင်က ထပ်ပြီးဆန္ဒရှိနေရင်လည်း ကြိုးစားကြည့်ပေါ့ဟာ"

ဟု ပြောပြီး မာရီယာ က ရှေ့မှာကာဆီးနေသော ထွန်းခံကို တွန်းဖယ်လိုက်ရာ ထွန်းခံ က သူ့မလက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်နှင့် မာရီယာ က ကျန်တစ်ဖက်မှာ ကိုင်ထားသောသေနတ်ဒင်ဖြင့် ထွန်းခံ လက်ကောက်ပတ်ကို ဖြတ်ရိုက်ချလိုက်သည်။

"ဒုတ် ....."

"အား ....."

ထွန်းခံမှာ အထိနာသွားသောကြောင့် ခါးကြားမှာထိုးထားသော သေနတ်ကို ဆွဲထုတ်ရန် ပြန်ပြင်လိုက်သည်။

သို့သော် မာရီယာ၏သေနတ်ပြောင်းပက သူ့ရင်ဝသို့ ချိန်ထားနှင့်ပြီးဖြစ်လေသည်။

"နင် ငါ့ကိုလိုချင်ရင် ငါနဲ့ယှဉ်နိုင်အောင်ကြိုးစားကြည့်ဦး၊ ငါက နင်ထင်သလို ပျော့ညံ့တဲ့မိန်းမတစ်ယောက်တော့မဟုတ်





ဘူး"

"ဟင်း .. ကြည့်ကြသေးတာပေါ့"

မာရီယာ က မဲ့ပြုံးတစ်ချက်ပြုံးပြီး ထိုနေရာမှ ထွက်သွားလေရာ ထွန်းခံမှာ အံ့ဩကြိတ်ကြိတ်နှင့် နေရာမှာကျန်ခဲ့လေသည်။

နောက်ပိုင်းရက်များမှာတော့ မာရီယာတစ်ယောက် ခါတိုင်းကဲ့သို့မနေဘဲ အစစအရာရာ သတိနှင့်နေထိုင်သွားလာလေသည်။

နောက်ပိုင်းရက်များမှာတော့ ထိုအကြောင်းကိုသိသွားသော ပက်ထရစ်ကလည်း မာရီယာကို အခြားသူများနှင့်သွားခွင့်မပေးတော့ပေ ..၊

"ဒီကျွန်းပေါ်မှာ အဖေနဲ့သမီးနဲ့ကလွဲပြီး ကျန်တဲ့လူတွေက သူစိမ်းတွေချည်းပဲ၊ လူဆိုတာ အစဉ်တစိုက်ယုံကြည်လို့မရဘူး၊ အခု လူကောင်းပေမယ့် ခဏကြာတဲ့အခါမှာ လူဆိုးတစ်ယောက်လိုဖြစ်ချင်ဖြစ်နေတာဆိုတော့ ဘယ်သူ့ကိုမှ စိတ်ချယုံကြည်လို့မရဘူး၊ အဖေ ပြောတာကို သဘောပေါက်တယ်မဟုတ်လား"

"ပေါက်ပါတယ် အဖေ၊ သမီး သတိထားနေပါ့မယ်၊ ဒါထက် အဖေ့ကိုမေးပါရစေ"

"ဘာမေးမှာလဲ မေးလေ"

"တခြားတော့မဟုတ်ပါဘူး၊ သမီးတို့က ဒီကျွန်းပေါ်မှာ အမြဲ နေသွားကြမှာလားဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဟုတ်ပါ့မလဲ သမီးရယ် .. အခြေအနေအရ ဒီမှာ ခဏလာခိုနေတဲ့သဘောပါပဲ၊ အခြေအနေကောင်းတာနဲ့ မြို့ရွာတွေရှိတဲ့နေရာ ပြန်ရမှာပေါ့၊ ငါ့သမီးရဲ့ဘဝကို ဒီလိုပင်လယ်ထဲက ကျွန်းတစ်ကျွန်းပေါ်မှာ တစ်သက်လုံး အဆုံးသတ်တဲ့အထိ မထားချင်ပါဘူးကွယ်"

ထိုစကားကြားသောအခါ မာရီယာ၏မျက်နှာပြင်ပေါ်မှာ ရှားရှားပါးပါးအပြုံးရိပ်ကလေးများ ယှက်သန်းသွားလေတော့သည်။

"ဒါပေမယ့် ဒီကျွန်းက မခွာခင်မှာတော့ အဖေတို့ရဲ့ရည်ရွယ်ချက်တွေပြည့်အောင် လုပ်သင့်တာတွေလုပ်ကြရဦးမယ်"

ဟု ပြောပြသည်။

တစ်နေ့မှာ ပက်ထရစ် က ၎င်းတို့ထံမှာရှိသော ဆေးပြင်းလိပ်၊ မီးခြစ်၊ အရက်၊ မုန့်နှင့် အခြားစားသောက်စရာများအပြင် စားပြတိုက်ယူထားသောပစ္စည်းများထဲမှ စောင်နှင့်အဝတ်အထည်အချို့ကိုယူပြီး လူရိုင်းများနေသောနေရာသို့သွားလေသည်။

သူနှင့်အတူ မာရီယာနှင့်ယုံကြည်စိတ်ချရသောနောက်လိုက်တပည့်အချို့ကိုပါ ခေါ်သွားလေသည်။

ကပ္ပလီလူရိုင်းများနေသောနေရာမှာ ကျွန်းအလယ်လောက်တွင်ရှိသည့် ကျောက်ဂူများအတွင်း၌ဖြစ်သည်။

ပက်ထရစ်တို့ရောက်သွားသောအခါ လူရိုင်းအကြီးအကဲ





ခေါင်းဆောင်များက လက်ခံတွေ့ဆုံလေသည်။

ဂူအတွင်းရောက်သောအခါ ပက်ထရစ် လက်ဆောင်ပေးသောပစ္စည်းများကို စိတ်ဝင်စားစွာကြည့်ပြီး များစွာသဘောကျနေကြသည်။

အထူးသဖြင့် လက်ဖြင့်ခြစ်ရုံနှင့်မီးတောက်ရစေသောမီးခြစ်နှင့် ရနံ့မွှေးသောဆေးပြင်းလိပ်တို့ကို သဘောကျလေသည်။ (ရှေ့ အခန်းများတွင် လူရိုင်းဘာသာဖြင့်ပြောသောစကားများကို စကားပြေအတိုင်းဖြင့်သာရေးသားဖော်ပြပါမည်) ကပ္ပလီလူရိုင်းများမှာ ယောက်ျားရောမိန်းမပါ အောက်ပိုင်းအရှက်လုံရုံသာ သစ်ရွက်ဖြင့်ဖုံးထားပြီး အားလုံး ကိုယ်ဗလာဖြင့်သာနေကြလေသည်။

ပက်ထရစ် ပေးသော အဝတ်အစားများကို လူရိုင်းအကြီးအကဲ၏မိသားစုများက သူတို့စိတ်ကူးမိသလို ဝတ်နေကြရာ အချို့ တလွဲဖြစ်နေသည်။

ဘောင်းဘီကို ခေါင်းကစွပ်ပြီး ခြေထောက်နေရာကို လက်နှစ်ဖက်သွင်းထားသောကြောင့် ခေါင်းထွက်မရသူများ၊ အင်္ကျီကို ကိုယ်မှာပတ်ပြီး လက်နှစ်ဖက်ကို လည်းပင်းမှာသိုင်းပတ်ထားသော ပြုမူပုံများကိုတွေ့မြင်ရသောအခါ အားလုံးပြုံးမိကြသည်။

ပက်ထရစ် က အရက်ပုလင်းများပေးသောအခါ အဖုံးဖွင့်ပြီးနမ်းကြည့်သည်။ သင်းပျံ့သောအနံ့ကြောင့် စိတ်ဝင်စားပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှာဖြင့်တို့ကြည့်လေသည်။ ရှူးရှသောအရသာကြောင့် တွန့်သွားသည်။

ပထမ နည်းနည်းသောက်ကြည့်သည်။ သောက်ရင်းနှင့် သဘောတွေ့သွားဟန် ပုလင်းထက်ဝက်ခန့်ကုန်အောင် မော့သောက်ပစ်လိုက်သည်။

အတန်ကြာသောအခါ လူရိုင်းခေါင်းဆောင်က ရီဝေဝေဖြစ်လာပြီးနောက် ကျွန်းပေါ်မှ လျှို့ဝှက်ချက်များကိုပြောပြလေတော့သည်။

ကျွန်းပေါ်မှာရှိသော နဂါးချော်တွင်းဟုခေါ်သော ထိမိသည်နှင့် ချက်ချင်း ကျောက်ဖြစ်သွားနိုင်သည့် မရဏကျောက်စက်ရေများအကြောင်း ...၊

ပင်လယ်ဓားပြများ လာရောက်သိုဝှက်သောရတနာများကို တိုက်ခိုက်လုယူပြီး ကျွန်းပေါ်ရောက်လာသမျှ ပင်လယ်ဓားပြများကို လူသားကျောက်ရုပ်များအဖြစ်ပြောင်းလဲခဲ့ပုံများ၊ ထိုရွှေငွေရတနာများ သူနေသောဂူအတွင်းမှာထားကြောင်း၊ အရက်မူးလာသောအခါ အားလုံးပြောပြသည့်အပြင် မရဏကျောက်စက်ရေများရှိသော နဂါးချော်တွင်းများရှိသောနေရာကိုပင် လိုက်ပြပေးသည်။

"ခင်ဗျားလည်း ဒီကျွန်းမှာ ကျုပ်နဲ့အတူတူ ခေါင်းဆောင်လုပ်ပေးပါ၊ ခင်ဗျားတို့ဆီမှာပါလာတဲ့လက်နက်တွေက ကြောက်





စရာကောင်းတယ်၊ ရန်သူတွေလာရင် ခင်ဗျားပဲသတ်ဖြတ်ပေးပါ၊ သူတို့ယူလာတဲ့ပစ္စည်းတွေကိုလည်း ခင်ဗျားတို့ယူပါ"

ဟု ခွင့်ပေးလေသည်။

"အခုလိုခွင့်ပေးတာ ကျေးဇူးတင်ပါတယ်၊ ရန်သူတွေလာရင် တိုက်ခိုက်ပေးပါ့မယ်"

ထိုသို့ပြောသည်ကို သဘောကျသောကြောင့် ပက်ထရစ်တို့ ပြန်ခါနီးသောအခါ ဂူအတွင်းမှာ ရွှေငွေရတနာများ အဝတ်ဖြင့်ထုပ်ပြီး လက်ဆောင်ပေးလိုက်လေသည်။

ထိုနောက်ပိုင်းမှာတော့ ကျွန်းပေါ်ရောက်လာသော ပင်လယ်ဓားပြများကို ပက်ထရစ်တို့ကပင် ခေါင်းဆောင်၍ သုတ်သင်ပစ်လေသည်။

လူရိုင်းများက ၄င်းတို့စေခိုင်းသည့်အတိုင်း နောက်မှလိုက်ကြလေသည်။

ပင်လယ်ဓားပြများ သိုဝှက်ရန်ယူလာသောရတနာများကိုလည်း ပက်ထရစ်က ယူပြီး အခြားအသုံးအဆောင်၊ အဝတ်အထည်နှင့် အစားအသောက်များကိုတော့ လူရိုင်းများကိုပေးရာ များစွာသဘောကျလေသည်။

နောက်ပိုင်းမှာတော့ ပက်ထရစ်က ဖမ်းမိသောလူများကို ဒီအတိုင်းမသတ်ဘဲ ကျောက်ရေများအတွင်းသို့နှစ်ပြီးမှ ထွက်ပြေးခိုင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရေတွေက သာမန်ရွံ့ရေတွေမဟုတ်ဘူး၊ မကြာခင် ခြောက်ပြီး ကျောက်ဖြစ်သွားမယ့် မရဏကျောက်ရေတွေပဲ၊ မင်းတို့ ဒီ ကျောက်ရေတွေမခြောက်ခင် ပင်လယ်ကမ်းခြေရောက်အောင် ပြေးနိုင်ပြီး ရေနဲ့ဆေးပစ်နိုင်ရင်တော့ အသက်ချမ်းသာရာရမယ်၊ လမ်းမှာ အချိန်ကြာသွားလို့ ခြောက်သွားရင်တော့ လူသားကျောက်ရုပ်ဘဝရောက်မှာပဲ"

ဟုပြောပြီး လွှတ်လိုက်လေသည်။

ကျောက်ရေများနှင့်အလူးခံရသူမှာ ကိုယ်ပေါ်မှ ကျောက်ရေများမခြောက်ခင်မှာ ရေဖြင့်ဆေးပစ်နိုင်ရန်အတွက် ရေရှိသော ပင်လယ်ကမ်းခြေရောက်အောင် အလျင်အမြန်ပြေးလေတော့သည်။

ထိုအချက်ကပင် သူ့အတွက် ကြီးစွာသောမှားယွင်းမှု ဖြစ်တော့သည်။

အဘယ်ကြောင့်ဆိုသော် ...

လျင်မြန်စွာပြေးလေလေ .. လေတိုက်နှုန်းက များလေလေ ဖြစ်ရာ ကိုယ်ပေါ်မှ ကျောက်ရေများက လျင်မြန်စွာခြောက်လိုက်လာပြီး နောက်ဆုံး ခြေရောလက်ပါ တဖြည်းဖြည်းနှင့်လေးလာပြီး ကျောက်ရုပ်ဘဝသို့ရောက်သွားလေသည်။

အတော်များများမှာ ရေပြင်ကိုလှမ်းမြင်ရသောကမ်းစပ်နေရာရောက်မှ ကျောက်ရုပ်ဘဝရောက်သွားကြခြင်းဖြစ်ပေသည်။

ထိုနေရာရောက်မှ ကျောက်ရုပ်ဘဝရောက်သွားရသော





အကြောင်းရင်းမှာကမ်းခြေမှာ ပင်လယ်လေတိုက်ခတ်မှုများသော နေရာဖြစ်သောကြောင့်ပင်ဖြစ်၏။

ဤသို့ဖြင့် ထိုကျွန်းပေါ်တွင် ပက်ထရစ် လက်ချက်ကြောင့် ကျောက်ရုပ်ဘဝပြောင်းသွားခဲ့ရသူများ မနည်းတော့ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

## အကျဉ်းသားဘဝရောက်ကြရခြင်း

နောက်တစ်ပတ်ခန့်ကြာသောအခါမှ သံပချိုင်တို့ သင်္ဘော ရောက်လာလေတော့သည်။

၄င်းတို့ သင်္ဘောပေါ်မှာ လက်နက်အင်အား၊ လူအင်အား တောင့်တင်းစွာ ပါလာကြသည်။

"ခင်ဗျားတို့ နောက်ကျပါလား"

"ဒီမလာခင် ... လက်နက်နဲ့ လူထပ်ဖြည့်နေရတာက တစ်ကြောင်း၊ ပင်လယ်ပြင်မှာ လာပြန်တော့လည်း ကင်းလှည့်နေတဲ့သင်္ဘောတွေကို ရှောင်နေရတာနဲ့ အခုလောက် အချိန်ကြာသွားတာပါဗျာ..."

ဟု ပြောသည်။





ဒေါက်တာမင်းထင်ကျော်က ကျွန်းပေါ်မှာ တွေ့မြင်ရသော အခြေအနေအချို့ကို ပြောပြလိုက်သည်။

ပတ္တမြားလက်စွပ်နှင့် ပုလဲလုံး ရခဲ့သော အဖြစ်အပျက်နှင့် မိန်းကလေးတစ်ယောက်ကို တွေ့ရသောအဖြစ်အပျက်များကိုတော့ မပြောတော့ပေ။

"အန္တရာယ်တွေနဲ့ရော တွေ့သလား ဆရာ"

"ဒီကျွန်းပေါ်မှာ ကြောက်စရာကောင်းတဲ့ အန္တရာယ်တွေ အများကြီးရှိတယ်၊ အခုလောလောဆယ်တော့ ကျွန်တော်တို့ သင်္ဘောက ဇမုန်းထန် ဆိုတဲ့ လူတစ်ယောက်တော့ ပျောက်နေတယ်"

"အခု ကျုပ်တို့ ရောက်လာပြီဆိုတော့ လူရိုင်းတွေရှိတဲ့ နေရာသွားပြီး တိုက်ခိုက်ရင် ကောင်းမလား၊ ကျုပ်တို့ နှစ်ဖွဲ့ပေါင်းရင် လက်နက်အင်အားရော လူအင်အားပါ တောင့်တင်းနေပြီပဲ"

သံပချိုင်က လူတစ်ယောက်ပျောက်နေသည်ကို စိတ်မဝင်စားဘဲ သူပြုလုပ်လိုသောအကြောင်းကိုသာ ပြောနေသည်။

"အဲဒီလို အရမ်းလုပ်လို့ မရဘူး၊ ဒီကျွန်းပေါ်မှာ လူရိုင်းတွေတင်မကဘူး တခြားအန္တရာယ်တွေလည်း အများကြီးရှိနေတယ်ဗျ"

"ဒီတော့ ဘယ်လိုလုပ်ရင် ကောင်းမလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်ကြမယ်လေ .. ခင်ဗျားတို့လည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ စုံစမ်းကြ၊ ကျုပ်တို့လည်း စုံစမ်းမယ်၊ တိတိကျကျ သိရတဲ့အခါမှာ နှစ်ဖွဲ့ပေါင်းပြီးတိုက်ကြရင် ပိုမကောင်းဘူးလား"

"အင်း ဒါလည်း ကောင်းတာပဲ၊ ဒါမှ တစ်ယောက်အကြောင်း ရှိရင် တစ်ယောက်က အကူအညီပေးလို့ရမှာ ..."

ဟု ပြောပြီး သံပချိုင်တို့က ၄င်းတို့သဘောကို အခြားတစ်နေရာသို့ ရွှေ့သွားလေသည်။

"ဒီလူကြည့်ရတာ သိပ်ဟန်ပုံမရဘူး၊ တစ်ခုခုကို ကြံစည်နေပုံရတယ်"

"ပင်လယ်ပြင်မှာ တခြားလူတွေရဲ့ပစ္စည်းတွေကိုတောင် မတရား တိုက်ခိုက်ယူနေတဲ့သူက ကောင်းတဲ့အကြံအစည်မျိုးတော့ လုပ်ပါမလား"

"သူတို့နဲ့ ပူးပေါင်းမယ်ဆိုရင်တောင် အတော်သတိထားရမယ်၊ တကယ်လို့ ရတနာပစ္စည်းတွေရရင် တစ်မျိုးမျိုး ကြံစည်နိုင်တယ်"

"ပင်လယ် ဓားပြတစ်ယောက်ကို စိတ်ချလက်ချ ယုံကြည်ထားလိုက်ရင်တော့ ကိုယ့်ရဲ့ အမှားဖြစ်သွားမှာပေါ့"

"ဒါထက် ကျွန်းပေါ်မှာ လူရိုင်းတွေအပြင် အခြားဘယ်လိုအန္တရာယ်မျိုးတွေရှိနေတာလဲ ..."





"လူရိုင်းတွေထက် ပိုပြီး အသိဉာဏ်ရှိတဲ့လူတွေ ဒီကျွန်းပေါ်မှာ ရှိနေတာလည်း ဖြစ်နိုင်တာပေါ့"

"ဒီလိုဆိုရင် ပိုပြီး ဂရုစိုက်ရမှာပေါ့၊ ဒါထက် ဇမုန်းထန်တစ်ယောက် ဘယ်လိုအန္တရာယ်မျိုးနဲ့ တွေ့ပြီး ပျောက်နေတာလဲမသိဘူး"

ဟု အချင်းချင်း ပြောဆိုနေကြလေသည်။

ဇမုန်းထန် ပျောက်နေသည်မှာ သုံးရက်ခန့်ရှိပေပြီ၊ ပျောက်နေမှန်းသိသည်နှင့် နောက်တစ်နေ့မနက်ပိုင်းမှာပင် တောပေါ်တက်၍ ရှာကြည့်ကြသေးသည်။ သို့သော် မတွေ့ရပေ။

ထို့နောက်မှာလည်း နေ့တိုင်း တွေ့လိုတွေ့ငြား လိုက်ရှာကြသော်လည်း အစအနမျှပင် မတွေ့ရပေ။

ယခုလည်း ဒေါက်တာ မင်းထင်ကျော်က နောက်တစ်ကြိမ် ကျွန်းပေါ် တက်ကြည့်ရန် ပြင်ဆင်လေသည်။

"ဒီတစ်ခါတော့ ငါတို့ လူစုခွဲရှာကြမယ်၊ အကြောင်းထူးရင် တစ်ယောက်နဲ့တစ်ယောက် အချက်ပေးလိုက်မယ်"

ဟု ပြောဆိုပြီး လက်နက် ပစ္စည်းကိရိယာများကို အစုံအလင် ယူဆောင်ပြီး ကျွန်းပေါ်တက်ကြလေသည်။

စောထီးနှင့် ငမဲအောင် က တစ်တွဲ၊

ဦးမွန်ထော်နှင့် ကျော်စွာက တစ်တွဲ၊

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့က တစ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွဲပြီး တက်ကြခြင်းဖြစ်သည်။

အခြားသူများကတော့ သဘော်ကို စောင့်ရှောက်ရန် နေခဲ့ကြလေသည်။

ဒေါက်တာမင်းထင်ကျော်က အခြားလမ်းမှမသွားဘဲ ပင်လယ်ကမ်းခြေနှင့် နီးသော နေရာများ ဘက်သို့ ဦးစားပေးပြီး သွားလေသည်။ အကယ်၍သာ ဇမုန်းထန် တစ်ယောက် လူသားကျောက်ရုပ်ဘဝ ရောက်နေပြီဆိုပါက ပင်လယ်ကမ်းခြေနှင့်နီးသောနေရာဘက်မှာ ရှိမည်ဟု ခန့်မှန်းမိသောကြောင့် ထိုနေရာဘက်သို့ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

သဘော်ရှိသော နေရာနှင့် အတော်ဝေးဝေးနေရာသို့ ရောက်သောအခါ တောနက်အတွင်းမှ မိန်းမတစ်ယောက်၏ ရူးရူးဝါးဝါး အော်ဟစ်လိုက်သော အသံကို ကြားရလေသည်။

"ကယ်ကြပါရှင် .. ကယ်ကြပါ ..."

နှစ်ယောက်သား နားစွင့်လိုက်ပြီး အသံကြားရာဘက်သို့ တက်ခဲ့ကြသည်။

သို့သော် အတော်ဝေးဝေး ရောက်သည်အထိတော့ ဘာမှ မတွေ့ရပေ။

"ကယ်ကြပါရှင် .. ကယ်ကြပါ"

အော်ဟစ်သံက နောက်တစ်ကြိမ်ပေါ်လာပြန်သည်။ သည်တစ်ကြိမ်တော့ ကမ်းခြေတစ်ဝိုက်မှာရှိသော ကျောက်ရုပ်များ





ရှိသော အနီးတစ်ဝိုက်ဆီမှ ဖြစ်သည်။

ထိုနေရာတစ်ဝိုက်မှာ ကျောက်ရုပ်အတော်များများ ရှိနေသည်။ ကျောက်ရုပ်များမှာ ပုံသဏ္ဌာန်အမျိုးမျိုးရှိကြသော်လည်း အားလုံးကတော့ လူသားကျောက်ရုပ်များချည်းဖြစ်သည်။

တစ်နေရာရောက်သောအခါ ကျောက်ရုပ်တစ်ရုပ်၏ ရှေ့တွင် အရာဝတ္ထုတစ်ခုထောင်ထားသည်ကို တွေ့ရသဖြင့် အနီးသို့ သွားကြည့်သောအခါ ပြောင်းရှည်သေနတ်တစ်လက်ကို တွေ့ရသည်။

"ဒါ ... ဇမုန်းထန် ကိုင်တဲ့ သေနတ်ပဲ ..."

"ဟုတ်မှာပေါ့ ... ဒီမှာလည်း ကြည့်ပါဦး"

ဦးဖန်ကောင်းက အနီးမှာရှိနေသော ကျောက်ရုပ်ကို ပြလိုက်သဖြင့် အသေအချာကြည့်သောအခါ ထိုကျောက်ရုပ်မှာ ဇမုန်းထန် ဖြစ်နေသည်ကို တွေ့ရသည်။

"ဟင် ... ဒါ ဇမုန်းထန် ပါလား"

"ဟုတ်တယ်၊ ကျုပ်တို့အဖွဲ့ထဲက လူတစ်ယောက်တော့ ကျောက်ရုပ်ဘဝ ရောက်သွားပြီ"

နှစ်ယောက်သား စိတ်မကောင်းစွာဖြင့် ကြည့်နေကြစဉ် ပတ်ဝန်းကျင်မှ တောတိုးလာသော ခြေသံများကို ကြားရသဖြင့် လှည့်ကြည့်လိုက်သောအခါ ၎င်းတို့နှစ်ယောက်ကို ပတ်လည်ဝိုင်းထားသော ကပ္ပလီလူရိုင်းများကို တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကျုပ်တို့နှစ်ယောက်ကို ခင်ခင်မင်မင်နဲ့ လာရောက် မိတ်ဆွေဖွဲ့တဲ့ အမူအရာမျိုးတော့ မရှိလှဘူး၊ ဘယ်လိုလုပ်ကြမလဲ၊ သူသေကိုယ်သေတိုက်ပြီး ဖောက်ထွက်ကြမလား”

ဦးဇန်ကောင်းက ပါးစပ်ထဲမှာ ငုံထားသော ကွမ်းဖတ်များကို ထွေးထုတ်လိုက်ပြီး ခပ်တိုးတိုးမေးသည်။

“အခြေအနေကတော့ သိပ်ပြီး ထူးမယ့်ပုံမျိုး မရှိဘူး၊ သူတို့အခြေအနေကြည့်ပြီးမှ မီးစင်ကြည့်ကရင် ပိုကောင်းမယ်”

ဟု ပြောပြီး လူရိုင်းများကို တိုက်ခိုက်မည့်ဟန် မပြတော့ဘဲ ပါလာသော သေနတ်ကိုပင် ကျောမှာ လွယ်ထားပြီး လက်မြှောက်ပြလိုက်သည်။

ထိုအခါကျမှ လူရိုင်းများ အနောက်ဘက်မှ အနက်ရောင်အဝတ်အစားများကို ယောကျ်ားတစ်ယောက်လို ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ယောက် ထွက်လာလေသည်။

ရောက်စ ညက မှန်ပြောင်းဖြင့် ကြည့်နေသော အမျိုးသမီးပင်ဖြစ်သည်။

ထိုအမျိုးသမီးက သူတို့နှင့် မနီးမဝေး နေရာရောက်အောင် လျှောက်လာသည်။

ဝတ်စားဆင်ယင်ပုံနှင့် ဟန်ပန်အမူအယာကို အကဲခတ်ကြည့်ရုံနှင့် ကျွန်းသားတစ်ယောက်မဟုတ်မှန်းတော့ သိသာသည်။





“စောစောက အော်လိုက်တဲ့ အသံဟာ မင်းအော်သံ မဟုတ် လား”

“ဟုတ်တယ်၊ ရှင်တို့ ဘာလာလုပ်တာလဲ”

“ငါတို့က မင်းတို့ရဲ့ရန်သူမဟုတ်ပါဘူး၊ ငါတို့ စက်လှေက လူတစ်ယောက်ပျောက်နေတာရှာရင်းနဲ့ ဒီကျွန်းပေါ်ရောက်လာတာ၊ သူ့ကို မင်းတို့ သတ်လိုက်တာလား”

“မဟုတ်ပါဘူး၊ သူ့ကံကြမ္မာနဲ့သူဖြစ်ပြီး သေသွားတာပါ”

“ဒါထက် မင်းက ဘယ်သူလဲ၊ ဒီကျွန်းပေါ်ကို ဘယ်လိုရောက်နေတာလဲ”

“အဲဒါ ရှင် သိစရာမလိုဘူး၊ အခုလောလောဆယ်တော့ ရှင်တို့နှစ်ယောက်ကို ဖမ်းခေါ်သွားရလိမ့်မယ်၊ ခုခံမယ်တော့ စိတ်မကူးကြနဲ့၊ ရှင်တို့သင်္ဘောက လူအချို့ကိုလည်း ဖမ်းထားပြီးပြီ”

ဟု ပြောသဖြင့် နှစ်ယောက်သား ၄င်းတို့ ပါလာသော သေနတ်နှစ်လက်ကို ရှေ့သို့ ပစ်ချပေးလိုက်ရာ လူရိုင်းနှစ်ယောက်က ကောက်ယူသွားသည်။

ထို့နောက်မှာတော့ သူတို့နှစ်ယောက်ကို လူရိုင်းများက ဘေးတဖက်တချက်မှ ဝန်းရံပြီး ခေါ်သွားလေသည်။

“ကိုယ့်ဘာသာစမ်းတဝါးဝါးနဲ့သွားနေရင်တောင် အန္တရာယ်နဲ့ တွေ့ချင်တွေ့နိုင်သေးတယ်၊ အခု သူတို့တစ်တွေ နံဘေးက



www.burmeseclassic.com

www.burmeseclassic.com



ပါတော့ သွားရတာ ပိုပြီးစိတ်ချရတာပေါ့''

ဟု ဦးဗန်ကောင်းကပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က အခက်အခဲတွေ့သော်လည်း စိတ်မညစ်တတ်သော ဦးဗန်ကောင်း၏ စိတ်ဓာတ်ကို ချီးကျူးမိသည်။

သူတို့နှစ်ယောက်ကို ကျောက်ဂူကြီးတစ်ဂူအတွင်းသို့ ခေါ်သွားလေသည်။

ထိုဂူမှာ အခြားမဟုတ်ပေ …၊

ပက်ထရစ်တို့ ပင်လယ်ဓါးပြအဖွဲ့ နေသော ဂူကြီးပင်ဖြစ်သည်။

''ပင်လယ် ဓါးပြတွေ ထင်တယ်၊ အခြေအနေမကောင်းလို့ ဒီကျွန်းမှာ လာခိုနေတာဖြစ်မယ်၊ ဟိုမိန်းကလေးကလည်း ပင်လယ်ဓားပြအဖွဲ့ထဲကပဲ ဖြစ်မယ်ထင်တယ်''

ဟု ဦးဗန်ကောင်းက တိုးတိုးပြောသည်။

သူတို့ကို အတွင်းခေါ်သွားသော လူရိုင်းများက ပြန်လှည့်သွားကြလေသည်။

အတွင်းပိုင်းရောက်တော့ ပက်ထရစ်နှင့် အခြားသူများက ထွက်လာကြသည်။

''သူတို့က ဘယ်ကလဲ''

''ဟိုတစ်ပတ်က ရောက်လာတဲ့ လူတွေပါပဲ''

''သမီးက သိပ်တော်တာပဲ၊ သူတို့ကြည့်ရတာ အရင်





လူတွေနဲ့မတူတာအမှန်ပဲ၊ ဒီလိုလူမျိုးကိုတောင် အလွယ်တကူ ဖမ်းခေါ်လာနိုင်တယ်ဆိုတော့ ချီးကျူးရမှာပဲ''

မာရီယာ မျက်နှာပေါ်မှာ အပြုံးတစ်ချက်ပေါ်သွားသည်။

''မင်းနာမည် ဘယ်သူလဲ''

''ကျုပ်နာမည် ဒေါက်တာမင်းထင်ကျော် ပါ''

ထိုစကားကြောင့် အံ့သြသွားကြဟန်ရှိသည်။

''မင်းက ဆရာဝန် တစ်ယောက်လား''

''မဟုတ်ပါဘူး သုတေသနသမားတစ်ယောက်ပါ''

''သုတေသနသမားက ဒီလောက်ခေါင်တဲ့ ပင်လယ်ထဲက ကျွန်းကို ဘာကိစ္စနဲ့ ရောက်လာတာလဲ''

''ပင်လယ်ဓားပြတွေထားတဲ့ ရတနာပစ္စည်းတွေရှိတယ်ဆိုလို့ လာရှာတာပါ''

ဒေါက်တာမင်းထင်ကျော်က အမှန်အတိုင်း ပြောလိုက်သောအခါ အားလုံးက ဝိုင်းရယ်ကြလေသည်။

အတန်ကြာမှ ပက်ထရစ် က ပြောသည်။

''ဒီကျွန်းပေါ်ကို ရတနာ လာရှာတဲ့လူတွေကတော့ မကြာခဏ ရောက်လာလေ့ရှိပါတယ်၊ ဒါပေမယ့် ဘယ်သူမှတော့ ရတနာတွေမရကြပါဘူး၊ ဒါ့အပြင် ဒီကျွန်းပေါ်ရောက်လာသမျှလူတိုင်းလည်း အသက်ရှင်ရက်နဲ့ ပြန်ထွက်သွားတယ် မရှိကြဘူး၊ ပင်လယ်ကမ်းခြေမှာရှိတဲ့ကျောက်ရုပ်တွေက သူတို့တွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့”

“ဒီလူတွေကို ခင်ဗျားတို့ပဲသတ်ပစ်နေတာ မဟုတ်လား”

“ကျုပ်သတ်တာချည်းတော့လည်း မဟုတ်ပါဘူး၊ သူ့ကံကြမ္မာနဲ့သူဖြစ်ပြီး သေကြတာတွေလည်း ပါပါတယ်၊ တလောကပဲ မင်းတို့သင်္ဘောကလူတစ်ယောက်တောင် အဲဒီလိုဖြစ်သွားသေးတယ်”

ဒေါက်တာမင်းထင်ကျော်က အံတင်းတင်းကြိတ်ထားလိုက်သည်။

“အခု ကျုပ်တို့ကို ခေါ်လာတာလည်း အရင်လူတွေလိုပဲ သတ်ပစ်မှာ မဟုတ်လား”

“အင်း ဒီကိုရောက်လာပြီးမှတော့ အသက်ရှင်ရက်နဲ့ ပြန်လွှတ်ပေးလို့ ဘယ်ဖြစ်ပါ့မလဲ၊ ဒီအတိုင်းပြန်လွှတ်ပေးလိုက်ရင် ပင်လယ်စောင့်ကင်းအဖွဲ့တွေ အကြောင်းကြားပြီး တစ်ခေါက်ပြန်လာမှာပေါ့၊ ဒါပေမယ့် မင်းက ပညာတတ်တစ်ယောက်ဆိုတော့လည်း သတ်ပစ်ရမှာ နှမြောစရာပဲ”

ထိုစကားကြားသောအခါ ပက်ထရစ် နံဘေးမှာ ရပ်နေကြသည့် ထွန်းဖံနှင့် စံနက်ကျော်တို့က သိပ်မကျေနပ်ကြပေ။

“ပညာတတ်တဲ့ လူက ပိုပြီးဉာဏ်ရှိတော့ အန္တရာယ်လည်း ပိုကြီးတာပေါ့ ဆရာကြီးရဲ့၊ ဒီလိုလူမျိုးက အန္တရာယ်ပြန်ပေးရင် နှိမ်နင်းရတာ ခက်တယ်၊ မြန်မြန်သတ်လိုက်တာ အကောင်း





ဆုံးပဲ”

“ဟုတ်တယ် ဆရာကြီး.. မြန်မြန်သာသတ်ပစ်လိုက်ပါ”

ထိုသို့ ဝင်ပြောသောအခါ ပက်ထရစ် က ဘာမှမပြောသော်လည်း မာရီယာက မကျေမနပ်ဖြင့် တစ်ချက်လှမ်းကြည့်လိုက်သည်။

“သတ်မှာပေါ့ကွာ၊ သူ့လိုလူမျိုးကျတော့ ဒီအတိုင်း သတ်လို့မကောင်းဘူး၊ သူနဲ့ကိုယ်နဲ့ ဉာဏ်ရည်ချင်းပြိုင်ပြီး သတ်ရမှ အရသာရှိတာကွ၊ ကဲကဲ ... သူတို့နှစ်ယောက်ကို အကျဉ်းသားတွေထားတဲ့ အခန်းထဲမှာသာ ချုပ်ထားလိုက်တော့ နောက်မှ သတ်မယ်”

ဟု ပြောလိုက်ရာ ထွန်းဖံနှင့် စံနက်ကျော်တို့မှာ မကျေမနပ်ဖြစ်သွားကြလေသည်။

ထို့နောက်မှာတော့ မာရီယာ ကိုယ်တိုင် အခြားလူများကိုခေါ်ပြီး ဒေါက်တာ မင်းထင်ကျော်တို့ကို အကျဉ်းစခန်းသို့ ပို့ပေးသည်။

အကျဉ်းစခန်းဆိုသည်မှာ ကျောက်တံခါးချပ်တပ်ထားသော ကျောက်ဂူတစ်ခုပင် ဖြစ်သည်။ အတွင်းသို့ရောက်သည်အထိ မာရီယာကပင် လိုက်ပို့ပေးပြီး နောက်ပြန်ထွက်သွားလေသည်။ သူမအပြင်သို့ ရောက်သည်နှင့် ကျောက်တံခါးချပ်ကို ပြန်ပိတ်ပြီး အပြင်မှ မင်းတုပ်ချသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်က အတွင်းပိုင်း အနေအနေများကိုလိုက်ကြည့်ရာ ဝင်လာသောအပေါက်မှလွဲပြီး အခြား ထွက်စရာအပေါက်မရှိပေ။

ကျောက်တံခါးချပ်နေရာမှဝင်လာသော လေရှိနေသောကြောင့်သာ အသက်ရှူနိုင်ကြလေသည်။

ထိုအတွင်းရောက်တော့မှ နှစ်ယောက်သား အေးအေးဆေးဆေး ထိုင်နားကြရလေသည်။

''ဒီလိုနေရာမျိုးမှာဒီလို မိန်းကလေးမျိုး တွေ့ရတာ အံ့သြစရာပဲ .. သူ့အတွက် အန္တရာယ်တော့ ဝိုင်းနေမှာပဲ''

''သူကြည့်ရတာ စိတ်ကြမ်းကိုယ်ကြမ်းနဲ့ သွက်လက်ပုံရကြပေမယ့် မိန်းမဟာ မိန်းမပါပဲ၊ အခက်အခဲတစ်ခုခုနဲ့ တွေ့ရင်တော့ ပျော့သွားမှာပေါ့''

''ဘာပဲဖြစ်ဖြစ် ကျုပ်တို့နှစ်ယောက်ကို ချက်ချင်းသတ်မပစ်တာတော့ ကျေးဇူးတင်ရမှာပဲ''

''ချက်ချင်းမသေရသေးတော့ အခွင့်အရေး ရနိုင်သေးတာပေါ့ အဘရာ ...''

အချိန်က ညနေစောင်းဖြစ်လာဟန်ဖြင့် ကျောက်ဂူအတွင်းမှာ မှောင်လာသည်။ ထိုအချိန်မှာ တံခါးပေါက်နားမှာ ရှိသောကျောက်တုံးတစ်တုံး ဟသွားပြီး အပြင်မှ သူတို့နှစ်ယောက်စားသောက်ရန် ရေနှင့်အစားအသောက်များ လာပို့ပေးသည်။





ကုလားများထမင်းစားသော ဗန်းထဲတွင် ဟင်းနှင့်ထမင်းကို ပုံပေးထားခြင်းဖြစ်သည်။

အစားအသောက်လင်ဗန်းကို အတွင်းပြန်ပို့ပေးပြီးသည်နှင့် အပေါက်ဝက ပြန်ပိတ်သွားသည်။

ဒေါက်တာမင်းထင်ကျော်က ထမင်းစားရန် ပြင်လိုက်သည်နှင့် ထမင်းပုံအောက်မှ အစွန်းထွက်နေသည့် စာရွက်ခေါက်ကလေးကို တွေ့မြင်သဖြင့် ဆွဲယူလိုက်သည်။

ထို စာရွက်ကလေးကို ဖြေလိုက်တော့ ...

''ဒီည ကျောက်ဂူအနောက်ဘက်မှာ ရှိတဲ့ သစ်ပင်မြင့်ကြီးအောက်ကို လာခဲ့ပါ''

ဟူ၍ ရေးထားသော စာကို တွေ့ရသဖြင့် ဦးဗန်ကောင်းကိုပါပြလိုက်ရာ ဦးဗန်ကောင်း မျက်နှာပေါ်မှာ ထူးထူးခြားခြား အပြုံးရိပ်များ ပေါ်သွားသည်။

''ကံကောင်းသို့ ရတနာတွေရှိတဲ့ကျွန်းကို ရောက်ရပေမယ့် ကံဆိုးလို့ အဖမ်းခံရတယ်၊ အခု ကံကောင်းလာပြန်တော့ ကယ်မယ့်သူ ပေါ်လာပြီ''

ဟု ခပ်တိုးတိုး ရေရွတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

## မာရီယာနှင့် ပြန်တွေ့ရခြင်း

အမှောင်ထုများက ဂူအတွင်းမှာ ပိန်းပိတ်အောင် မှောင်နေသည်။ ညဦးပိုင်းအချိန်က ကြားနေရသော အပြင်ဘက်မှ ဆူညံသံများလည်း ဟာဖြည်းဖြည်းနှင့် ငြိမ်သက်သွားလေပြီ။

ဒေါက်တာမင်းထင်ကျော်က လက်မှ နာရီကို ကြည့်လိုက်သည် ညအချိန် ကြည့်၍ ရသဖြင့် ည ၁၂ နာရီအချိန်ရောက်နေပြီဖြစ်ကြောင်း တွေ့ရသည်။

"ဘယ်လို ထွက်မှာလဲ"

"ထွက်စရာဆိုလို့ ဝင်ပေါက်ပဲရှိတော့ အဲဒီမှာပဲ အခြေအနေ ကြည့်ရမှာပဲ"

ဟု ပြောပြီး ဂျာကင်အိတ်အတွင်းမှာ အရေးအကြောင်း





ရှိလျှင် အသုံးပြုနိုင်ရန်ထည့်ထားသော လက်နှိပ်ဓာတ်မီးအသေးနှင့် ဘောင်းဘီအတွင်း ခြေသလုံးမှာကပ်ချည်ထားသော သေနတ်နှင့် ပေါက်ဓားသုံးလက်ကို ထုတ်ပြီး ခါးပတ်မှာ ထိုးထည့်လိုက်သည်။

သူ့အတွက် ထိုလက်နက်များ ရှိနေသေးသောကြောင့် တော်ရုံရန်သူနှင့်တွေ့ပါကလည်း မှုစရာမလိုတော့ပေ။

ဦးဗန်ကောင်းကတော့ ဒေါက်တာမင်းထင်ကျော်နှင့် အမြဲတစေ လက်တွဲဖော်ဖြစ်သောကြောင့် အံ့သြခြင်းမဖြစ်တော့ပေ။ အားလုံး အဆင်သင့်ပြင်ပြီးသောအခါ ဒေါက်တာမင်းထင်ကျော်က ကျောက်တံခါးချပ်အနီး သွားပြီးလက်ဖြင့် တွန်းကြည့်သည်။

မလှုပ်ပေ ...။

အတန်ငယ် အားစိုက်တော့မှ လှုပ်လာသည်။

နံဘေးသို့ တွန်းကြည့်တော့ အပြင်မှ မင်းတုံးဖြုတ်ထားသောကြောင့် လူတစ်ယောက် ဝင်သာထွက်သာရုံ ရနိုင်လောက်အောင် တဖြည်းဖြည်း ဟသွားသည်။

ထိုအပေါက်မှ အပြင်သို့ ထွက်လိုက်လေသည်။

အပြင်၌ အမှောင်ရိပ်များ ဖုံးနေသည်။

ကျောက်ဂူဝန်းကျင်တစ်ဝိုက်တွင် အစောင့်ချထားခြင်းမျိုး မရှိပေ။ ဒေါက်တာမင်းထင်ကျော်က အမှောင်ထဲမှာရပ်ပြီး အခြေအနေကိုကြည့်သော်လည်း ထူးထူးခြားခြားတော့ မတွေ့ရပေ။



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူ အနောက်ဘက်မှာတော့ ထူးထူးခြားခြား တစ်ပင်တည်းမြင့်တက်နေသော သစ်ပင်မြင့်ကြီး တစ်ပင်ကို လှမ်းမြင်ရသည်။ သူရှိနေသော နေရာနှင့် မဝေးလှပေ။

ဒေါက်တာမင်းထင်ကျော်က လက်ထဲမှာ လက်နှိပ်ဓာတ်မီးကို အဆင်သင့်ကိုင်ပြီး ထိုနေရာသို့သွားလေသည်။

ကောင်းကင်ပြင်မှာ လရောင်ရှိသောကြောင့် ပတ်ဝန်းကျင်ကို အတန်အသင့်မြင်နိုင်သည်။

ထိုနေရာတစ်ဝိုက်မှာ ကျောက်တုံးကျောက်ခဲများနှင့် သစ်ပင်မြင့်ကြီးများသာ ရှိသဖြင့် တောခြေမရှုပ်လှပေ၊ သစ်ပင်မြင့်ကြီးအနီးသို့ ရောက်သောအခါ လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

သို့သော် ဒီအတိုင်းတော့ မဟုတ်ပေ …

တစ်စုံတစ်ခုက လည်ပင်းနှင့် ကိုယ်ကို ပတ်ထားသောကြောင့် မလှုပ်သာအောင် ဖြစ်နေသည်။

အနီးသို့ တိုးသွားပြီး လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ မြင်ကွင်းကမကောင်းပေ ..၊ လူတစ်ယောက်ကို စပါးကြီးမြွေတစ်ကောင်က တစ်ကိုယ်လုံးရစ်ပတ်ရန် ကြိုးစားနေသောမြင်ကွင်းဖြစ်သည်။ သို့ကြောင့် ကပျာကယာ အနားကပ်သွားပြီး စပါးကြီးမြွေ၏ဦးခေါင်းကို ဖမ်းဆုပ်လိုက်သည်။

သို့သော် တော်တော် ဖမ်းမရဘဲရှိနေရာ အတော်ကြီးကြိုး





စားလိုက်မှ ဖမ်းမိသွားသည်။

မိသည်နှင့် ခါးထဲမှာထိုးထားသည့် အမဲလိုက်ဓားမြှောင်ကို ဆွဲထုတ်ပြီး မြွေ၏ဦးခေါင်းကို ဖြတ်ချလိုက်သည်။

ဓားကထက်သောကြောင့် တီခနဲ ပြတ်ကျသွားရာ သွေးများပန်းထွက်လာကာ နှစ်ယောက်စလုံးကို ရွှဲစိုသွားလေသည်။ ခဏကြာတော့ မြွေက ရစ်ပတ်ထားသည်များ တဖြည်းဖြည်းလျှော့ကာပြေကျသွားသည်။

မြွေပတ်ခံသူမှာလည်း မြေပေါ်သို့ ခွေကျသွားသည်။ ထိုအခါမှ မီးရောင်ဖြင့်ထိုးကြည့်လိုက်သောအခါ အခြားသူမဟုတ်ဘဲ မိမိတို့ကိုဖမ်းလာသောအမျိုးသမီးဖြစ်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် အခြားတစ်နေရာသို့ ပွေ့ယူသွားပြီး သတိပြန်ရအောင် ပြုစုပေးရလေသည်။

"ဒီမှာ … ဒီမှာ .."

ရင်ခွင်ထဲမှာ ပွေ့ထားပြီး အတန်ကြာအောင် ပြုစုပေးတော့မှ တအင်းအင်းတအဲအဲဖြင့် သတိပြန်ရလာသည်။

"ဒီမှာ …ဒီမှာ …"

သတိပြန်ရလာသောအခါ ရင်ခွင်ထဲမှ လူးလဲထလိုက်သည်။

"ငါသာ အချိန်မီ မရောက်ရင်တော့ မင်းတော့ မြွေမျိုရ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ...''

''အခုလို ကယ်ပေးတာကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် အခုလိုဖြစ်ရတာ ရှင့်ကြောင့်ပဲ''

''ဟင် .. ဘာဖြစ်လို့လဲ''

''ညဦးကတည်းက ဒီနေရာမှာ လာစောင့်နေတာ ရှင်က အခုမှထွက်လာတော့ မြွေပတ်ခံရတာပေါ့၊ ကံကောင်းလို့ မသေတယ်''

''ငါ တောင်းပန်ပါတယ်ကွာ၊ ဒါဖြင့် စာရေးမှာတာ မင်းပဲပေါ့ .. ဟုတ်လား''

''ဟုတ်တယ်''

''ဘာအတွက်လဲဟင်''

မာရီယာက သူမကိုယ်ပေါ်မှစွန်းပေနေသော မြွေသွေးများကို လက်ဖြင့်ဖယ်ပစ်နေရင်းမှ ပြောပြသည်။

''ဒီကျွန်းက အန္တရာယ်များတဲ့ကျွန်းတစ်ကျွန်းပဲ၊ ဒီကျွန်းပေါ်ရောက်လာရင် အသက်ရှင်ရက်နဲ့ ပြန်သွားတဲ့ လူအတော်နည်းတယ်၊ လူရိုင်းတွေရဲ့ အန္တရာယ်ရှိတယ်၊ ကျောက်ဖြစ်စေတဲ့ ကျောက်ရေအိုင်တွေရှိတယ်''

နောက်ပြီး ကျွန်မတို့ အဖွဲ့တွေကလည်း ဒီကျွန်းပေါ်ကို အခြားသူတွေ လာတာကို သဘောမကျကြဘူး''

''မင်းတို့က ပင်လယ်ဓားပြအဖွဲ့တွေ မဟုတ်လား''





''ဟုတ်ပါတယ်''

''ဘာကြောင့် ဒီမှာလာနေတာလဲ''

''အခု ပင်လယ်ပြင်မှာ အရင်ကလို အခြေအနေမကောင်းတော့ဘူး၊ ကမ်းခြေစောင့် တပ်ဖွဲ့တွေက ပင်လယ်ဓားပြတွေကို သုတ်သင်ရှင်းလင်းနေလို့ ဒီမှာလာနေကြတာပဲ၊ ဒါကြောင့် တခြားလူတွေရောက်လာတာကို မကြိုက်ကြတာပဲ၊ ကျွန်မတို့ ဒီမှာရှိနေတာကို သိသွားရင် ကမ်းခြေစောင့်တပ်ဖွဲ့တွေ ချက်ချင်းရောက်လာမှာပေါ့၊ ဒါကြောင့် ဒီကျွန်းပေါ်ရောက်လာတဲ့ လူတွေကို အသက်ရှင်ရက်နဲ့ ပြန်လွှတ်မပေးကြတာ ...''

ထိုစကားကြားသောအခါ ဒေါက်တာမင်းထင်ကျော်က သက်ပြင်းတစ်ချက် ချလိုက်သည်။

''ဒီကျွန်းပေါ်မှာရှိတဲ့ လူသားကျောက်ရုပ်တွေ ဖြစ်နေတာ မင်းတို့လက်ချက်တွေမဟုတ်လား''

''အားလုံးတော့ မဟုတ်ပါဘူး၊ ဒီကျွန်းပေါ်မှာ ကျောက်ရေအိုင်တွေ အများကြီးရှိတယ်။ တချို့လည်း သူတို့ဘာသာကျပြီး ကျောက်ဖြစ်သွားကြတာ''

''ဒါဖြင့် ဒီကျွန်းပေါ်မှာ ပင်လယ်ဓားပြတွေ လာဝှက်ထားတဲ့ရတနာတွေ ရှိတယ်ဆိုတာရော အမှန်ပဲလား''

မာရီယာက ခေါင်းညိတ်ပြသည်။

''ဒါပေမယ့် ကျွန်မတို့ဆီမှာတော့ မဟုတ်ဘူး၊ လူရိုင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ဂူတွေထဲမှာရှိတယ်''

''မင်းဘဝကရော ဒီလိုကျွန်းပေါ်မှာ တစ်သက်လုံး နေသွားဖို့ ဆုံးဖြတ်ထားပြီလား''

ထိုစကားကြောင့် မာရီယာထံမှ သက်ပြင်းချသံ တစ်ချက် ထွက်ပေါ်လာသည်။

''ကျွန်မ ရှင်နဲ့တွေ့ချင်တာ ဒီအကြောင်းပြောဖို့ပါပဲ''

မာရီယာ က သူမ ဘဝ အကြောင်းများကို ပြောပြသည်။ ငယ်စဉ်ကတည်းက မိခင်မရှိတော့တဲ့ နောက်ပိုင်း ပင်လယ် ဓားပြသင်္ဘောပေါ်မှာ ကြီးပြင်းခဲ့ရပုံများ၊ အရွယ်ရလာသော အခါ အခြားပင်လယ်ဓားပြများနှင့် ရင်ဘောင်တန်းပြီး တိုက် ခိုက်လုယက်ခဲ့ရသောအကြောင်းများ၊ တစ်ချိန်ကျလျှင် ထို မကောင်းမှုများကို စွန့်လွှတ်ပြီး အခြားတစ်နေရာမှာ ဇာတ်မြှုပ် နေရန်စိတ်ကူးထားသော်လည်းနောက်လိုက်ငယ်သားများကြောင့် သွားခွင့်မရပဲ ထိုကျွန်းပေါ်မှာပင် ဆက်လက်နေခဲ့ရသည့် အကြောင်းများကို ပြောပြလေသည်။

''ကျွန်မတို့ သားအဖမှာ စုဆောင်းထားတဲ့ ရွှေငွေရတနာ အချို့ရှိပါတယ်၊ ဒါတွေကို ထုခွဲရောင်းချရင် ဘဝထူထောင်လို့ ရပါတယ်''

ထိုစကားများကြားသောအခါ မာရီယာတို့ သားအဖ နှစ် ယောက်၏ ဘဝပုံရိပ်အချို့ကို သိရပြီး သနားစိတ်ပင် ဝင်လာမိ





သည်။

''အခု ငါနဲ့ တွေ့ချင်တာ ဘယ်လိုအကြောင်းရှိလို့လဲ''

''ရှင့်ကို အကူအညီတောင်းချင်လို့ပါ''

''ဘယ်လိုအကူအညီတောင်းမှာလဲ .. ငါတောင် နေ့ သေရမလား .. ည သေရမလားမသိတဲ့ မင်းတို့ရဲ့ အကျဉ်း သားတစ်ယောက်ဖြစ်နေရပြီလေ''

''ကျွန်မ ရှင့်ကိုဖမ်းတာ အခြားလူတွေ စိတ်ကျေနပ်ဖို့ ထက် ကျွန်မတို့သားအဖအတွက် အကူအညီရနိုင်မယ်ထင်လို့ တမင်ဖမ်းခဲ့တာပါ၊ ရှင်တို့နှစ်ယောက် လွတ်မြောက်အောင် အကူအညီပေးလို့ရပါတယ်''

''ဟုတ်ပါပြီ၊ အခု ငါက ဘယ်လို အကူအညီပေးရမှာလဲ''

''တခြားတော့မဟုတ်ပါဘူး၊ ကျွန်မတို့သားအဖနှစ်ယောက် ကို ဒီကျွန်းပေါ်ကနေ လျှို့ဝှက်ပြီးခေါ်သွားပေးဖို့ပါပဲ၊ ဒီအတွက် ရှင့်ကို ကျေးဇူးဆပ်ပါ့မယ်''

''ခေါ်သွားတာကတော့ရပါတယ်၊ ဒါပေမယ့် သူတို့သိရင် ကျေနပ်ကြပါမလား''

''သူတို့ကတော့ ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်ဘူး၊ အဆိုးဆုံးကတော့ အဖေ့ရဲ့ လက်ထောက်နှစ်ယောက် ဖြစ်တဲ့ ထွန်းဖိုးနဲ့ စံနက်ကျော်တို့ နှစ်ယောက်ပေါ့၊ သူတို့က အဆိုးဆုံးပဲ''

''ဒါက ကိစ္စမရှိပါဘူးလေ .. ဒါပေမယ့် မင်း စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ အကြံအစည်ကို မင်းအဖေကရော သဘောတူပါ့မလား''

''အဖေကို ကျွန်မ ပြောထားပြီးပါပြီ၊ အဖေကလည်း ကျွန်မဘာဝ ရေးရေးအတွက် ဒီမှာ ဆက်နေဖို့စိတ်ကူးမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ အဖေ မရှိတော့ရင် ကျွန်မ ဒီလူတွေကြားမှာ ဘယ်လိုမှဆက်နေလို့ရတော့မှာ မဟုတ်ပါဘူး''

''အေးလေ .. မင်းတို့က ဒီလို ဆုံးဖြတ်ချက်ချထားပြီးပြီဆိုရင်တော့လည်း ဖြစ်တဲ့နည်းနဲ့ အကူအညီပေးပါ့မယ်၊ ဒါပေမယ့် မင်းတို့ရဲ့အကူအညီမပါဘဲနဲ့တော့ ဘယ်နည်းနဲ့မှ လွတ်မြောက်မှာ မဟုတ်ဘူး''

''လိုတာကို ကျွန်မ အကူအညီပေးပါ့မယ်၊ နောက်တစ်ခု ပြောထားရဦးမယ် .. ဒီကျွန်းရဲ့အလယ်လောက်မှာ အမြင့်ဆုံးတောင်ကုန်းတစ်ခုရှိတယ်၊ အဲဒီနေရာမှာ ဒီကျွန်းရဲ့ တစ်ခုတည်းသော ရေထွက်စမ်းတစ်ခုရှိတယ်''

''ဟုတ်ပါပြီ''

''လူရိုင်းတွေရော ကျွန်မတို့တတွေရော .. သောက်ရေအဖြစ် အသုံးပြုကြတဲ့ လျှို့ဝှက်ရေထွက်စမ်းလည်းဖြစ်ပါတယ်၊ တကယ်လို့ ကျောက်ရေအိုင်ထဲကျသွားခဲ့လို့ ရေဆေးဖို့ ကမ်းခြေရောက်အောင်ပြေးရင် အချိန်မမီပါဘူး၊ ကမ်းစပ်ရောက်တာနဲ့ ပင်လယ်လေနဲ့ထိပြီး ချက်ချင်း ကျောက်ဖြစ်သွားမှာပါပဲ''

''အင်း .. ပြောပါဦး''





မာရီယာ က ဆက်ပြောသည်။

''ကျွန်းရဲ့ ဘယ်နေရာပဲရှိတဲ့ ကျောက်ရေအိုင်ထဲကို ကျသွားခဲ့ရင် ကျွန်းအလယ်နေရာလောက်မှာရှိတဲ့ ရေထွက်စမ်းကို ရောက်အောင်သွားနိုင်ရင် အချိန်မီ ဆေးကြောပစ်နိုင်ပြီး အသက်ရှင်နိုင်ပါတယ်၊ ဒီအချက်က ဒီကျွန်းရဲ့ အရေးအကြီးဆုံး လျှို့ဝှက်ချက်ဖြစ်တာကြောင့် ရှင့်အနေနဲ့ သိထားသင့်တယ်''

''အခုလိုပြောပြတာ သိပ်ပြီးကျေးဇူးတင်ပါတယ်၊ ဒါထက် မင်းနာမည်က ဘယ်သူလဲ''

''မာရီယာ ပါ ...''

''နာမည်လှသလောက် မင်း ဖြတ်သန်းရတဲ့ ဘဝကတော့ ကြမ်းလှတယ်၊ ငါ နာမည်က မင်းထင်ကျော်လို့ ခေါ်ပါတယ်။ ငါတို့ ဒီကျွန်းကို စရောက်တဲ့ညက မင်းကို မှန်ပြောင်းနဲ့ တွေ့လိုက်ကတည်းက စိတ်ဝင်စားနေတာပါ''

''ရှင် ...''

''သြော် .. တခြားမဟုတ်ပါဘူး၊ ဒီလောက်ခေါင်တဲ့ ကျွန်းပေါ်မှာ ဘယ်ကမိန်းကလေးရောက်နေတာလဲဆိုပြီး စိတ်ဝင်စားတာပါ''

မာရီယာ ထံမှ သက်ပြင်းချသံတစ်ချက်ထွက်လာသည်။

''ကျွန်မလည်း ရှင့်ကိုမြင်လိုက်စတည်းက အကူအညီပေးနိုင်လောက်တဲ့ လူတစ်ယောက်လို့ ထင်လိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း အခုလို ရအောင်ဖမ်းခေါ်ပြီး အကူအညီတောင်းရတာပါ''

''မင်း အကူအညီတောင်းတဲ့ပုံက ကြောက်စရာပါလား မာရီယာရယ် .. တကယ်လို့ ငါတို့က ခုခံရင် ဘယ်လိုလုပ်မလဲ''

''ဒီတော့လည်း ကျွန်မရဲ့ကံတရားအတိုင်းပဲပေါ့၊ ဒီအတိုင်းနေရတာနဲ့စာရင် သေသွားတော့ရော ဘာထူးမှာမို့လဲ''

''ဒီလောက်လည်း စိတ်ဓာတ်ကျမနေပါနဲ့ မာရီယာရယ်.. ငါတို့ မင်းတို့သားအဖကို မဖြစ်ဖြစ်တဲ့နည်းနဲ့ကယ်ပြီး ဒီကျွန်းပေါ်ကလွတ်အောင် ခေါ်သွားပေးပါမယ်''

ဟုပြောလိုက်ရာ မာရီယာက ကျေးဇူးတင်သော အကြည့်ဖြင့် တစ်ချက်ကြည့်လိုက်လေသည်။

ထိုအကြည့်ထဲတွင် အစီအစဉ်ပွာယ်များစွာ ပါဝင်နေကြောင်း ဒေါက်တာမင်းထင်ကျော်က ရိပ်မိလိုက်လေသည်။





အခန်း (၁၂)

## ဒေါက်တာမင်းထင်ကျော်နှင့် သေမင်းခံတွင်း

သံပချိုင်တို့မှာ အကြံအစည်ရှိကြသူများ ဖြစ်သည်။ ၎င်းတို့၏အကြံအစည်မှာ ဒေါက်တာမင်းထင်ကျော်တို့ကို ရှေ့တန်းတင်ပြီး အခြေအနေကောင်းသည်နှင့် ရွှေငွေရတနာများကို မရရအောင် ယူပြီး ထိုကျွန်းမှထွက်ပြေးကြရန် ရည်ရွယ်ချက်ဖြစ်ပေ သည်။

သို့ကြောင့် ဒေါက်တာ မင်းထင်ကျော်တို့နှင့် တစ်ပတ်ခန့်ကွာပြီးမှ ထိုကျွန်းသို့ ရောက်လာကြပြီးနောက် သူတို့နည်းသူတို့ဟန်ဖြင့် ဆက်လက်လှုပ်ရှားနေကြခြင်းဖြစ်သည်။ သို့ကြောင့်လည်း ဒေါက်တာမင်းထင်ကျော်တို့ အဖမ်းခံသွားရသော သတင်းကို သံပချိုင်တို့က သိသွားကြပြီး ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရက်များမှာပင် သံပချိုင် မျှော်လင့်ထားသကဲ့သို့ အခွင့်ကောင်းတစ်ခု ရောက်လာလေတော့သည်။

ငှင်းရှိသောသင်္ဘောတို့ လူနှစ်ယောက် ရောက်လာကြသည်။ ထွန်းဖဲ နှင့် စံနက်ကျော်တို့ပင် ဖြစ်သည်။ ၎င်းတို့မှာ သေနတ်တစ်လက်စီပါလာကြပြီး အခြားနှစ်ယောက်ပါသော်လည်း ကမ်းပေါ်မှာ ကျန်နေခဲ့ကြသည်။ သူတို့နှစ်ယောက်က သင်္ဘောအတွင်းသို့ဆင်းလာကြပြီး ခေါင်းဆောင်ဖြစ်သူနှင့် တွေ့လိုကြောင်းပြောသဖြင့် သံပချိုင်နှင့်တွေ့သည်။

“ကျုပ်က ဒီသင်္ဘောရဲ့ခေါင်းဆောင်ပဲ၊ မင်းတို့က ဘယ်သူတွေလဲ”

“ကျုပ်တို့က ဒီကျွန်းပေါ်ရောက်နေတာ အတော်ကြာပြီဖြစ်တဲ့ ပင်လယ်ဓားပြတွေပဲပေါ့ဗျာ .. ဒါထက် ခင်ဗျားတို့ကရော ပင်လယ်ဓားပြတွေပဲ မဟုတ်လား”

ထွန်းဖဲ က သင်္ဘောပေါ်မှ အခြေအနေများကို အကဲခတ်ကြည့်ရင်းနှင့်မေးလိုက်သည်။

“အေးဟုတ်တယ် .. ငါတို့ကလည်း ပင်လယ်ဓားပြတွေပဲ၊ ပင်လယ်ပြင်မှာ အခြေအနေမကောင်းလို့ ဒီမှာလာခိုနေတာဆိုရင် မမှားဘူးပေါ့၊ အခုလို ပင်လယ်ဓားပြအချင်းချင်းတွေ့ရတာ ဝမ်းသာပါတယ်၊ ကဲ.. ကြုံကြိုက်တုန်း အရက်ကောင်းကောင်းနဲ့ ဧည့်ခံပါမယ် .. လာကြ”





သံပချိုင်က သူတို့နှစ်ယောက်ကို ၎င်းအခန်းတွင်းသို့ ခေါ်သွားပြီး အကောင်းစားအရက်နှင့် ဧည့်ခံသည်။

“ကဲ ... မင်းတို့ရောက်လာတဲ့ကိစ္စလည်း ပြောပါဦး”

“ကျုပ်တို့နှစ်ယောက်က ထွန်းဖဲ နဲ့ စံနက်ကျော်လို့ခေါ်တယ်၊ ပင်လယ်ဓားပြခေါင်းဆောင် ပက်ထရစ်ရဲ့ လက်ထောက်တွေပဲပေါ့”

“ကြားဖူးတယ်.. ကြားဖူးတယ်၊ ပက်ထရစ် ဆိုတာ နာမည်ကြီးပဲ၊ တစ်ချိန်တုန်းကတော့ ပင်လယ်နဂါးတစ်ကောင်လို့တောင်ပြောနေကြတာပဲ”

“တစ်ချိန်က ပင်လယ်နဂါးဖြစ်ခဲ့ပေမယ့် အခုတော့ အစွယ်ကျိုးနေတဲ့ ရေမြွေတစ်ကောင်လောက်တောင် အသုံးမကျတော့ဘူး”

ထိုစကားကြောင့် သံပချိုင်က သဘောကျစွာရယ် လိုက်သည်။

“ဘယ်လိုဖြစ်သွားလို့လဲ”

“အခုဆိုရင် အရင်လို ပင်လယ်ထွက်ပြီး ဓားပြမတိုက်ဝံ့တော့ဘူး၊ ကျုပ်တို့အားလုံးကို ကျွန်းပေါ်မှာတင်ထားပြီး လူရိုင်းတွေလိုပဲ ရှာဖွေစားသောက်နေရတယ်၊ နောက်ပြီး အရင်ကရှာဖွေထားတဲ့ ရတနာပစ္စည်းတွေကိုလည်း အခုချိန်ထိ ခွဲဝေမပေးဘူး၊ အားလုံး သူ့ဆီမှာပဲယူထားတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဘယ်တရားပါ့မလဲ"

"ကျုပ်တို့က အဲဒါကိုမကျေနပ်လို့ ခင်ဗျားနဲ့လာပေါင်းတာပဲ"

"ကောင်းတာပေါ့ကွာ၊ ငါတို့မှာ လူအင်အား လက်နက်အင်အား ပြည့်စုံတယ်၊ အင်အားတောင့်တယ်၊ ဒီတော့ ဘယ်လိုလုပ်ချင်ကြသလဲ"

"ကျုပ်တို့ ပက်ထရစ်ကိုတိုက်ပြီး ရတနာတွေယူချင်တယ်၊ ရရင် ဒီကျွန်းကပြေးချင်တယ်၊ အဲဒါ ခင်ဗျား အကူအညီပေးနိုင်မလား"

"ဒါကတော့ဖြစ်ပါတယ်၊ မင်းတို့လိုအတွင်းလူပါပြီဆိုရင် ငါတို့ အကူအညီပေးနိုင်ပါတယ်၊ နောက်ပြီး ရတနာတွေရရင် မင်းတို့နှစ်ယောက်ကိုပါ တစ်ပါတည်း ခေါ်သွားဖို့ကတိပေးပါတယ်"

"ဒီလိုဆိုရင်တော့ ကြိုက်ပြီ၊ ဒါဖြင့် ဘယ်တော့စ,ကြမလဲ"

"ဖြည်းဖြည်းပေါ့ကွာ၊ ဒီကိစ္စမျိုးက အလောတကြီးလုပ်ရင် ဘေးအန္တရာယ်နဲ့တွေ့နိုင်တယ်၊ ဒီတော့ ငါတို့သုံးယောက်တိုင်ပင်ပြီး သေသေချာချာအကွက်ရိုက်ပြီးမှလုပ်ကြရင် ပိုမကောင်းဘူးလား"

"အင်း.. ဒီလိုဖြင့်ရင်လည်း ခင်ဗျားကိုပဲ ခေါင်းဆောင်





တင်ပါတယ်၊ ခင်ဗျားပဲ စီစဉ်ပေတော့ဗျာ"

"ဒီအတွက်တော့ စိတ်မပူနဲ့ဟေ့ ... ငါ တစ်သက်လုံး ပင်လယ်ဓားပြလုပ်လာတဲ့လူဆိုတော့ ဒီလိုအလုပ်မျိုးလောက်တော့ မခက်ပါဘူး၊ ဒါထက် မင်းတို့ကို မေးရဦးမယ်၊ ရတနာပစ္စည်းတွေက ပက်ထရစ်ဆီမှာ အားလုံးရှိနေတယ်ဆိုတာ အမှန်ပဲလား"

"အမှန်ပါပဲ၊ အားလုံး သူ ယူပြီးသိမ်းထားတယ်"

"ဒါထက် ဒီကျွန်းပေါ်မှာ ပင်လယ်ဓားပြတွေမြှုပ်ထားတဲ့ ရတနာတွေလည်းရှိတယ်၊ အဲဒါတွေက ဘယ်မှာလဲ"

"အဲဒီရတနာတွေက လူရိုင်းတွေယူထားတယ်၊ သူတို့နေတဲ့ဂူတွေထဲမှာရှိတယ်လို့တော့ သတင်းကြားတယ်"

"ဒီအတိုင်းမှန်ရင် လူရိုင်းတွေကိုတိုက်ခိုက်ပြီးယူရင်ကောမရဘူးလား"

"လူရိုင်းတွေက တိုက်ရင် ပက်ထရစ် က သိသွားပြီး ဒီအတိုင်းနေမှာမဟုတ်ဘူး၊ နောက်ပြီး ကျုပ်တို့အကြံအစည်ကိုပါ သူ ရိပ်မိသွားနိုင်တယ်၊ အကောင်းဆုံးက ပက်ထရစ်တို့တစ်တွေကို အရင်ဖြိုပြီးမှ လူရိုင်းတွေကိုရှင်းရင် ပိုပြီးလွယ်မယ်"

"အင်း .. ဒါလည်းကောင်းသားပဲ"

"ဒါထက် ဟိုလူတွေသင်္ဘောကိုရော ဘယ်လိုလုပ်မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခေါင်းဆောင်တွေကိုတော့ ပက်ထရစ်က ဖမ်းထားပြီးပြီ”

“ခေါင်းဆောင်လုပ်တဲ့လူက ကြံရည်ဖန်ရည်ကောင်းတယ်၊ သူ့ကိုမိထားပြီးမှတော့ သတ်ပစ်လိုက်ပေါ့၊ သူမရှိရင် ဘာမှအန္တရာယ်မပေးနိုင်တော့ဘူး”

“အင်း .. ဒီအကြံကောင်းတယ်၊ စခန်းပြန်ရောက်တာနဲ့ သူတို့နှစ်ယောက်ကို သတ်ပစ်ခိုင်းရမယ်”

“မင်းတို့ ပိပိရိရိရှိကြပါစေ၊ တစ်ခုခုလွဲချော်သွားတာနဲ့ ငါတို့တစ်တွေ ဒုက္ခရောက်သွားနိုင်တယ်၊ အခြေအနေကောင်းပြီဆိုတာနဲ့ ငါ့ကိုသတင်းပို့ပါ၊ အမြန်ဆုံးဝင်တိုက်ဖို့ စီစဉ်ကြမယ်”

“ကောင်းပါပြီ”

ထို့နောက်မှာတော့ ထွန်းဖံနှင့်စံနက်ကျော်တို့နှစ်ယောက် ပြန်သွားကြလေတော့သည်။

သံပချိုင် ကတော့ မမျှော်လင့်ပါဘဲ အခွင့်အရေးဝင်ရောက်လာသောကြောင့် မကြာခင် သူ၏အကြံများအောင်မြင်တော့မည့်အရေးကို တွေးကာ များစွာကျေနပ်နေတော့သည်။

ထွန်းဖံနှင့် စံနက်ကျော်တို့မှာ ဟန်မပျက် စခန်းသို့ပြန်သွားကြပြီးနောက် ပက်ထရစ်ကိုပြောသည်။

“ဆရာကြီး အခု ဖမ်းမိထားတဲ့လူနှစ်ယောက်ကို အမြန်ဆုံးသတ်ပစ်ရမယ်၊ သူက ကျွန်တော်တို့ကိုဖမ်းဖို့လာကြတဲ့လူ





တွေဆိုတာ သေချာတယ်၊ သူတို့အပြင် နောက်ထပ်စက်လှေတွေလည်းပါလာသေးတယ်၊ သူတို့ကို အမြန်သတ်ပစ်ပြီး ပြင်ဆင်သင့်တာ ပြင်ဆင်ထားရင် ပိုကောင်းတယ်”

ဟု ဝိုင်းဝန်းတိုက်တွန်းလာသောကြောင့် ပက်ထရစ်လည်း ဒေါက်တာမင်းထင်ကျော်နှင့်ဦးဗန်ကောင်းတို့ နှစ်ယောက်ကို ထုံးစံအတိုင်း သတ်ပစ်ရန် ပြင်ဆင်ရလေသည်။

ထုံးစံအတိုင်း အကျဉ်းသားနှစ်ယောက်ကို မရဏကျောက်ရေအိုင်များရှိရာသို့ သေနတ်ဖြင့်ချိန်၍ခေါ်သွားသည်။ ထိုနေရာရောက်သည်နှင့် ကျောက်နှစ်ရေများရှိသောအိုင်အတွင်းသို့ ပစ်ချလိုက်သည်။

“ဝုန်း .. ဝုန်း”

နှစ်ယောက်စလုံး အိုင်အတွင်းသို့ကျသွားရာ အဖြူရောင်ကျောက်ရေများက တစ်ကိုယ်လုံး နေရာလပ်မရှိအောင်ပေသွားလေသည်။

သူတို့ ကျောက်ရေအိုင်အတွင်းမှ ပြန်တက်လာသောအခါ ပက်ထရစ် က ပြောသည်။

“ဒီကျောက်ရေက တခြားမဟုတ်ဘူး၊ လေနဲ့ထိရင်ပဲဖြစ်ဖြစ်၊ နေရောင်နဲ့ထိရင်ပဲဖြစ်ဖြစ် ကျောက်ဖြစ်သွားနိုင်တဲ့အရေတွေပဲ၊ မခြောက်ခင် ရေနဲ့ဆေးပစ်ရင်တော့ အသက်ချမ်းသာရမယ်၊ ခြောက်သွားရင်တော့ လူစင်စစ်ကနေ ကျောက်ရုပ်အဖြ



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားမှာပဲ၊ ကျောက်ရုပ်ဘဝရောက်ပြီးရင်တော့ ဘယ်သူမှကယ်လို့မရဘူး၊ မင်းတို့ကို တစ်ခုပြောလိုက်မယ်၊ ဒီကျွန်းပေါ်မှာတော့ ရေရှိတဲ့နေရာ မရှိဘူး၊ အနီးဆုံးရေရှိတဲ့နေရာကတော့ ပင်လယ်ကမ်းခြေပဲ၊ ကဲ .. အချိန်ရှိတုန်း ပြေးကြပေတော့၊ ကံ ကောင်းပါစေလို့ဆုတောင်းလိုက်ပါတယ်ကွာ၊ ဟား ဟား ဟား ဟား"

ပက်ထရစ် က ပြောရင်းနှင့် သဘောကျစွာရယ်လိုက်ရာ နောက်မှရပ်နေကြသူများကလည်း ဝိုင်းရယ်ကြလေသည်။

ဒေါက်တာမင်းထင်ကျော် က မာရီယာကို တစ်ချက်ကြည့်လိုက်ပြီး ထိုနေရာမှထွက်ခဲ့လေသည်။

သူတို့အတွက် အသက်အားမှလွတ်ကင်းမည့်နေရာမှာ တစ်နေရာပဲရှိသည်။

မာရီယာ ပြောသွားသောနေရာပင်ဖြစ်သည်။

သူတို့အနေနှင့် ပင်လယ်ကမ်းခြေရောက်အောင် ဘယ်နည်းနှင့်မှမသွားနိုင်တော့မှန်း ရိပ်မိကြသည်။

အကယ်၍သာ မာရီယာ ပြောသွားသောနေရာကိုသာ ချက်ချင်းရှာမတွေ့ပါက သူတို့အတွက် မျှော်လင့်ချက်မရှိနိုင်တော့ပေ။

နှစ်ယောက်သား ကျွန်း၏အလယ်ပိုင်းရှိရာသို့ ဦးတည်သွားကြလေသည်။ ထိုသို့သွားရာမှာ နေးလျှင်လည်း မဖြစ်၊





မြန်လျှင်လည်းမဖြစ်ပေ။

နေးလွန်းလျှင် လမ်းမှာတင်အချိန်ကြာပြီး ကျောက်ရုပ်ဖြစ်သွားနိုင်သည်။

မြန်လွန်းတော့လည်း လေတိုက်နှုန်းများပြီး ကျောက်ရေများက အလျင်အမြန်ခြောက်သွားကြမည်ဖြစ်ပေသည်။

သို့ကြောင့် မနေးလွန်း မမြန်လွန်းသောခြေလှမ်းဖြင့် သွားကြလေသည်။

အထူးသဖြင့်တော့ နေရောင်ခြည်စူးစူးရဲရဲကျသောနေရာများကိုကွင်းသွားကြရသဖြင့် ခရီးမတွင်လှပေ ...၊

ထို့ပြင် ဘယ်နေရာမှန်းမသိသောကြောင့် စမ်းတဝါးဝါးသွားနေရသောကြောင့် အချိန်ကြာနေသည်။

အတန်ကြာသည်အထိတော့ မာရီယာ ပြောသော ရေထွက်စမ်းကို မတွေ့ရသေးပေ ..၊

ဟုတ်မှဟုတ်ပါ့မလားဟုတွေးမိသောအခါ စိတ်ထဲမှာ အနည်းငယ်စိုးရိမ်စိတ်ဝင်လာသည်။

"မောင်ထင်ကျော် အခြေအနေ ဘယ်လိုလဲ၊ ကျုပ်တော့ လမ်းလျှောက်ရတာ နည်းနည်းလေးလာသလိုပဲ"

ဦးဗန်ကောင်း က ဗလုံးဗထွေးဖြင့် လှမ်းပြောသည်။

"အားတင်းထား အဘ၊ ကျွန်တော်တို့ သေလို့မဖြစ်ဘူး၊ ကျွန်တော်တို့သေရင် အားလုံး သေကြမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သာပြောသော်လည်း သူကိုယ်တိုင်လည်း လမ်းလျှောက်ရတာ လေးလာသလိုဖြစ်လာသည်။

သို့သော် လက်နှင့်ခြေထောက်ကတော့ လှုပ်ရှား၍ရနေသေးသည်။

အဆိုးဆုံးက မျက်နှာနေရာဖြစ်သည်။ မျက်နှာပေါ်မှ ကျောက်ရေမှာ ခပ်ပါးပါးရှိနေသောကြောင့် လေနှင့်ထိရုံနှင့်ပင် တင်းလာသည်။ မျက်ခွံများက လေးလာသည်။

နှာခေါင်းပေါက်ဝများ ပိတ်သလိုဖြစ်လာပြီး အသက်ရှူ၍ မဝသလိုဖြစ်လာလေသည်။

သို့သော်လည်း ကြိုးစားပြီးလျှောက်နေရသည်။

တစ်နေရာသို့ရောက်သောအခါ နားထဲမှာ ရေစီးကျသော အသံလိုလို တစ်စွန်းတစ်စကြားလိုက်ရသည်။

စိတ်ထဲမှာ ဇဝေဇဝါဖြစ်သွားလေသည်။

မိမိစိတ်ထဲမှာထင်နေသောကြောင့် ကြားမိကြားရာကြားနေမိသလားဟုထင်မိသည်။

အတန်ကြာသောအခါ ထိုကြားနေရသောအသံမှာ တဖြည်းဖြည်းနှင့်ဝေဝါးပျောက်သွားသည်။

"ဟင် ..."

ထိုအခြေအနေကို ဒေါက်တာမင်းထင်ကျော် က သဘောပေါက်လိုက်သောကြောင့် စိတ်ထဲမှာ အနည်းငယ် စိုးရိမ်စိတ်





ဝင်သွားသည်။

သူ့နားနေရာမှာကပ်နေသော ကျောက်ရေများခဲသွားပြီ ဖြစ်ကြောင်း သိလိုက်သည်။

ဒီအတိုင်းဆိုလျှင်တော့ မျက်နှာပေါ်မှာ ကျောက်ရေများ ခဲကာ ကျောက်ဖြစ်သွားပေတော့မည်။

အရေးကြီးသော နှာခေါင်းပေါက်နှင့် ပါးစပ်ပေါက်နေရာ ကျောက်သားဘဝမပြောင်းခင်မှာ ရေရှိသောနေရာသို့ ရောက်မှ ဖြစ်မည်။

သို့မဟုတ်ပါက မျှော်လင့်ချက်မရှိနိုင်တော့ပေ ...။

လျှောက်နေရင်းမှ ခြေထောက်များ တဖြည်းဖြည်းလေးလာချေပြီ ...။

လေးလံသောကျောက်တုံးကျောက်ခဲများ ဆွဲထားသကဲ့သို့ ဖြစ်လာသည်။

ဦးဇန်ကောင်းကိုလှည့်ကြည့်လိုက်တော့လည်း ခြေလှမ်းတစ်လှမ်းကိုပင် အနိုင်နိုင်လျှောက်နေရသောပုံမျိုးဖြစ်နေချေပြီ။

မိမိတို့နှစ်ယောက် အခြေအနေမှကောင်းနိုင်ပါတော့မလားဟု တွေးလိုက်မိသည်။

ဒေါက်တာမင်းထင်ကျော် အနေနှင့် အန္တရာယ်အမျိုးမျိုး ရန်သူအမျိုးမျိုးနှင့်ရင်ဆိုင်ကြုံတွေ့ခဲ့ဖူးသော်လည်း ရင်ဆိုင်ကျော်လွှားနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုကဲ့သို့ မိမိအနေနှင့် ဘာမှမတုံ့ပြန်နိုင်ဘဲ သေရတော့မည့်အဖြစ်ကို တွေးမိသောအခါ စိတ်ထဲမှာ တစ်မျိုးခံစားမိလေသည်။

ထိုအချိန်မှာပင် ဦးဇန်ကောင်းက ငူးငူး၀ါး၀ါးအသံဖြင့် အော်ရင်း ခြေဟန်လက်ဟန်ဖြင့် တစ်နေရာသို့ပြသည်။

နားမှ အသံမကြားရသော်လည်း တောင်ကုန်းနှစ်ခုကြားမှ စီးကျနေသောရေများကိုလှမ်းမြင်ရသည်။

ရေစီးကြောင်းရှိပြီဆိုလျှင် ရေအိုင်တွေ့ရပေတော့မည်။ သို့ကြောင့် ထိုနေရာရောက်အောင်ကြိုးစား၍သွားလေသည်။ ခဏကြာတော့ ရေအိုင်ရှိသောနေရာ၏ကမ်းစပ်သို့ရောက်သွားသည်။

ရေအိုင်ကိုလည်း မြင်ရလေပြီ ...။

စိတ်ထဲမှာ ကံကောင်းပြီဟု ထင်လိုက်သောအချိန်နှင့် မရှေးမနှောင်းမှာပင် ကံဆိုးခြင်းက ၀င်လာလေတော့သည်။

ဦးစွာ မျက်နှာပြင်တစ်ခုလုံး ကျောက်သားဘ၀ပြောင်းသွားပြီဖြစ်သောကြောင့် မှောင်ကျသွားလေပြီ။

နှာခေါင်းပေါက်၊ ပါးစပ်ပေါက်များလည်း ပိတ်သွားပြီဖြစ်သောကြောင့် အသက်ရှူ၍မရတော့ပေ ...။

တစ်ဆက်တည်းမှာပင် လှမ်းနေသောခြေထောက်နှစ်ဖက်စလုံးမှာ ရပ်တံ့သွားခဲ့လေပြီ ...။

နှစ်ယောက်စလုံး ရေမြင်ရသောနေရာရောက်သောအခါမှ





ကျောက်ရုပ်ဘ၀ပြောင်းသွားကြလေပြီ။

ထိုအခိုက်အတံ့လေးမှာ ခံစားရသောခံစားမှုက အတော်ကလေးဆိုးရွားလေသည်။

အသက်မသေသေးသော်လည်း သေနေသကဲ့သို့ဖြစ်နေသည်။ အသိစိတ်ကရှိနေသော်လည်း လူက တစ်စက်ကလေးမှ လှုပ်၍မရတော့ပေ ...။

ဦးဇန်ကောင်းလည်း ထိုအတိုင်းပင်ရှိနေလိမ့်မည်။ အသက်ရှူမရလျှင်တော့ မိနစ်ပိုင်းအတွင်း သေရတော့မည်ဖြစ်သည်။

မတတ်နိုင်တော့ ...။

ထိုအခိုက်မှာပင် တောထဲမှ လူတစ်ယောက်ပြေးထွက်လာသည်။

မာရီယာ ပင်ဖြစ်သည်။

မာရီယာ က ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်အခြေအနေကိုတွေ့မြင်သည်နှင့် သဘောပေါက်သွားသောကြောင့် တွေတွေထူးထူးစဉ်းစားမနေတော့ဘဲ တောင့်တောင့်ကြီးဖြစ်နေသူနှစ်ယောက်စလုံးကို ရေအိုင်အတွင်းသို့တွန်းချလိုက်လေသည်။

ကံကောင်းထောက်မစွာ ရေအိုင်ကမ်းစပ်နားရောက်တော့မှ လူသားကျောက်ရုပ်ဘ၀ရောက်သွားကြသောကြောင့် အရှိန်ဖြင့် တွန်းချလိုက်သောအခါ ရေအိုင်အတွင်းသို့လိမ့်ကျသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း ..."

"ဝုန်း ..."

ရေအိုင်မှာ အတော်ကလေးနက်သောကြောင့် နှစ်ယောက်စလုံး ရေအောက်သို့နစ်မြုပ်သွားကြသည်။

မရှေးမနှောင်းမှာပင် မာရီယာ က အောက်သို့ခုန်ဆင်းလာပြီးနောက် ဒေါက်တာမင်းထင်ကျော်မျက်နှာပေါ်မှကျောက်သားများကို ခွာပစ်သည်။

ကျောက်ဖြစ်စပင်ရှိသေးသောကြောင့် ရေဖြင့်ထိလိုက်သောအခါ အလွယ်တကူပြန်ကွာသွားသည်။

နောက် ခြေနှင့်လက်တို့ပါ လှုပ်၍ရသဖြင့် ရေပြင်ပေါ်သို့ ဦးခေါင်းဖော်ပြီး အရင်ဆုံးအသက်ဝအောင်ရှူရလေသည်။

မာရီယာ က ဦးဇန်ကောင်းကိုလည်း သွားရောက်အကူအညီပေးလိုက်ရာ ဝူးဝူးဝါးဝါးနှင့် ရေပြင်ပေါ်တက်လာသည်။

"ဝူး .. ဖလူး .. ဒီတစ်ခါလည်း ကံကောင်းပြန်ပြီဟေ့"

ဟု ဗလုံးဗထွေးနှင့်ပြောလိုက်သေးသည်။

ထို့နောက် ကိုယ်ပေါ်မှာခြောက်သွေ့စပြုနေသော ကျောက်ချပ်များကို ဖယ်ရှားပစ်လိုက်ကြသည်။

"ဒီတစ်ခါတော့ မင်းကို တကယ်ပဲကျေးဇူးတင်ပါတယ် မာရီယာရယ် ..၊ မင်းသာ အချိန်မီရောက်မလာရင်တော့ နှစ်ယောက်စလုံးသေရမှာ အမှန်ပါပဲ"





ဒေါက်တာမင်းထင်ကျော် က ပြောလိုက်ရာ ဘာမှ ပြန်မပြောဘဲနှင့် ကြည့်နေသည်။

"ငါတို့နှစ်ယောက်ရဲ့အသက်ကို ကယ်ပေးတဲ့အတွက် မင်းတို့သားအဖနှစ်ယောက်ရဲ့အခက်အခဲကိုလည်း အစွမ်းကုန် အကူအညီပေးပါမယ်"

ခေါင်းညိတ်ပြသည်။

သူမ အမူအရာမှာ ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်၏ အသက်ကို အချိန်မီကယ်လိုက်ခွင့်ရခဲ့သဖြင့် ဝမ်းသာကျေနပ်နေဟန်ရှိလေသည်။

"မာရီယာ ဘယ်လိုရောက်လာတာလဲ"

"ရှင်တို့လည်းထွက်သွားရော ကျွန်မလည်း နောက်ကထွက်လိုက်လာတာပါပဲ၊ ဒါနဲ့တောင် မီရုံလေးရှိတယ်"

ဒေါက်တာမင်းထင်ကျော် က သူမကို များစွာကျေးဇူးတင်သောအကြည့်ဖြင့် စိုက်ကြည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

## အန္တရာယ်ဆိုးများနှင့်ရင်ဆိုင်ကြရခြင်း

ဒေါက်တာမင်းထင်ကျော်နှင့် ဦးဇန်ကောင်းတို့နှစ်ယောက်မှာ ကံကောင်းထောက်မစွာဖြင့် သေမည့်ဘေးမှ လွတ်ခဲ့ကြပြီးနောက် မိမိတို့ဘော်သို့ ချောမောစွာပြန်ရောက်ကြလေသည်။

သဘော်သို့ပြန်ရောက်သည်နှင့် မိမိတို့လူများကို စစ်ဆေးကြည့်သောအခါ အားလုံး စုံစုံညီညီရှိနေသည်ကိုတွေ့ရမှ အတန်အသင့်စိတ်အေးသွားလေသည်။

"ကျွန်တော်တို့အားလုံး ဘာအန္တရာယ်မှမတွေ့ရသေးပါဘူး၊ ဆရာတို့နှစ်ယောက်ပျောက်နေလို့ အားလုံးက စိတ်ပူနေကြတာ၊ ဒီကနေ့မှ ပြန်ရောက်မလာရင်တော့ လက်နက်တွေယူပြီး ကျွန်းပေါ်လိုက်ရှာကြတော့မလို့ပြင်ဆင်နေတာပါ"

ဟု ကျော်စွာ က ပြောသည်။





"ဒါထက် မောင်ထင်ကျော်တို့ ဘယ်လိုအန္တရာယ်တွေနဲ့တွေ့နေလို့ ပြန်မလာနိုင်ကြတာလဲ"

ဟု ကျွန်ုပ်ကမေးလိုက်သောအခါ ဒေါက်တာမင်းထင်ကျော်က ၄င်းတို့ သေကံမရောက် သက်မပျောက်ခဲ့ရသော အဖြစ်အပျက်အချို့ကို အတိုချုပ်ပြီးပြောပြလေသည်။

"ဒါဖြင့် ဒီကျွန်းပေါ်မှာ ပင်လယ်ဓားပြတွေရှိနေတာပေါ့၊ ဇမ္ဗန်းထန်လည်း သူတို့လက်ချက်ကြောင့်သေရတာပဲဖြစ်မယ်၊ အခုလိုသိရပြီဆိုတော့ ဘယ်လိုလုပ်ကြမလဲ"

"မကြာခင် ကျွန်းပေါ်မှာ အခြေအနေတစ်ခုခုထူးလိမ့်မယ်၊ အဲဒီအချိန်မှာ ကျွန်တော်တို့လိုချင်တဲ့ရတနာတွေကို ရအောင်လုပ်ပြီး ဒီကျွန်းက အမြန်ဆုံးပြန်ထွက်ကြရမယ်"

"ဒါထက် သံပချိုင် တို့ကရော ဘယ်လိုလဲ"

"သူတို့ကြည့်ရတာ အကြံအစည်တစ်ခုခုရှိနေတဲ့ပုံပဲ၊ ရတနာတွေရတော့မှပဲ ကြည့်ပြီးစီစဉ်မယ်"

ထိုသို့ပြောဆိုတိုင်ပင်နေကြစဉ် ကျွန်းပေါ်မှ မြားတစ်စင်းထွက်လာပြီး သဘော်ကို လာရောက်စိုက်ဝင်လေသည်။

ထူးထူးခြားခြားမြားတံ၌ စာရွက်တစ်ရွက်ပတ်ချည်ထားသည်ကို တွေ့သဖြင့် စောထီး က နုတ်ယူလာပြီး ဒေါက်တာမင်းထင်ကျော်ကိုလာပေးလေသည်။

ဒေါက်တာမင်းထင်ကျော် က မြားတံမှစာရွက်ကို ယူ၍ဖတ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်သည်။

“သစ္စာဖောက်တွေက ရန်သူတွေနဲ့ပေါင်းပြီး စခန်းကိုပြန်တိုက်ဖို့စီစဉ်နေကြတယ်၊ ကျွန်မတို့ကို အကူအညီပေးပါ၊ ကျွန်းပေါ်တက်တဲ့အခါ အန္တရာယ်မတွေ့နိုင်အောင် သင်္ကေတအမှတ်အသားတွေပေးလိုက်ပါတယ်”

ဟု စာရေးထားပြီး ကျောဘက်တွင် သင်္ကေတများ ရေးထားလေသည်။

မြေပုံကြမ်းတစ်ခုလည်းပါသေးသည်။

၎င်းတို့မှာ …

နေအမှတ်အသား၊ မြင်းခွာအမှတ်အသား၊ မြွေအမှတ်အသား၊ မြားအမှတ်အသား၊ ရေဖလားအမှတ်အသား၊ ကြိုးအမှတ်အသား၊ ကြက်ခြေခတ်အမှတ်အသား၊ စက်ဝိုင်းအမှတ်အသား၊ လအမှတ်အသားနှင့် ဘီလူးအမှတ်အသားတို့ကို ရုပ်ပုံများဖြင့် ရေးထားလေသည်။

ဒေါက်တာမင်းထင်ကျော် က ထိုသင်္ကေတအမှတ်အသားများကို အတန်ကြာအောင်မျက်မှောင်ကြုတ်၍ကြည့်နေပြီးမှ ကျွန်ုပ်ကို လှမ်းပေးသဖြင့် ယူကြည့်လိုက်သည်။

သင်္ကေတအမှတ်အသားများကို အသုံးပြုကြရာမှာ လူမျိုးတစ်ဦးနှင့်တစ်ဦး မတူညီသော်လည်း အချို့အမှတ်အသားများမှာ တူကြလေသည်။





အများအားဖြင့်တော့ ကမ္ဘာနှင့်သက်ဆိုင်သော နေ လ စသော အမှတ်အသားသင်္ကေတများကတော့ ပြောင်းလဲ၍မရကြပေ …၊ ထိုသင်္ကေတအမှတ်အသားများနှင့်ပတ်သက်သော ပုံသေအဓိပ္ပာယ်များလည်းရှိသည်။

“ဒါက မြေပုံကြမ်းတစ်ခုပေါ်မှာ ရေးရမယ့်အမှတ်အသားတွေပါပဲ၊ ဒီအမှတ်အသားတွေကိုထည့်လိုက်ရင် ပြည့်စုံတဲ့မြေပုံတစ်ခုဖြစ်သွားနိုင်ပါတယ်”

“ဆရာ ဒီသင်္ကေတတွေရဲ့ အဓိပ္ပာယ်ကို သိပါသလား”

“အတော်များများကိုတော့ သိပါတယ်”

ကျွန်ုပ်က သင်္ကေတအမှတ်အသားများ၏ ပုံသေအဓိပ္ပာယ်များကို ပြောပြလိုက်သည်။

နေအမှတ်အသား၏အဓိပ္ပာယ်မှာ အထွတ်အမြတ်ထားသော ရွှေငွေရတနာများ …၊

မြင်းခွာအမှတ်အသားမှာ မြေပုံပေါ်မှာရေးရမည့်လမ်းညွှန်အမှတ်အသား …၊

မြွေအမှတ်အသားမှာ ထိုနေရာမှာ အန္တရာယ်ရှိသည့်အမှတ်အသားမျိုးဖြစ်သည်။

မြားအမှတ်အသားမှာ တည့်တည့်သွားရမည့်အမှတ်အသား…၊

ရေဖလားအမှတ်အသားမှာ ထိုနေရာတွင် ရေရှိသည် ဆိုသော အမှတ်အသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(ထိုကျွန်းပေါ်တွင် ရေရှိသောနေရာမှာ တစ်နေရာတည်းရှိပြီး ဒေါက်တာမင်းထင်ကျော်တို့ကို အသက်ကယ်လိုက်သောရေအိုင်ရှိသောနေရာပင်ဖြစ်သည်။)

တြိဂံအမှတ်အသားမှာ အဓိကကျသောနေရာကို ညွှန်ပြခြင်းဖြစ်သည်။

ကြက်ခြေခတ်အမှတ်အသားပြထားသောနေရာမှာ အန္တရာယ်ရှိသောကြောင့် မသွားရသောနေရာဖြစ်သည်၊

စက်ဝန်းအမှတ်အသားမှာ အရေးကြီးသောနေရာကို ပြထားခြင်းဖြစ်ပြီး ..

ဘီလူးရုပ်အမှတ်အသားမှာ အန္တရာယ်ရှိသောနေရာများပင်ဖြစ်ကြောင်း ကျွန်ုပ်က ပြောပြလိုက်လေသည်။

ထို့နောက် အခြားစာရွက်ပေါ်မှာ မြေပုံကြမ်းတစ်ခု ကူးယူပြီးနောက် အရေးကြီးသောနေရာများကိုရေးမှတ်ထားလိုက်လေသည်။

ထို့နောက်မှာတော့ ပြုလုပ်ရမည့်အစီအစဉ်များကို တိုင်ပင်ဆွေးနွေးကြသည်။

"ဒီစာကို မာရီယာ ရေးလိုက်တာဖြစ်မယ်၊ သူ့စာထဲမှာပါတဲ့ သစ္စာဖောက်ဆိုတာ အတွင်းလူတွေ သစ္စာဖောက်တာဖြစ်နိုင်တယ်၊ ဒီတော့ သူတို့ကို အကူအညီပေးပြီး ကယ်မှဖြစ်မယ်"





"ဒါကတော့ အသက်သခင်တွေပဲ .. ကူညီသင့်တာပေါ့"

"ဒီတော့ သင်္ဘောမှာ အစောင့်အချို့ထားခဲ့ပြီး ကျွန်တော်တို့အမြန်သွားမယ်"

ဟုပြောဆိုတိုင်ပင်နေကြစဉ်မှာပင် ကျွန်းအလယ်နေရာလောက်ဆီမှ သေနတ်သံများ စတင်ကြားလာရသည်။

"ဟော .. သေနတ်သံတွေကြားရပြီ"

ထို့နောက် ဒေါက်တာမင်းထင်ကျော် ဦးဆောင်သောအဖွဲ့သေနတ်နှင့်လက်နက်များ အပြည့်အစုံယူဆောင်ပြီးနောက် ကျွန်းပေါ်တက်ကြလေသည်။

သင်္ဘောထဲမှာတော့ စက်ဆရာ၊ တာဝန်မကိုင်(ဆလင်)နှင့် သင်္ဘောသားအချို့သာ ကျန်ခဲ့ကြသည်။

ဒေါက်တာမင်းထင်ကျော်က အကြောင်းရှိပါက သင်္ဘောကို ချက်ချင်းထွက်နိုင်ရန်လည်း အဆင်သင့်ပြင်ဆိုင်းထားခဲ့သည်။

သူတို့မှာ မြေပုံပါသောကြောင့် စမ်းတဝါးဝါးသွားရခြင်းမျိုးမဟုတ်ဘဲ အန္တရာယ်ရှိသောနေရာများကိုရှောင်ကွင်းသွားနိုင်ကြလေသည်။

ထိုအချိန်မှာ ပက်ထရစ်တို့မှာ အန္တရာယ်နှင့် ရင်ဆိုင်နေကြရလေပြီ ..၊

ငင်း လက်ရင်းတပည့်နှစ်ယောက်ဖြစ်သော ထွန်းဖေနှင့်စံနက်ကျော်တို့ခေါင်းဆောင်သော လက်အောက်ငယ်သားအချို့က



www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်တို့အဖွဲ့နှင့်ပူးပေါင်းပြီး ပက်ထရစ်တို့ကို ပြန်လည်တိုက်ခိုက်ကြခြင်းဖြစ်သည်။

ပက်ထရစ်တို့သားအဖနှင့်အတူ ဂူထဲမှာ လူ ၁၀ ယောက်ခန့်သာကျန်ခဲ့ကြသည်။

အပြင်ဘက်မှ လာရောက်တိုက်ခိုက်ကြသူများက လူ ၃၀ ခန့်ရှိလေသည်။

ထွန်းဖေတို့အခြေအနေကိုရိပ်မိသော မာရီယာ က စာရေးပြီး ငယ်သားတစ်ယောက်ကို ဒေါက်တာမင်းထင်ကျော်တို့သဘော်ရှိရာသို့သွားရောက်ပို့ခိုင်းလေသည်။ ထိုစာရောက်မှသာဖြစ်တော့မည်။

သို့မဟုတ်ပါက ရန်သူများကို အချိန်ကြာမြင့်စွာတားဆီးနိုင်မည်မဟုတ်ပေ ..၊

ရန်သူများက ပက်ထရစ်တို့နေသောဂူပေါက်ဝနှင့် မနီးမဝေးနေရာမှာ နေရာယူပြီး သေနတ်များဖြင့်ပစ်ခတ်ကြသည်။

အဘယ်ကြောင့်ဆိုသော် သူတို့ ဂူထဲတွင် ကျည်ဆန်များများမကျန်တော့သဖြင့် ဖြစ်သည်။

ပက်ထရစ်မှာ တိုက်ရည်ခိုက်ရည်ကောင်းပြီး သေနတ်ပစ်ရာမှာလည်း လက်ဖြောင့်သူဖြစ်သဖြင့် အရဲစွန့်ပြီး ဂူပေါက်သို့ဝင်ရန်ကြိုးစားသူတိုင်း သူ့လက်ချက်ဖြင့် တစ်ယောက်ပြီးတစ်ယောက်လဲကျသွားကြသဖြင့် ကျန်လူများမှာလည်း အဝေးမှသာ သဲကြီး





မဲကြီးပစ်ခတ်ကြသော်လည်း ဂူအတွင်းသို့ မဝင်ဝံ့ကြပေ ...၊

ဂူမှာ ဝင်ပေါက်တစ်ခုသာရှိသည်ကြောင့် ထိုအပေါက်မှဝင် လာသူတိုင်း ကိုယ့်သေတွင်းကိုယ်တူးသကဲ့သို့ဖြစ်ကာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြရာ ဂူပေါက်ဝတွင် အလောင်းများပုံနေပြီဖြစ်၏။

ထို့ကြောင့် ထွန်းဖေတို့မှာလည်း အရမ်းမဝင်ဝံ့ကြပေ ..။

"ပက်ထရစ် .. ခင်ဗျား လက်နက်ချပြီး အဖမ်းခံပါ၊ ခင်ဗျား ကြာကြာမခံနိုင်ပါဘူး၊ ကျည်ဆန်ကုန်တာနဲ့ ကျုပ်တို့လက်ထဲ ရောက်လာမှာပဲ"

ထွန်းဖေ က လှမ်းအော်ပြောသည်။

"ဟေ့ .. ထွန်းဖေ .. မင်းလို သစ္စာဖောက်လူယုတ်မာလက်ထဲကိုတော့ ဘယ်တော့မှ အညံ့မခံဘူးကွ၊ မင်းတို့ကို နောက်ဆုံးအချိန်ထိ ငါရင်ဆိုင်ပြမယ်"

"မမိုက်ချင်စမ်းပါနဲ့ဗျာ ..၊ ပွဲပြီးသွားလို့ မာရီယာကို ကျုပ်ယူပြီးရင် ခင်ဗျားကိုလည်း ကောင်းကောင်းထားမှာပါ၊ ခေါင်းမမာချင်ပါနဲ့တော့ ..၊ ခင်ဗျားတို့မှာ ကျည်ဆန် ဘယ်လောက်ရှိတယ်ဆိုတာလည်း ကျုပ် သိထားပါတယ်၊ အေးအေးဆေးဆေး လက်နက်ချပြီး အဖမ်းခံလိုက်ရင် သက်သက်မှာပါ"

"ဘယ်တော့မှ လက်နက်မချဘူးဟေ့ .. မင်း သတ္တိရှိရင် အထဲကိုဝင်ခဲ့ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း .. ဒိုင်း .. ဒိုင်း ..."

သေနတ်သံများက ဆူညံစွာပေါ်ထွက်လာသည်။

ပြောမယ့်သာပြောရသည် .. ပက်ထရစ်တို့အဖွဲ့တွင် သေနတ်ကျည်ဆန်က သိပ်မကျန်တော့ပေ။

ထိုကျည်ဆန်ကုန်သွားလျှင်တော့ ဘာမှတတ်နိုင်ကြမည် မဟုတ်မှန်းတော့သိကြသည်။

သူတို့အဖွဲ့ထဲမှလူများပင် ကျည်ဆန်ကုန်သွားပြီဖြစ်သော ကြောင့် မပစ်နိုင်ကြတော့ပေ။

သူတို့သားအဖဆီမှာသာ နည်းနည်းကျန်တော့သည်။

ယခုလိုအချိန်မျိုးမှာ သူတို့ကို အကူအညီပေးနိုင်ကြသူများမှာ လူရိုင်းများဖြစ်ခဲ့သော်လည်း ယခုလောက် သေနတ်သံများ ဆူညံနေလျှင်တော့ သေနတ်ကြောက်ကြသည့် လူရိုင်းများလည်း ရုတ်တရက် အနားကပ်ဝံ့ကြမည်မဟုတ်ပေ ..၊

"ဘာမှမကြောက်နဲ့ သမီး ..၊ သူတို့လက်ထဲတော့ အသက်ရှင်ရက်နဲ့ ဘယ်တော့မှအရောက်မခံနဲ့ ..၊ နောက်ဆုံးကျည်ဆန် တစ်တောင့်စီချန်ထားပြီး သမီးက အဖေ့ကိုပစ်၊ အဖေက သမီးကိုပစ်ပြီး သေကြရုံပဲရှိတယ်"

ဟု ပက်ထရစ်ကပြောရာ မာရီယာလည်း အံတင်းတင်းကြိတ်ပြီးခေါင်းညိတ်ပြသည်။

သူမအနေဖြင့်လည်း ထိုအတိုင်းပင် ဆုံးဖြတ်ထားပြီဖြစ်





သည်။

လူယုတ်မာများလက်တွင်းသို့ သူမဘဝကို အသက်ရှင်လျက်နှင့်တော့ ဘယ်နည်းနှင့်မှ အရောက်ခံမည်မဟုတ်ပေ ..၊

သူတို့ဘက်မှ အားနည်းသွားသည်နှင့် ရန်သူများက အတင့်ရဲလာပြီး တစ်သုတ်ပြီးတစ်သုတ် ဝင်ရန်ကြိုးစားကြရာ လက်ကျန်ကျည်တောင့်များဖြင့် လက်မလည်အောင်ပစ်ခတ်ရသည်။

ထိုအချိန်မှာပင် ဂူအပြင်ဘက်မှ သေနတ်သံများ ဆူညံစွာ ပေါ်ထွက်လာလေတော့သည်။

"ဒိုင်း .. ဒိုင်း .. ဒိုင်း"

ထိုသေနတ်သံများကြောင့် ရန်သူ အတော်များများ လဲကျသွားကာ ထွန်းဖဲနှင့်သံပချိုင်တို့မှာ ထိတ်လန့်သွားကြလေသည်။

"ဘယ်သူတွေလဲ"

ထိုအခိုက်မှာပင် သစ်ပင်ကွယ်မှ ရှေ့သို့ ရိပ်ခနဲတက်လာသော ဒေါက်တာမင်းထင်ကျော်ကို လှမ်းမြင်လိုက်သောအခါ ထွန်းဖဲမှာ များစွာအံ့သြသွားလေတော့သည်။

"ဟင် .. ဒီလူက ကျောက်ရုပ်ဖြစ်သွားပြီမဟုတ်လား၊ ဘယ်လိုဖြစ်ပြီး ဒီနေရာပြန်ရောက်လာတာလဲ"

ဟု ရေရွတ်လိုက်သည်။

ဒေါက်တာမင်းထင်ကျော်တို့မှာ နောက်ဘက်မှဝိုင်းပြီး ပစ်သောကြောင့် ရန်သူများမှာ အထိနာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော်တို့ရောက်လာပြီး အကူအညီပေးကြမှန်းသိသောအခါ မနီးမဝေးမှ အခြေအနေစောင့်ကြည့်နေသော ကပ္ပလီလူရိုင်းများပါရောက်လာကြလေတော့သည်။

၎င်းတို့က အဆိပ်လူးမြားများဖြင့် ပစ်ခတ်ကြရာ ထိသည်နှင့် ချက်ချင်းလဲကျသေဆုံးသွားသည်။

အပြင်မှ အကူအညီများရောက်လာမှန်းသိသောအခါ ပက်ထရစ်တို့လည်း အပြင်သို့ထွက်လာပြီး ခုခံတိုက်ခိုက်ကြတော့သည်။

တစ်ကြိမ်မှာတော့ ရန်သူပစ်လိုက်သောကျည်ဆန်တစ်တောင့်က ပက်ထရစ်ကိုထိမှန်ပြီးလဲကျသွားလေတော့သည်။

"အား ..."

"ဟင် .. အဖေ ..."

မာရီယာ က အနားသွားပြီးပွေ့ယူလိုက်သည်။

ကျည်ဆန်က ရင်ဘတ်မှကျောသို့ဖောက်ထွက်သွားသည်။

"အဖေ .. အဖေ..."

"သူတို့ရောက်လာပြီလား"

"ရောက်လာပြီ အဖေ"

"ငါ့သမီး ရန်သူတွေလက်ကလွတ်ရင် ကျေနပ်ပြီ၊ ဂူထဲမှာ အဖေသိမ်းထားတဲ့ရွှေငွေရတနာတွေရှိတယ်၊ သမီးလည်းယူ .. ကျန်တဲ့လူတွေလည်းခွဲဝေပေးလိုက်ပါ၊ အဖေလို တစ်သက်လုံး ဆိုးသွမ်းတိုက်ခိုက်ခဲ့တဲ့လူတစ်ယောက်အဖို့ ဒီလိုအဆုံးသတ်ရ





တာပဲကောင်းပါတယ်"

ဟုပြောပြီး အသက်ထွက်သွားလေတော့သည်။

မာရီယာမှာ ဝမ်းနည်းစွာငိုကြွေးရုံကလွဲပြီး အခြားမတတ်နိုင်တော့ပါချေ။

အပြင်မှာတော့ ဒေါက်တာမင်းထင်ကျော်တို့အဖွဲ့နှင့် လူရိုင်းများက ညှပ်ပူးညှပ်ပိတ်တိုက်ခိုက်သောကြောင့် ထွန်းဖေ၊ စံနက်ကျော်၊ သံပချိုင်တို့နှင့် အနည်းငယ်သာကျန်တော့သည့် လူဆိုးများမှာ ထွက်ပြေးသွားရလေတော့သည်။

ထိုသို့ပြေးလွှားရာမှာ မရဏကျောက်ရေအိုင်များအတွင်းကျပြီး လူသားကျောက်ရုပ်ဖြစ်သွားသူများလည်းရှိသည်။ စံနက်ကျော်ပင် ကျောက်ရေအိုင်အတွင်းကျသွားရာ ကြောက်လန့်တကြားထွက်ပြေးရာမှာ တစ်နေရာမှာပင် ကျောက်ရုပ်ဘဝရောက်သွားလေတော့သည်။

ယခုတော့လည်း အရာအားလုံးပြီးသွားခဲ့လေပြီ ..၊

ဒေါက်တာမင်းထင်ကျော် က မာရီယာ ရှိရာသို့ရောက်လာပြီး နှစ်သိမ့်မှုပေးရလေသည်။

"မာရီယာရဲ့အဖေအတွက် စိတ်မကောင်းပါဘူး၊ မာရီယာအတွက်တော့ ကိုယ်တို့ အစစအရာရာ ကူညီစောင့်ရှောက်ပေးပါ့မယ်"

ဟုပြောပြီး မာရီယာလက်ကိုဆွဲပြီး ထူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်မှာတော့ ပက်ထရစ်အလောင်းကို ဂူအတွင်း တစ်နေရာသို့ယူဆောင်သွားပြီး ကောင်းမွန်စွာထားလိုက်ကြသည်။

အားလုံးပြီးတော့မှ ပက်ထရစ် သိမ်းဆည်းထားသော ရွှေငွေရတနာများကို ယူဆောင်ပြီး နောက်ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြသည်။

ယခုတော့လည်း အန္တရာယ်ဆိုးက ပြီးသွားခဲ့လေပြီ ...။





## အခန်း (၁၄)

## ပင်လယ်ပြင်မှ အလှဆုံးအပြုံးရိပ်များ

အန္တရာယ်များကင်းစင်သွားသောအခါ လူရိုင်းများကို နှုတ်ဆက်ပြီး အော်စတာကျွန်းမှပြန်လည်ထွက်ခွာကြလေသည်။ သူတို့သင်္ဘောကျွန်းမှခွာသောအခါ လူရိုင်းများက ကျွန်းထိပ်မှ ရပ်ကြည့်နေကြသည်။

မာရီယာ ကတော့ မျက်ရည်ဝဲသောမျက်လုံးများဖြင့် နှုတ်ဆက်နေလေသည်။

သူမဘဝ၏ အချိန်အတော်များများမှာ ထိုကျွန်းပေါ်မှာပင် ကုန်လွန်ခဲ့ရလေသည်။

ယခုကဲ့သို့ ပြန်လည်စွန့်ခွာသောအခါတွင် ဖခင်ဖြစ်သူ ကျန်ခဲ့သောကြောင့်လည်း ကြေကွဲဝမ်းနည်းနေဟန်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းထင်ကျော် က မာရီယာနှင့်အတူ ကျန်ခဲ့သူများကို တစ်ပါတည်းတင်ခေါ်ခဲ့လေသည်။

ပင်လယ်မင်းသား ဆသော်မှာ အော်စတာကျွန်းနှင့်အတော်ဝေးဝေးသို့ရောက်လာရာ အချိန်ကြာသောအခါ ပင်လယ်ရေပြင်ပေါ်တွင် အစက်အပြောက်မျှသာ လှမ်းမြင်ရတော့သည်။

ဒီဇင်ဘာလ၏ လနှောင်းပိုင်းရောက်နေပြီဖြစ်သဖြင့် ပင်လယ်ရေပြင်မှာ လှိုင်းအိကလေးများသာရှိလေသည်။ ပင်လယ်ပြင်တစ်ခုလုံး သာယာနေသောကြောင့် ခရီးသွားလာရသည်မှာလည်း ခရီးတွင်လေသည်။

ဒေါက်တာမင်းထင်ကျော်တို့အနေနှင့် ၁၉၅၀ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းအချိန်က အော်စတာကျွန်းသို့ရောက်ခဲ့ကြပြီး ယခုလကုန်ခါနီးအချိန်ရောက်မှ ထိုကျွန်းမှ ပြန်လည်ထွက်ခွာလာနိုင်ကြရာ တစ်လနီးပါးအချိန်ကြာမြင့်သော်လည်း ယခုခရီးစဉ်မှာ ရည်ရွယ်ချက်ပြည့်မြောက်သည့်ခရီးတစ်ခုဝင်ဆိုရပေမည်။

သူတို့ရှာဖွေရန်သွားသော ရတနာပစ္စည်းအချို့ ရခဲ့လေသည်။ မိမိနေရပ်သို့ ပြန်ရောက်သောအခါ ထိုရတနာပစ္စည်းများကို ကျွန်းမှ ပြန်ခေါ်လာသူများကို သင့်သလောက်ခွဲဝေပေးမည်ဟုလည်း စိတ်ကူးထားသည်။

ထို့ထက်အရေးကြီးသောကိစ္စ၊ သို့မဟုတ် တာဝန်ကြီးတစ်ခုလည်း သူနှင့်အတူပါလာလေသည်။





အခြားမဟုတ်ပေ …၊

မာရီယာနှင့်ပတ်သက်သောကိစ္စပင်ဖြစ်သည်။

သူမအနေနှင့် အဖေတစ်ခုသမီးတစ်ခုနေကြသောဘဝတွင် ယခု အဖေ မရှိတော့ပေ။ ဆွေမျိုးရင်းချာများလည်းမရှိပေ။

ယခုလောလောဆယ်မှာတော့ ဒေါက်တာမင်းထင်ကျော်ခေါ်ရာနောက်သို့ လိုက်လာခဲ့ပေပြီ။

မာရီယာသည် ဒေါက်တာမင်းထင်ကျော်တို့၏ အသက်သခင်ကျေးဇူးရှင်ပင်ဖြစ်သည်။

ထိုကျေးဇူးရှင်အတွက် သူ့အနေနှင့် အစွမ်းကုန် ကူညီစောင့်ရှောက်ပေးမည်ဟုလည်း ဆုံးဖြတ်ထားလေသည်။

ပင်လယ်မင်းသားသင်္ဘောက သာယာနေသောပင်လယ်ရေပြင်ပေါ်မှာ မှန်မှန်မောင်းနှင်နေရာ အတော်ပင်ခရီးပေါက်ခဲ့ချေပြီ။

ဆည်းဆာရောင်များ သမ်းစပြုလာသော ညနေပိုင်းအချိန်တွင် ကျွန်းများနှင့်ဝေးရာသို့ ရောက်လာပြီဖြစ်သောကြောင့် ကြည့်လေရာ ရေပြင်များသာမြင်ရတော့သည်။

ထို့ထက် သင်္ဘောက မြောက်ဘက်ရူးရူးသို့ဦးတည်လျက်မောင်းနှင်နေရာ လက်ဝဲဘက်အနောက်ဘက်ရေပြင်ပေါ်၌ နေဝင်ချိန်ဆည်းဆာရောင်များတောက်ပနေသည်။ အိပ်တန်းပြန်လာသော ပင်လယ်စင်ရော်များက အနောက်ဘက်သို့ ပျံသန်းသွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မျိုးတွင် အဆုံးအစမမြင်ရသည့် ပင်လယ်ရေပြင်ပေါ်မှာ သွားလာနေကြသူများထဲတွင် အလွမ်းဓာတ်ခံရှိသူများအတွက် လွမ်းချင်စရာပင်ဖြစ်သည်။

မာရီယာက သူမအတွက်ပေးထားသောအခန်းမှထွက်ပြီး သင်္ဘောလက်ရန်းနားမှာ တစ်ယောက်တည်းရပ်နေသဖြင့် ဒေါက်တာမင်းထင်ကျော် က ထိုနေရာသို့လျှောက်သွားလေသည်။

မာရီယာ က သူ့ကိုမြင်တော့ အားနည်းစွာပြုံးပြလေသည်။ သူမမျက်ဝန်းမှာ မျက်ရည်ကြည်များ ရစ်ဝဲနေကြသည်။

"မာရီယာ အဖေအတွက် ဘယ်လောက် စိတ်ထိခိုက်နေရတယ်ဆိုတာ ကိုယ်ချင်းစာမိပါတယ်၊ ဒီအတွက် စိတ်မကောင်းလည်းဖြစ်မိပါတယ်"

"ကျွန်မဘဝက တစ်လျှောက် ကံမကောင်းခဲ့ပါဘူး၊ မွေးကတည်းက ပင်လယ်ပြင်မှာနေခဲ့ရပြီး အခုအသက်အရွယ်အချိန်ထိလည်း ပင်လယ်ပြင်နဲ့ တောထဲတောင်ထဲမှာပဲ ကြီးပြင်းခဲ့ရတယ်၊ မြို့ကြီးပြကြီးဆိုတာ အိပ်မက်ထဲမှာတောင် မမြင်ဖူးခဲ့ပါဘူး၊ ကျွန်မဘဝတစ်လျှောက်လုံးမှာ အဖေကိုပဲ တစ်ကမ္ဘာထင်ပြီးနေခဲ့ရတယ်၊ အခုတော့ အဖေ မရှိတော့ပါဘူး"

ဟု ပြောရင်း ပါးပြင်ပေါ်သို့စီးကျလာသောမျက်ရည်များကို လက်ဖြင့်သုတ်ဖယ်ပစ်လိုက်သည်။

"ပြီးခဲ့တဲ့အကြောင်းတွေကို သိပ်မတွေးပါနဲ့တော့ မာရီယာ၊





ရှေ့လျှောက်ရမယ့်ဘဝခရီးလမ်းကိုပဲ စဉ်းစားစေချင်ပါတယ်"

မာရီယာ ဒေါက်တာမင်းထင်ကျော်မျက်နှာကို မျက်ရည်ဝဲသောမျက်ဝန်းဖြင့်ကြည့်သည်။

"ကျွန်မ ဘာဆို ဘာတစ်ခုမှ မစဉ်းစားတတ်တော့ပါဘူး၊ ဆရာကိုအားကိုးပြီးလိုက်လာခဲ့တဲ့ ကျွန်မဘဝကို ဆရာပဲ ကောင်းသလိုကြည့်ပြီးစီစဉ်ပေးပါတော့"

"ဒီလောက်လည်း အားငယ်မနေပါနဲ့ မာရီယာ၊ ရှေ့ခရီးမှာမင်းအတွက် ဘာမှအခက်အခဲမရှိဘဲ စိတ်ချမ်းသာမှုရှိအောင်စီစဉ်ပေးပါ့မယ်"

"ဟင် .. ဆရာက ဘယ်လိုစီစဉ်ပေးမှာလဲဟင် .."

ဒေါက်တာမင်းထင်ကျော်က သူမအနီးသို့တိုးကပ်သွားပြီး သင်္ဘောလက်ရန်းပေါ်မှာတင်ထားသော သူမလက်ပေါ်သို့ သူ့လက်ဖြင့်အုပ်ကိုင်လိုက်သည်။

မာရီယာ မျက်လုံးရွဲကြီးဖြင့်မော့ကြည့်သည်။

"အားကိုးမရှိတဲ့မင်းဘဝကို တစ်သက်လုံးစိတ်ချမ်းသာမှုရအောင် တာဝန်ယူသွားဖို့ ကိုယ် ဆုံးဖြတ်ထားပြီးပါပြီ"

"ဟင် ... ဆ .. ဆရာက ဒီလိုပဲဆုံးဖြတ်ထားတယ်၊ ဟုတ်.. ဟုတ်လားဟင် ..."

"ဟုတ်ပါတယ်၊ ကိုယ်ကတော့ ဒီလိုပဲဆုံးဖြတ်ထားပါတယ်၊ မင်းဘက်က ဆုံးဖြတ်ပေးဖို့ပဲလိုတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက ဘယ်.. ဘယ်လိုဆုံးဖြတ်ရမှာလဲ"

"ကိုယ်ပြောတဲ့သဘောကို လက်ခံ မခံ ဆုံးဖြတ်ပေးရမှာပေါ့"

"အဲဒီလိုမဆုံးဖြတ်ခင် အရေးကြီးတာတစ်ခု ရှိဦးမယ် မဟုတ်လားဟင် ..."

"ဘာများလဲဟင် ..."

"ကျွန်မကတော့ ဒီအကြောင်းတွေကို မသိပါဘူး၊ သိပ်လည်းနားမလည်ပါဘူး၊ ဒါကြောင့် ဆရာ သိရင် ပြောပြပါ၊ အဲဒါ ဘာလဲဟင် ..."

မာရီယာ က တကယ်နားမလည်၍ မေးတာပဲလား ...၊ ဒါမှမဟုတ် သိပါလျက်နှင့် အပြောရခက်နေသဖြင့် တမင်ပြောသလားတော့မသိပေ ..၊

လိမ္မာပါးနပ်စွာဖြင့် ဒေါက်တာမင်းထင်ကျော်ကိုပင် အပြောနိုင်းသဖြင့် သဘောကျစွာပြုံးလိုက်သည်။

"အဲဒါ တခြားမဟုတ်ပါဘူး၊ အချစ်ပါပဲ .. အချစ်မရှိဘဲနဲ့ ဘဝထူထောင်လို့မရပါဘူး၊ တကယ်ဆိုရင် မင်းက အချစ်ကို မသိသေးဘူးဆိုပေမယ့် နှလုံးသားကတော့ သိနေပုံရတယ်၊ ဒါပေမယ့် အချစ်က တစ်နေရာမှာပုန်းနေလို့ မင်း မသိတာဖြစ်ပါလိမ့်မယ်"

"ဆရာက ဘယ်လိုသိနေတာလဲဟင် ..."





"မင်းက အချစ်ကိုမသိသေးဘူးလို့ပြောနေတဲ့အချိန်မှာ မျက်လုံးထဲမှာ အချစ်ရဲ့အရိပ်အယောင်တွေကိုတွေ့ရသလိုပဲ"

ဟုပြောလိုက်ရာ မာရီယာ က ဆည်းဆာရောင်များသမ်းနေသော ပင်လယ်ရေပြင်ရှိရာသို့ ကစ်ချက်ကြည့်ရင်း သက်ပြင်းချလိုက်သည်။

"ကျွန်မဘဝမှာ အားကိုးရာမဲ့နေတာမို့ စောင့်ရှောက်ပေးမယ်လို့ပြောတာလား ဆရာ"

"မဟုတ်ပါဘူး၊ စိတ်ထဲက နှစ်သက်နေတာကြောင့်အပြင် တစ်သက်လုံးလက်တွဲသွားဖို့ ဆုံးဖြတ်ချက်ချပြီးမှပြောတာပါ"

"အမှန်ပြောရရင် ကျွန်မလည်း ဆရာ့ကို မြင်မြင်ချင်းမှာပဲ အားကိုးထိုက်တဲ့လူတစ်ယောက်လို့ထင်ခဲ့မိတယ်၊ နောက်တော့ အားကိုးချင်လာတယ်၊ အခုတော့ တကယ်ပဲ တစ်သက်လုံး အားကိုးခွင့်ရတော့မှာပေါ့နော်"

ဒေါက်တာမင်းထင်ကျော် က ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"မင်းဘက် ဆုံးဖြတ်ချက်ချပြီးရင်တော့ ကိုယ်တို့နှစ်ယောက်ရဲ့ဘဝခရီးကို စလို့ရပါပြီ"

"ဒီစကားကြားရတာ ကျွန်မ တကယ်ပဲဝမ်းသာမိပါတယ် ဆရာရယ်၊ဟိုးအနောက်ဘက်မှ နေဝင်ချိန်ဆည်းဆာရောင်တွေ ချုပ်ငြိမ်းကြတော့မယ်၊ ကျွန်မရင်ထဲမှာတော့ ဘဝသစ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အတွက် မျှော်လင့်ချက်ရောင်ခြည်သစ်တွေ တောက်ပလာသလို ပဲခံစားရပါတယ်''

''မာရီယာရယ် .. မင်းပြောတဲ့ ဘဝဒဿနတွေက ကောင်းလွန်းလို့ ကိုယ်တောင် ဘယ်လိုပြန်ပြောရမှန်းတောင်မသိတော့ပါဘူး''

ဟု ပြောပြီး သူမကိုယ်လေးကို ထွေးဖက်လိုက်ရာ မာရီယာက အလိုက်သင့်ပင် ရင်ခွင်ထဲရောက်လာပြီး တိုးတိုးလေးပြောလိုက်သည်။

''ဒါတွေကို အချစ်ကသင်ပေးခဲ့တာပါပဲ မောင်ရယ် ...''

ယခုတော့လည်း နေဝင်ချိန်တိမ်တောက်နေသောအလှများကဲ့သို့ သူတို့နှစ်ယောက်၏ဘဝမှာလည်း မျှော်လင့်ချက်ရောင်ခြည်များဖြင့် လှပတင့်တယ်ခဲ့ချေပြီ။

နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ပင်လယ်ပြင်မှာ ထူးခြားမှုတစ်ခုတွေ့ရသောကြောင့် ဦးမွန်ထော် က လာပြောသည်။

''မောင်ထင်ကျော် ကျုပ်တို့သင်္ဘောရဲ့နောက်တည့်တည့်မှာ သင်္ဘောတစ်စင်း စက်ကုန်ဖွင့်ပြီး မောင်းလိုက်လာတယ်''

ဟု လာပြောသဖြင့် အပြင်သို့ထွက်ပြီး အဝေးကြည့်မှန်ပြောင်းဖြင့်ကြည့်လေသည်။

သူတို့ သင်္ဘောနောက်တည့်တည့် ပင်လယ်ပြင်တစ်နေရာတွင် သင်္ဘောတစ်စင်း၏ပုံရိပ်တစ်ခုကိုမြင်ရသည်။





ပင်လယ်ပြင်မှာ ခရီးသွားလာနေသည့်သင်္ဘောတစ်စင်းကို တွေ့ရသည်မှာ အဆန်းမဟုတ်သော်လည်း ထိုသင်္ဘောက သူတို့သင်္ဘောနောက်မှ လိုက်လာခြင်းဖြစ်၏။

''ပင်လယ်ဓားပြတွေဖြစ်နိုင်တယ်၊ ကျွန်တော်တို့သင်္ဘောနောက်ကနေလိုက်လာတာ ..''

''ဟုတ်တယ်၊ သူတို့သင်္ဘောက စက်အား ပိုကောင်းပုံရတယ်၊ တဖြည်းဖြည်းနီးလာပြီ''

''ဘာပဲဖြစ်ဖြစ် သေနတ်တွေကို အဆင်သင့်လုပ်ထားကြပါ၊ အကြောင်းရှိရင်တော့ လက်မနှေးကြစေနဲ့''

ဟုပြောလိုက်ရာ အားလုံးမှာ တက်တက်ကြွကြွနှင့်လက်နက်များပြင်ဆင်ကြသည်။

အချိန်ကလည်း မိုးလင်းပိုင်းအချိန်ရောက်လာပြီဖြစ်သောကြောင့် ပင်လယ်ပြင်မှာ အလင်းရောင်များတက်လာချေပြီ၊ အရှေ့ဘက်ကောင်းကင်ပြင်မှာ နေရောင်ခြည်များ လင်းလာချေပြီ။

အလင်းရောင်ရလာပြီဖြစ်သောကြောင့် နောက်မှလိုက်လာသောသင်္ဘော၏ပုံရိပ်ကို ပီပီပြင်ပြင်မြင်ရလေပြီ။

ဒေါက်တာမင်းထင်ကျော် က မှန်ပြောင်းဖြင့်ကြည့်ရင်း အံ့သြသွားသည်။

''ဟင် .. သံပချိုင် တို့ပါလား''



www.burmeseclassic.com

www.burmeseclassic.com



"သူတို့သင်္ဘောက ပင်လယ်ဓားပြသင်္ဘောဆိုတော့ စက်အားကောင်းနေတာဖြစ်မယ်၊ ဒါထက် သူတို့က ဘာကြောင့် လိုက်လာတာလဲ"

"ဒီသင်္ဘောပေါ်မှာ ရွှေငွေရတနာတွေပါလာမယ်ထင်ပြီး လိုက်လုကြတာဖြစ်မှာပေါ့"

"ဘာပဲဖြစ်ဖြစ် အနားရောက်လာရင်တော့ အယုံ့သွင်းပြီး အနားကပ်လာဖို့ကြိုးစားလာရင် အနားကပ်မခံကြဖို့အရေးကြီးတယ်၊ နောက်တစ်ချက်က ရှေ့သူနဲ့တွေ့တဲ့အခါ လက်မနှေးကြဖို့ အရေးကြီးတယ်"

"စိတ်ချစမ်းပါ မောင်ထင်ကျော်ရယ်..၊ အပွဲ့ပွဲ့နွဲ့လာကြတာပဲ .. ဒီကောက်ရိုးရိုမ်စရာမရှိပါဘူး"

နေ့လယ်ပိုင်းအချိန်ရောက်သောအခါ နောက်မှလိုက်လာသောသင်္ဘောက မီလာတော့သည်။

သံပချိုင်တို့ သင်္ဘောပင်ဖြစ်၏။

သင်္ဘောနှစ်စင်းမှာ စက်အားချင်းမကွာလှသော်လည်း သံပချိုင်တို့သင်္ဘောက အနည်းငယ်စက်အားပိုကောင်းသဖြင့် နေ့ဝက်ခန့်အချိန်ကြာလာသောအခါတွင် တဖြည်းဖြည်းနှင့် နီးကပ်လာခြင်းဖြစ်သည်။

သူတို့သင်္ဘောနီးလာသည်နှင့် အားလုံးက အကာအကွယ်ယူပြီး အသင့်ပြင်ထားလိုက်ကြသည်။





သင်္ဘောချင်းနီးလာသောအခါ ဦးပိုင်းမှာရပ်နေကြသည့် သံပချိုင်နှင့်ထွန်းဖေတို့ကို လှမ်းမြင်ရသည်။

၄င်းတို့သင်္ဘောပေါ်မှာ လူအင်အားများများပါလာဟန်တော့ မရှိပေ ...၊

ကျွန်းပေါ်မှာ အတော်များများသေပြီးကျန်နေခဲ့သဖြင့် အနည်းငယ်သာပါလာဟန်ရှိသည်။

မနီးမဝေးရောက်တော့ သံပချိုင် က လှမ်းပြောသည်။

"ခင်ဗျားနဲ့ကျုပ်နဲ့ ကတိရှိကြတဲ့အတိုင်း ကျွန်းပေါ်ကရလာတဲ့ ရတနာတွေကို တစ်ဝက်ခွဲပေးခဲ့ပါ"

"ဒီ ရလာတဲ့ပစ္စည်းတွေက ကျုပ်တို့သွားရှာတဲ့ပစ္စည်းတွေမဟုတ်လို့ ခင်ဗျားတို့ကို ခွဲမပေးနိုင်ပါဘူး"

"ဒီလိုဆိုရင်တော့ မိတ်ဆွေအဖြစ်ကပယ်ဖျက်ပြီး အကြမ်းဖက်တိုက်ခိုက်ရမှာပဲ"

"ခင်ဗျားနဲ့ကျုပ်နဲ့က အစကတည်းက မိတ်ဆွေတွေမှမဟုတ်တာ .. ခင်ဗျားအနေနဲ့ အကြမ်းဖက်တိုက်လာရင်တော့လည်း ကျုပ်တို့က ခေါင်းငုံ့ခံနေမှာမဟုတ်ဘူး"

ထိုသို့ပြောနေစဉ် ထွန်းဖေ ကပါ ဒေါသတကြီးအော်ပြောနေသည်။

"ခင်ဗျားက မတိုက်နဲ့ဆိုရင်လည်း တိုက်ခိုက်ရမှာပဲ၊ ခင်ဗျားတို့ သင်္ဘောပေါ်မှာ မာရီယာ ပါလာတယ်ဆိုတာ ကျုပ်သိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတော့ မရရအောင်ယူရမှာပဲ၊ နောက်ပြီး ကျုပ်တို့အားလုံးပိုင်ဆိုင်တဲ့ ရွှေငွေရတနာတွေကိုလည်း သူယူလာတယ်၊ မရ ရတဲ့နည်းနဲ့ ပြန်ယူရမယ်ဟော့ ...''

ဟု အော်ပြောရင်း လက်ထဲမှသေနတ်ဖြင့် လှမ်းပစ်လေသည်။

ထိုအခါ အသင့်စောင့်နေသောသူတို့အဖွဲ့သားများကလည်း ပြန်လည်ပစ်ခတ်ကြရာ ပင်လယ်ပြင်တစ်ဝိုက်မှာ သေနတ်သံများဆူညံသွားတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့က ရှေ့တွင်ရောက်နေသဖြင့် အခွင့်အရေးအနည်းငယ်သာနေသည်။

သံပချိုင်တို့ သင်္ဘောက စက်အားအနည်းငယ် ပိုကောင်းသဖြင့် သင်္ဘောချင်းပူးကပ်ရန်ကြိုးစားလေသည်။

သို့သော်လည်း ဦးမွန်ထော်၏ဟက်မကိုင်ကျွမ်းကျင်မှုကြောင့် အနားကပ်၍မရနိုင်ဘဲဖြစ်နေသည်။

သင်္ဘောချင်းကပ်မရသဖြင့် အဝေးမှသာ သေနတ်များဖြင့်ပစ်ခတ်ကြရသဖြင့် ထိရောက်မှုတော့မရှိလှပေ။

ထိုအချိန်မှာပင် ဒေါက်တာမင်းထင်ကျော်က အဝေးပစ်သေနတ်ဖြင့် တက်မကိုင်သူကို ပစ်ချလိုက်ရာ ပက်လက်လန်ကျသွားလေသည်။

တက်မကိုင်သူမရှိတော့သဖြင့် သင်္ဘောက ချာချာလည်ပြီး နောက်မှကျန်ခဲ့လေသည်။





သို့သော်လည်း အတန်ကြာသောအခါ နောက်မှလိုက်လာပြန်လေသည်။

မနီးမဝေးရောက်သည်နှင့် သေနတ်များဖြင့် သဲကြီးမဲကြီးပစ်ခတ်ကြပြန်သည်။

ညနေပိုင်းအချိန်ရောက်သောအခါ ကိုကိုးကျွန်းနှင့်နီးသော နယ်နိမိတ်အတွင်းသို့ရောက်လာကြသည်။

ထိုနေရာတစ်ဝိုက်တွင် ကမ်းခြေစောင့်တပ်ဖွဲ့သင်္ဘောများရှိနေမှန်းသိသဖြင့် ဦးမွန်ထော်က ထိုနေရာသို့ဦးတည်ပြီးမောင်းလေသည်။

သံပချိုင်တို့က လောဘဇောကြောင့် နောက်မှလိုက်မြဲလိုက်လာကြသည်။

ကိုကိုးကျွန်းနယ်နိမိတ်သို့ရောက်သောအခါ ကမ်းခြေစောင့်သင်္ဘောတစ်စင်းမောင်းထွက်လာသည်။

ထိုအခြေအနေကို မြင်တော့မှ သံပချိုင်တို့မှာ ဘေးလွတ်ရာသို့ထွက်ပြေးရန်ကြိုးစားကြသည်။

ရေတပ်သင်္ဘောကလည်း နောက်မှလိုက်သွားလေသည်။ စက်ရပ်ပြီး အဖမ်းခံရန် အတန်တန်ပြောသော်လည်း မရသဖြင့် အမြောက်ဖြင့်ပစ်ခတ်ရာ သင်္ဘောပဲ့ပိုင်းကိုထိမှန်းပြီး နစ်မြုပ်ပျက်စီးသွားလေတော့သည်။

ဒေါက်တာမင်းထင်ကျော်တို့လည်း ၄င်းတို့ပင်လယ်မင်းသား



www.burmeseclassic.com

www.burmeseclassic.com



သဘော်ကို စက်ရပ်ပြီး အခြေအနေကိုကြည့်နေကြသည်။သံပချိုင်တို့သဘော်ာ ရေအောက်သို့နစ်မြုပ်သွားတော့မှ ထိုနေရာမှ ဆက်မောင်းခဲ့ကြလေသည်။

ဘေးအန္တရာယ်များကင်းသွားပြီဖြစ်သောကြောင့် အားလုံးပြုံးနိုင်ကြလေပြီ။

ထို့ထက် ...

ပင်လယ်ပြင်ပေါ်မှာ တောက်ပသောအလင်းရောင်များနှင့်အတူ ဒေါက်တာမင်းထင်ကျော်နှင့်မာရီယာတို့၏ အပြုံးများမှာလည်း လှပနေကြလေပြီ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော ...

(ပုဏ္ဏကကျွန်းမှ မရဏကျောက်ရေအိုင်) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

*အနီယာယောဂတ သုခ်အတ္တာအံ့ ပရိဟာရမျှ*

ဟိုဇက္က

တပြီးချိန်။ ။ ၂၀၁၁ ခုနှစ်၊ မေလ ၉ ရက်၊ တနင်္လာနေ့ နံနက် ၉ နာရီ အချိန်။

မြွေဘဝင်တာပြ

BURMESE CLASSIC .com

www.burmeseclassic.com